
www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

ဆင်သမားဝတ္ထုတိုများ

# ယောနကတိုးအောင်

လှသစ်အောင်၊အင်းလျား



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၁၉၉၈ ခုနှစ် စာပေဗိမာန်စာမူဆု
ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ

# ဆင်သမားဝတ္ထုတိုများ

ယောနတ ဘိုးထောင်

တည်းဖြတ်သူ – ဦးညွန့်ဟံ (တာဝန်ခံစာတည်း)
ဒေါ်ကျင်ရွှေ (စာတည်း)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာ

ကျွန်တော်သည် လူ့ပတ်ဝန်းကျင်တွင် ထိတွေ့ခံစားနေရသော လူသား ဇာတ်ဆောင်တို့၏ လူ့စရိုက်များကို ပကတိအရှိအတိုင်း ရေးဖွဲ့ရန် ကြိုးစား အားထုတ်လျက်ရှိပါသည်။ "ဟတ္ထိအလင်္ကာ" ဆိုသော ဆင်များ အကြောင်းကို တန်ဆာဆင် ခြယ်သစီကုံးခြင်းကို ရှေးကဦးပုညက ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ရေးခြယ်ခဲ့ဖူးပါသည်။ ယနေ့ခေတ်တွင် ဆင်အကြောင်း၊ ဆင်သမားအကြောင်း ဝတ္ထုအဖွဲ့အနွဲ့များကို တွေ့ရခဲလှပါသည်။

BURMESE CLASSIC

ကျွန်တော့်မွေးရပ်ဇာတိမြေတွင် ဆင်သမားဘဝ၊ ဆင်အကြောင်းကို ငယ်စဉ်ကပင် နားရည်ဝနေခဲ့ပါသည်။ ဘဝထိုထိုတွင် ကျင်လည်နေကြသော ဆင်သမား လူသားဇာတ်ဆောင်တိုင်းကို ရိုးစင်းစွာ စေတနာဖြင့် တင်ပြလိုရင်း အဓိကဖြစ်ပါသည်။ ကျွန်တော်ဆင်သမားဘဝကို ကြိုးစား ရေးဖွဲ့ထားသော ဤဝတ္ထုတို (၁၀) ပုဒ်ကို "ဆင်သမားဝတ္ထုတိုများ" ဟုအမည်ပေးထားပါသည်။

ဆင်မမား လူသားတိုင်း နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ဤဆင်သမား ဝတ္ထုတိုဆယ်ပုဒ်ဖြင့် စာပေလောကမှ သင်ဆရာ၊မြင်ဆရာ၊ ကြားဆရာ များနှင့် ကျေးဇူးရှင် မိဘနှစ်ပါးကို ရှိခိုးကန်တော့ပါ၏။

**ယောနုဇာ ဘိုးထောင်**

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | မာတိကာ |
| --- | --- | --- |
| ၁။ | ဗ – ဗလကြီး ဆင်ပြောင်စီး... ... ... ... | ၁ |
| ၂။ | ကျားကြီးခြေရာကြီး ... ... ... ... ... | ၁၈ |
| ၃။ | လွှမ်းဖွယ်မြိုင်ခြေမြူခိုးဝေ ... ... ... ... | ၃၆ |
| ၄။ | မျိုးဆက်သွေးလောင်း ဆင်မျိုးကောင်း ... | ၅၃ |
| ၅။ | မေတ္တာမပျက် သစ္စာငှက် ... ... ... ... | ၆၅ |
| ၆။ | တောကြီးမာယာ သဲကိုးဖြာ... ... ... ... | ၇၈ |
| ၇။ | မေတ္တာရေစီး မိခင်ကြီး ... ... ... ... ... | ၉၆ |
| ၈။ | ငြိမ်းချမ်းပါစေ ဆင်ကြီးတွေ ... ... ... | ၁၁၃ |
| ၉။ | ပင်စင်အငြိမ်းစား ဆင်အိုများ ... ... ... | ၁၃၁ |
| ၁၀။ | ဆင်ဆိုသည်မှာ မင်္ဂလာ ... ... ... ... | ၁၅၂ |


www.burmeseclassic.com

www.burmeseclassic.com

# ဗ ...ဗလကြီး ဆင်ပြောင်စီး

ရာသီက ဆောင်းနှောင်းရာသီ။ နှင်းလက်ကျန်ကလေးတွေက သစ်ရွက်အဖျားတွင်" ယိုးလေးခိုစီးနေကြသည်။ နှင်းရည်သောက်၍ တောပန်းတောင်ပန်းတို့ကလည်း ဖူးငုံပွင့်လန်း နေကြသည်။ မြူနိုးဝေ့ဝေ့တောင်ခြေ တံတိုင်းကြီးတွေကလည်း မပီဝိုးဝါးဆေးသားပန်းချီ မပီမပြင်ဖြစ်နေသည်။ နွေဦးလေရှူး ကလေးတွေကတသွေးသွေး။ တအေးအေးနှင့် နှင်းမြူဖွေးဖွေးများကို သယ်ဆောင်လာကြသည်။ ရှစ်ခွင်တိုင်းတွင် ညိုမှိုင်းနေသည်။ ပြာရီမှန်လဲ့နေသော ပုံတောင်ပုံညာတောင်တန်းကြီးမှာ မြွေကြီးတစ်ကောင်လို တွန့်လိမ်နေပါသည်။ ကြည့်လိုက်တိုင်း တောင်တန်းကြီးများသည် ပြာလဲ့လဲ့မှ ပြာမှိုင်းမှိုင်းဖြစ်လာသည်။ ပြာမှိုင်းမှိုင်းမှ ခရမ်းရောင်သို့ ပြောင်းလာ၏။ ခရမ်းရောင်မှ တဖြည်းဖြည်း အစိမ်းရောင်စဉ်တန်းသို့ ရောက်လာသည်။ တောင်တန်းပေါ်တွင် မြစိမ်းရောင်သစ်တောကြီးတွေက ဖုံးအုပ်ထားသည်။ တောင်ပေါ်တွင် အေးမြမြရှိလှသည်။ ကျွန်းပင်၊ ပိတောက်ပင်၊ အင်ပင်၊ အင်ကြင်းပင်၊ သစ်ရာပင်၊ သင်းဝံပင်၊ သင်ဖလန်းပင်၊ ရုံးပင်၊ သန်းပင်၊ နှော့ပင်ဟူ၍ အမည်စုံစုံသစ်မျိုးစုံပေါက်ရောက်နေကြသည်။ လှသော ဝသော စည်ပင်သော သစ်ပင်ကြီးတို့က နွယ်ချင်းယှက်၍ မိုးမြင့်ထက်သို့ တက်လျက်ရှိသည်။

သည်တောကြီး တောင်ကြီးများအတွင်း၌ တောင်ပေါ်ရွာက ယောနယ်သူ ယောနယ်သားတို့ အလုပ်လုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ချောင်းစပ် လျှိုမြောင်များ၌ စပါးစိုက်ကြသည်။ တောင်စောင်းတစ်ခိုမှာ နှမ်း၊ ပဲ၊ ဝါ၊ ပြောင်း သင့်ရာစိုက်ကြသည်။ အများစု ရွာသားတို့က သစ်ခုတ်၊ သစ်ထုတ်၊ ဝါးခုတ်၊ နီးဖြာလုပ်ငန်းများ လုပ်ကိုင်ကြသည်။ တစ်ချို့ ရွာသား တို့သည် ကြက်၊ ခါ၊ ချိုး တယ် ကြသည်။ အများစုမှာ သစ်တောအလုပ်သမားများ ဖြစ်ကြသည်။ တောရှင်းအလုပ်သမားများ၊ ကျွန်းခင်း အလုပ်သမားများ၊ သစ်ခုတ် အလုပ်သမားများ၊သစ်ထုတ် အလုပ်သမားများ၊ ဆင်သမားများ ဟူ၍ ခွဲခြားနိုင်ပါသည်။ ဆင်သမားများသည် ပို၍သနားစရာ ကောင်းသည်။ ယောရွာများတွင် မနေကြရချေ။ တောတောင်များအကြား ဆင်ဝိုင်းများတွင် မိသားစုများပါ ပြောင်းရွှေ့နေကြရသည်။ တစ်နှစ်နေ၍ ရွာသို့မရောက်နိုင်၊ တောထဲတောင်ထဲမှာပင် မွေး၊ ကြီး၊ သေကြရသည်။ နေကြရသည်။

"ဟေ့ ဗလကြီး၊ ဆင်ကောက်ခဲ့ပြီး ပြီလားကွ၊ လူလေးရ။ ဆင်တို့ချောင်းထဲ ခေါ်သွားပြီးတော့ ရေချလိုက်အုံးဟေ့"

"ဖေ့အယ်ရေ …ဖေ့အယ်။ ကျုပ်ဆင် ရေချလိုက်မယ်။ ဆင်ကောက်ရင်းနဲ့ လဲလူရှက်နဲ့ ကင်ပလင်းရှက်တွေ လို့ ခူးလာတယ်။ ရော့ရော့။ ဟဲ့ … ကောင် ဒီဆင်ပြောင်ကြီး။ မက် …မက် …မက် … ဆိုကွာ။ ချွန်းနဲ့ ချိုတ်လိုက်ရ …ဟင်း"

ဗလကြီးနှင့် အဖေဉာဏသည်ပင် ထောင်ဆင်ဝိုင်းတွင် နေကြသည်။ ဗလကြီးကို မွေးမွေးချင်းမှာပင် သူ့အမေ မသံခဲ သေခဲ့ရရှာ၏။ အမေ မသံခဲ သေရပုံမှာ အမည်တပ်စရာ ရောဂါ မရှိ။ ဘာရောဂါဟူ၍လည်း သူတို့မသိလိုက်ကြ၊ မသံခဲ အလောင်းကို ဗုဒ္ဓဘာသာ ထုံးစံအတိုင်း သရဏဂုံတောင် မတင်



လိုက်ရ။ ဖျာလိပ်ပတ်ကာ ချောက်ကိုးစွတ်ခဲ မြေမြှုပ်လိုက်ရသည်။ တစ်ချို့က ငှက်ကိုင်သည်။ တချို့ကတော့ အပလိုက်၍ မယ်သံခဲ သေသည်ဟု ယူဆကြသည်။ အဘယ်သို့ဆိုစေ အဖေ ဉာဏကို ဗလကြီး မိတဆိုးဘဝဖြင့် ရင်ငွေ့လှုံကာ ကြီးပြင်းလာခဲ့ရသည်။ အဖေ ဉာဏသည် သားဗလကြီးကို အသက်တမျှ ချစ်၏။ ရွာမှ မယ်သံခဲ၏အမေ၊ ဦးဉာဏယောက္ခမ၊ ဗလကြီး၏ အဘိုးအဘွားတို့ လာခေါ်သော်လည်း ပေးမမွေးပါဘဲ မိမိလက်ပေါ်တွင် ကြီးပြင်းစေခဲ့သည်။ နွားနို့၊ ဆိတ်နို့၊ ထမင်းရေကိုသောက် မွေးခဲ့ရသောဗလကြီးသည် လူကောင်ထွားလှသည်။ ယခု လူပျိုပေါက် ဖားဖား အသက် ၁၉ နှစ် ရောက်သော်လည်း အဖေ ဉာဏကို နွဲ့ဆိုးဆိုးချင်သေးသည်။ တောထဲ တောင်ထဲနေခဲ့ရ၍ စာပေဆို၍ နကန်းတစ်လုံးမျှ မသိခဲ့ပေ။ ကကြီး ခကွေး ပုတ်လောက်ရေးပြ သော်လည်း ဗလကြီးသည် ငှက်ပျံဟူ၍ပြောမည်သာ။

သို့သော် ဗလကြီးသည် ဆင်ဖမ်း၊ ဆင်ထိန်း၊ ဆင်ကျောင်း တွင်ပါရဂူမြောက်သည်။ သစ်လုံးကို တောတောင် အထပ်ထပ်က ရေသို့ချလျှင် သူကျွမ်းကျင် လိမ္မာသည်။ ဆင်ဝိုင်းတွင် မွေး၊ ဆင်ဝိုင်းတွင်ကြီးသော ဗလကြီးက ဆင်ကျောင်းတွင် မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ ဂုဏ်ထူးထွက်၍ ပါရဂူဘွဲ့အထိပင် တက်ယူလိုက်နိုင်သည်။ ဆင်ဝိုင်းဆိုသည်မှာ ဆင်နှင့်အလုပ်လုပ်ကြသော ဆင်သမားတို့ စုပေါင်းဝိုင်းဖွဲ့နေသောနေရာ ဖြစ်သည်။ ဆင်တစ်စီး၌ ဆင်ဦးစီး တစ်ယောက်ရှိ၏။ ပဲ့ချိတ် တစ်ယောက်ရှိ၏။ ဆိုးသော ဆင်တွင် လှံကိုင်ဆိုသော နောက်လိုက်တစ်ဦးထပ်၍ ပေးထားရသည်။ ဆင်ခေါင်းတစ်ဦးဖြစ်ဖို့ ဘယ်တက္ကသိုလ်မှ သင်ကြားရယူ

www.burmeseclassic.com

www.burmeseclassic.com

နိုင်မည်မဟုတ်။ တောမြိုင်စိမ့်စမ်း ခင်တန်းတောစခန်း ဘဝ တက္ကသိုလ်တွင် သင်ကြားရလေသည်။ ဆင်နောက်လိုက်၊ ပဲချိတ်၊ လုံကိုင်၊ ဆင်ဦးစီးဘဝများတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သူ ဖြစ်ပြီး အနည်းဆုံးလုပ်ငန်း အတွေ့အကြုံ ၁၀ နှစ်ထက်မနည်း ရှိဖို့ လိုသည်။ ဆင်ဦးစီးများအပေါ် အုပ်ချုပ်ရသူလည်း ဖြစ်သည်။ ဆင် ၁၀ စီးမှာ လူ နှစ်ယောက်နှုန်းနှင့် လူ နှစ်ဆယ်၊ အိမ်ထောင်စု ၂၀ ခန့် စုဝေးနေကြရသည်။ လူပျိုလူလွတ်များက လူပျိုဆောင် သဖွယ် အိမ်တစ်အိမ် နေကြရသည်။ ဆင်ဝိုင်းသည် တောကြို တောင်ကြား ချောက်ကြိုမြောင်ကြား တစ်နေရာမှတစ်နေရာ ပြောင်းရွှေ့နေထိုင်ကြရသည်။

ရွှေ့လျားနေသော ရွာကလေးများသဖွယ် ဖြစ်နေတော့ သည်။ တစ်ရွာကို တစ်ကျိုးဆောက်ဆိုသလို အမြဲပြောင်းရွှေ့ ကြရသည်။ ရေကြည်ရာ မြက်နုရာအရပ်ကို တရစပ်သွားလာ နေကြရ၏။ ဆင်ဝိုင်းတွင် ဆင်သမား မိသားစုများရှိသည်။ ဆင်သမားတို့၏ သားသမီးကလေးများလည်း ရှိကြသည်။ တော တောင်လျှိုမြောင်တွင်း၌သာ နေရသော ဆင်ဦးစီး၊ ဆင်သမား များအဖို့ သားသမီးကလေးတွေကို ပညာသင်ပေးဖို့ ဆိုသည်မှာ မစဉ်းစားနိုင်။ ဝမ်းသမုဒ္ဒရာအတွက် ကျွေးမွေးဖို့ပင် မနည်း ကြိုးစား လုံးပမ်းနေကြရသည်။ ဆင်ဦးစီး ဦးညာဏသည် အမည်နှင့်မလိုက် ဖက်ဘဲ ကာယခွန်အားကြီးနှင့်သာ အရင်းတည်၍ အသက်မွေးရ သည်။ မိတဆိုး သားယောကျ်ားလေး ဗလကြီး၏ရှေ့ရေးကိုတွေး ၍ ရင်လေးနေခဲ့ရသည်။



ကျွေးမွေးရမည့်အရေး၊ ထိန်းကျောင်းရမည့်အရေး၊ ရှင်ပြု အလှူပေးရဦးမည့်အရေး တွေးကာ သက်ပြင်းချခဲ့ရပူးပြီ။ မယ်သံခဲ ခိုဝင်တုန်းက ဦးညာဏအတွက် မောင်တစ်ထမ်း မယ်တစ်ရွက် ဒူးတူပေါင်ဖက် လက်တွဲ ညီနေခဲ့သည်။ မမျှော်လင့်ဘဲ ဘဝဝဲ အတွင်းမှ မယ်သံခဲကိုမရဏသေမင်း အတင်းဆွဲခေါ် သွားခဲ့သည်။ ပျော် ကောင်းတုန်း၊ ကြည်နူးရွှင်ပျဘဝ ချမ်းသာမှုလေး မဆုံး သေးခင် ဦးညာဏတစ်ယောက် အထီးကျန် ဖြစ်နေခဲ့ရတော့သည်။ ဘဝ ခရီးကြမ်းလမ်းပေါ် ဝယ် တစ်ယောက်တည်း လျှောက် လှမ်းလာခဲ့ရသည်။

“ဖေအယ် ဘာငေးနေတာလဲ၊ ရေသွားချိုးလေဗျာ။ ကျုပ် ထမင်းပွဲ ပြင်လိုက်မယ်”

“ဟေ့ ဗလကြီး ဆင်ပြောင်ကြီးကို ထူးအေးသာအချာ ခတ်ခဲ့ ရဲ့လား သားကြီးရဲ့”

“ခတ်ခဲ့ပါတယ် ဖေအယ်ကလဲ”

“ထူးလွှတ်ပြီးတော့ ဟိုရွာစပါးခင်းတွေ၊ ယာခင်းတွေ ဝင်စားမှ လစာလေး ပြုတ်သွားအောင် လျှော်ပေးရအုံးမယ် သားကြီးရ”

“ဖေအယ်ကလည်း ကျုပ်တစ်ခုက် ဆင်ပြောင်ကြီးကို အိုင်အနိုင် ပဲချိတ်လုံကိုင် လုပ်လာတာပါဗျာ”

“အေး...အေး ပါ ရေသွားချိုးလိုက်အုံးမယ်ဟေ့”

[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



အထိ ပင်ထောင်ချောင်းကြီးကိုအစွဲပြု၍ ပင်ထောင်တယ်ဟု ခေါ်သည်။ ထိုဒေသတွင်မှ ဆင်ဝိုင်းပေါင်း ၁၄ ဝိုင်းရှိသည်။ ဆင်ခေါင်းတစ်ဦးစီက အုပ်ချုပ်၍ဆင်ပေါင်း ၈၄ ကောင်ရှိသည်။ ဘဝတူကျွဲရှည်းပေါင်း ၁၂၀ ကျော်လည်း ရှိသေးသည်။ စုစုပေါင်း အလုပ်သမားပေါင်း ၃၀၀ ကျော် ရှိသည်။ ယခုနှစ်အဖို့ ဆင်းရဲပင်ပန်း၍ စီးပွားရေးချို့တဲ့ရှာသော ဆင်သမားများ၏ သားငယ်တွေကို ရှင်ပြုဖို့စီစဉ်ကြသည်။ ဦးဉာဏသည်လည်း သားဗလကြီးအတွက် ရှင်ပြုအလှူ စိတ်ကူးယဉ် အိပ်မက် မက်နေသည်။ စိတ်ကူးယဉ် သားရှင်ပြုအလှူထဲတွင် မသံခဲ ကွယ်လွန်သူကိုပါ ထည့်သွင်း၍ လေထဲတွင် တိုက်အိမ်ဆောက် လိုက်သည်။

"အောက်အီ အီး အွတ်... အောက်အီ အီး အွတ်"

"ဟေ့...သား ဗလကြီး ထတော့လေကွာ။ ထတော့ ဒီနေ့သစ်ရေ ချဖို့ရှိတယ် မဟုတ်လား သားရဲ့"

"ဟာ ဖေ့အယ်ကလည်း စောပါသေးတယ်ဗျာ"

"မင်း နောက်ကျနေပြီသား။ ဟော ဟိုမှာ ဘစမ်းတို့ အောင်စိုးတို့ ဆင်ခလောက်တွေကြားရဲ့လား။ သူတို့ တောတက် သွားကြပြီထင်တယ်။ ထတော့လေကွာ။ ထထ"

ဗလကြီး အိပ်ရာမှ လူးလဲထလိုက်သည်။ အမှောင်ရောင်က မပျောက်သေး၊ လမိုက်ညမို့ ကောင်းကင်တစ်ပြင်လုံးတွင် ကြယ်ကလေးတွေ မင်းမူနေကြသည်။ ငွေကြယ်ပွင့်ကလေးများ သည် မိုးကောင်းကင် ထက်တွင် မှိတ်တုတ် မှိတ်တုတ် လင်းလက်



နေကြသည်။ ညငှက်ကလေး တစ်ကောင် နှစ်ကောင်စသည် ဟိုသည်လူးလာပျံဝဲနေ၏။ အင်ဖက်တဲကလေးများနှင့် ဝါး သက်ကယ်မိုးတဲကလေးများ ညအမှောင်ထဲတွင် အိပ်မောကျ လျက်ရှိနေတုန်းပင်။ ငွေကြယ်အရောင်က တဲကလေးများ၏ အလှပသာဒကို လုံးဝမပြောပြနိုင်ပေ။ ခပ်ဝေးဝေး မြိုင်ခြေတော တန်းဆီက ကြက်တွန်သံများက ဗလကြီးတို့၏ ဆင်ဝိုင်းထဲကမ္ဘာ လေးကို နှုတ်ခွန်းလက်ဆောင်သနေကြသည်။

ဗလကြီးနှင့် ဦးဉာဏ သားအဖနှစ်ယောက် မျက်နှာသစ် လိုက်ကြသည်။ ဝါကျင့်ကျင့် အလင်းရောင်ထွက်သော မီးခွက် ကလေးသည် တဲ အတွင်းမှ အမှောင်ထုကို ဖြိုခွင်းပျက်လိုက်သည်။ ထမင်းကြမ်းကလေးကို ငါးပိထောင်းကလေးနှင့်သုတ်ခြေတင်ကာ စားလိုက်ကြသည်။ ထမင်း၏ အရသာကိုပင် မခံစားနိုင်။ ဆန်မှာ ကြမ်းတမ်းလွန်းလှသဖြင့် သူတို့သားအဖနှစ်ယောက် လည်ပင်း ထဲကို တားထမ်းဆင်းသွားသကဲ့သို့ ထင်လိုက်ရသည်။ ထမင်းက အေး၍ မာနေသည်။ သို့သော် ငါးပိထောင်း အရသာကလေး ကြောင့် စားဝင်သည်၊ ရေတ်သီးရွှေအပ်နှင့် ရောထောင်းထား၍ လျှာများ ပွစပ်သွားသည်၊ ချွေးများပင်စို့လာသည်၊ အာပူ လျှာပူကို ပြေပျောက်ရန် ရေအိုးစင်မှရေကို ကပျာကယာသောက်ကာ ဦးဉာဏ ဆင်ပြောင်ကြီးကိုကောက်ရန် ပြေးဆင်းသွားသည်။ ဗလကြီးသည် ဆင်ဝိုင်းထဲအတွင်းမှ သစ်ဆွဲသံကြိုးနှင့် တန်ဆာ ပလာများကို ရှာဖွေနေသည်။ ဦးဉာဏမှာမူ ဆင်ဝိုင်းတောစပ်နှင့် မနီးမဝေး ဆင်ထူးကွင်းသို့ ဝင်သွားသည်။ အမှောင်ရောက်ကာ တော်ဝန်းကျင်ကို လွှမ်းမိုးထားဆဲဖြစ်သည်။ ပုစဉ်းရင်ကွဲ အော်မြည်

www.burmeseclassic.com

www.burmeseclassic.com



သံများက တစ်တောလုံး ဆူညံနေပါသည်။ အရှေ့ဘက်ဆီမှ ပုစွန်ဆီရောင်သည့် ကောင်းကင်တစ်ခွမ်းတစ်စကို ကွန်းခိုလျက်ရှိသည်။

"ဟဲ့ ဆင်ပြောင်ကြီး၊ ဖေ့သားကြီး လုပ်ခွင် ဝင်ရမယ် မက်...မက်"

ဦးညာဏက ဆင်ပြောင်ကြီးကို အရှင်သခင်မှန်းသိအောင် အသံပေး လိုက်သည်။ ဆင်ပြောင်ကြီးသည် သူ့အရှင်သခင်ကို "ရှူးခနဲ" အော်ကာ နှုတ်ဆက်လိုက်သည်။ ဦးညာဏသည် သစ်ပင်တွင် ချည်နှောင်ထားသော ထူးကွင်းသံကြိုးကို ဖြည်လိုက်သည်။ ထူးကြိုးကို ဆင်လည်ကုပ်ပေါ်သို့ ပစ်တင်လိုက်သည်။

"ဟာ ... ဒီဆင်ပြောင်၊ မက်...မက်နေအုံး"

ထူးကြိုးရောက်လျှင် ဆင်ပြောင်ကြီး အတင်းလူးလဲ ထရပ်လိုက်သည်။ ဦးညာဏသည် ပြောပြောဆိုဆို ဆင်ဒူးကိုနင်း၍ ဆင်နားရွက်ကြီးကိုဆွဲကာ ဆင်ပေါ်သို့ အပြေးအလွှား မြန်မြန်ဆန်ဆန် တက်လိုက်ရသည်။

"ဟေ့... ဆင်ပြောင်ကြီး ဟောင်...ဟောင်"

ဆင်ပြောင်ကြီးသည် ဦးညာဏ တဆတ်ဆတ်လှုပ်ခါနေသော ဒူးအောက်တွင် တရွေ့ရွေ့ ထွက်ခွာလာခဲ့သည်။ အရှေ့အရပ်ဆီမှ နေရောင်ခြည်သည် တဖြည်းဖြည်း ရင့်၍ရင့်၍လာသည်။ အိပ်တန်းဆင်း ငှက်ကလေးများ၏ အသံကသာ [illegible] နေသည်။ [illegible] နေသည်။ [illegible]



သည်။ ဦးညာဏစီးသော ဆင်ပြောင်ကြီးသည် ဆင်စခန်း တဲဝိုင်းဆီသို့ ရောက်လာခဲ့သည်။ ဗလကြီး တဲပေါ်က ပြေးဆင်း လာသည်။

"ဖေ့အယ် ပြန်လာပြီလား"

"ဟေ့... ဗလကြီး၊ သံကြိုးတွေ လည်ပတ်ကြိုးတွေ ပေးလေကွာ"

"ဖေ့အယ်ကလည်း အရင်လိုရင်တော့ဗျာ။ အသင့်လုပ်ထားပြီးပါပြီ။ ကျုပ်ပါလိုက်ခဲ့မယ်။ ဖေ့အယ် တစ်ယောက်ထဲဆို အလုပ်တွင်မှာ မဟုတ်ဘူး"

"ဗလကြီး မင်းမလိုက်ခဲ့နဲ့တော့၊ မနက်ဖြန်ဆိုရင် မင်းကို ရှင်ပြုဖို့အတွက် ညောင်ကန်ရွာဦးကျောင်းမှာ သင်္ကန်းတောင်းလေး၊ ငါးပါးသီလလေး ခံတတ်အောင် သွားနေရမယ်"

"ဟာဗျာ။ ဒီအရွယ်ကြီးရောက်မှ ဘုန်းကြီးစာတွေ မသင်ချင်ပါဘူး" "ဟဲ့... ဗလကြီး ဒါမှ နင့်အမေ မသံခဲအတွက် ကောင်းရာသုဂတိလားနိုင်အောင် ဆုတောင်းနိုင်မှာကွ။ ဒီတောသား ဗလကြီး စာသွားသင်ရမယ်နော်"

"ကျုပ်က အမေ မိတခိုး ကုသိုလ်ရအောင်လို့သာ သွားရမှာ ဖေ့အယ်ရာ။ ကျုပ်ကတော့ စာတွေ သိပ်မသင်ချင်တော့ဘူး"

"စာတွေ သွားသင်ပါ ဗလကြီးရာ။ ဒါမှ သားအမေကို ရေစက်ချ အမျှပေးဝေနိုင်မှာလေ"

"ဟုတ်ပါပြီ ဖေ့အယ်။ သားကြီးသွားလိုက်ပါမယ်"

"ဒါမှ ငါ့သား ဗလကြီးကွ"

ဦးညာဏသည် ဗလကြီးကိုထားရစ်ခဲ့ပြီး မြိုင်ခြေတောတန်းသစ်ကွင်းဆီသို့ ဝင်လာခဲ့သည်။ တောတောင် ဖြတ်အမ်း

www.burmeseclassic.com

www.burmeseclassic.com

တစ်လျှောက် တောပန်းတောင်ပန်း ရနံ့အစုံစုံတို့က မွှေးထုံကြိုင်သင်းနေကြပါသည်။ ဗလကြီးသည်လည်း ရွာနှင့်မနီး မဝေးတွင်ရှိနေသော ညောင်ကန်ရွာဦး ကျောင်းသို့သွားရောက် စာသင်နေပေပြီ။ ဦးညဏသည် ဆင်ပြောင်ကြီးကို သစ်ကွင်း ရောက်လျှင်ရှေ့လက်ခံပြားသရေကြီးကြီးကို ဘယ်ညာချလိုက်သည်။ သစ်ဆွဲကိုယ်ခံပြား ဘယ်ညာနှစ်ဘက်တွင် သံကြိုး တပ်ဆင် လိုက်သည်။ပြီးလျှင် ကျွန်းသစ်နဖားပေါက်နှင့် ဆက်လိုက်သည်။ အလုံးစုံကိစ္စပြီးစီးသွားလျှင် ပင်ထောင်ချောင်းထဲဆီသို့ ဆင်ပြောင်ကြီးကိုတောထုတ်လာခဲ့တော့သည်။

"ဟေ့... ကောင်...။ အို... ဒီဆင်ပြောင်ကြီးနော်။ အငြိမ်းကျမှတစ် မနေနဲ့ကွ။ ပင်ထောင်ချောင်းထဲ ရောက်လုနီးနေပြီ။ ဆွဲထားဆွဲထားကွာ"

"ဝှူး... ဝှူး...ဝှူး...ဝှူး...ဝှူး"

ဆင်ပြောင်ကြီးသည် လေးလံလှသော သစ်လုံးကြီးကိုခွန်အားရှိသမျှ မနားတမ်း အားစိုက်ဆွဲလိုက်သည်။ တစ်ခါတစ်အားမာန်ပြည့်ဝသွားအောင် "ဝှူး... ခနဲ" "ဝှူး...ခနဲ" အော်မြည်လိုက်ပါသည်။ ကျွန်းသစ်တုံးကြီးသည် ဆင်ပြောင်ကြီးနောက်ဝယ်တလိမ့်..., တလိမ့် ပါလာသည်။ ပင်ထောင်ချောင်းရေထဲသို့ခက်ခက်ခဲခဲ ဆွဲချနေသည်။ ဆင်သမားနှင့်ဆင်သည် နေ့လုံးကြီးကို ပန်းပန်ကာ လုပ်ခွင်ဝင်နေကြသည်။ ဆင်ပြောင်ကြီးတစ်ကိုယ်လုံးတွင် ချွေးတွေရွှဲရွှဲစိုနေသည်။ ဦးညဏကြီးသည်ချွန်းကလေးကို၊ ချိတ်ဒူးကို တနန့်နန့်လှုပ်ရမ်းကာ ဆင်ကြီးပေါ်တွင် လိုက်ပါနေသည်။



"တဲ့... ဆင်ပြောင်ကြီး မောသွားပလား။ ရောက်ပြီ။ရပ်တော့"

"ဝှူး... ဝှူး...ဝှူး... ဝေါ ...ဝေါ ..."

ဦးညဏနှင့် ဆင်ပြောင်ကြီးကို အောင်ပွဲတစ်ခုကိုရလိုက်ကြသည်၊ ထိုအောင်ပွဲသည် နိုင်ငံတော်၏ အုတ်တစ်ချပ်သဲတစ်ပွင့် အောင်ပွဲလည်း မည်ပါသည်။ ကျွန်းသစ်ရတနာသည်ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပန်း ပွင့်လန်းလျက်ရှိသည်။ ကျွန်းရတနာကို ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်လျက်ရှိပါသည်။မြန်မာ့ကျွန်းသစ်သည် ကမ္ဘာအလယ်ဝယ် မျက်နှာထည်လျက်ရှိနေသည်။

သည်တစ်နေ့တော့ သားရှင်ပြုပွဲကို ဆင်ဝိုင်းတိုင်းက အားခဲထားကြသည်။ သားရှင်ပြုပွဲဖြစ်မြောက်ရန် ဆင်သမားများ၊တာဝန်ရှိပုဂ္ဂိုလ်များနှင့် သစ်ထုတ်လုပ်ရေး မန်နေဂျာတို့က စီစဉ်ကြသည်။ ခေတ်နှင့်အညီ တိုးတက်လာသော လူမှုရေး၊ ယဉ်ကျေးမှု သားရှင်ပြုပွဲလေးတစ်ခု ဖြစ်သည်။ စီးပွားရေး ချို့တဲ့ ဆင်းရဲပင်ပန်းသော ဆင်သမားများအား တာဝန်ရှိသူတို့က ရှင်းပြသောအခါ ဝမ်းသာကြသည်။ စုပေါင်း ဆောင်ရွက်မှု၏ စွမ်းပကားတစ်ခုပင်၊ ရင်ထဲမှာ ငြိမ်းချမ်းခြင်းနှင့်အတူ ပျော်တပြုံးပြုံးမော်မဆုံးဖြစ်နေတော့၏။ ကောင်းမြတ်သောလုပ်ငန်း သားရှင်ပြုပွဲ အတွက်ကို အကောင်အထည် ဖော်နိုင်ရန်အတွက် မှန်ကန်သောနည်းလမ်းများ ရှာဖွေကြရမည်သာ။

သစ်ထုတ်လုပ်ရေး စီမံလျာထားချက် ပြည့်ခါနီးတွင်စုပေါင်းသားရှင်ပြုအလှူအတွက် သစ်ထုတ်ကွက်တစ်ခုကို စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။ ထို သစ်ထုတ်ကွက်သို့ ဆင်များအားလုံး၊ ကျွဲရှင် အားလုံး၊ အလုပ်သမားအားလုံး တက်ရောက်လာကြသည် စုပေါင်းလုပ်အားအလုကိုဆင်၍ တစ်ရက်နှင့်တစ်မနက် သစ်ထုတ် လိုက်ကြသည်။ ထိုအကွက်မှ သစ်တန် ၄၀၀ ထွက်သည်။ လုပ်အာ ခသည် တစ်တန်လျှင် ၁၆၀ ကျပ်နှုန်းဖြင့် စုစုပေါင်းငွေ ၆၄၀၀၀ ရရှိသည်။ ဤငွေကို ဆင်ဝိုင်းတွင် စုပေါင်းသားရှင်ပြုအလှူအတွက် မ, တည်လိုက်သည်။ "အရေးကြီးပြီ... သွေးစည်းကြစို့"၊ "အရေ ကြူ... သွေးဆုံကြစို့"၊ "အရေးကောင်း...သွေးပေါင်းကြစို့" ဆိ သလိုပင် ဆင်သမားများအလှူဖြစ်၍ ကျွဲကန်ထရိုက်တာတွေ၊ ဆင် ကန်ထရိုက်တာတွေလည်း မနေသာတော့ပေ။ သစ် ထုတ်လုပ်ရေ မန်နေဂျာအစ၊ ချောင်းအုပ်၊ ချောင်းခေါင်း၊ စာရေးစာချီနှင့် ဝန်ထမ်းများ သစ်ထုတ် ကားဒရိုင်ဘာများ၊ ပုဂ္ဂလိက ကားပိုင်ရှင် များက စုပေါင်း၍ ငွေ ၃၀၀၀၀ (သုံးသောင်းကျော်) ပါဝင်ကူညီကြ သည်။ အလှူရက်ကို စီမံကိန်းလုပ်ငန်းများ ပြီးစီးချိန် မင်္ဂလာနှစ်ဦ ဖေဖော်ဝါရီလဆန်းတွင် ရွေးချယ်သတ်မှတ်လိုက်သည်။

ရာသီက ဆောင်းနှောင်းရာသီ နွေမပီ ဝိုးတဝါးလေးဖြ သည်။ နှင်းအကြွင်း ပုလဲသေးတို့ကလည်း တဖွဲဖွဲကျဆင်းနေဆဲ ပင်။ မင်းလွင်မြူခိုးတို့ကလည်း တောင်ကို အုပ်မိုးသိုင်းခြုံထား ကြ၏။ ဝန်းကျင်တစ်ခိုမှာ လှုပရှမ်းမြနေသည်။ ဝင်စည် အကိုင် အခက်တို့သည် မြစိမ်းရောင်သစ်ရွက်ဘဝမှ ရွှေရည်ဆမ်းရွက်ဝ ဘဝသို့ ပြောင်းလဲသွားကြပြီ။ တောတောင်တန်းများသည်လည် ဆေးပန်းချီရေးမမီသော အလှတစ်ပါးအဖြစ် တွေ့ရပြန်သည် မြို့နယ်က တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ



လှလာသူများကို ဖိတ်ကြားသည်။ တောင်ပေါ်ကျေးရွာ ၁၄ အုပ်စုက တာဝန်ရှိသူများကို ဖိတ်ကြားကြသည်။ စုပေါင်းအလှူ ကျင်းပမည့်နေရာမှာ ပင်ထောင်ချောင်းရေစီးအနီးက ညောင်ကန် ရွာတွင်ဖြစ်သည်။ ညောင်ကန်ရွာသည် လှပစိုပြည်သာယာနေ သည်။ ညောင်ကန်ရွာတွင် အိမ်ခြေ ၂၀၀ ကျော်လောက်ရှိသည်။ သစ်ကြီးဝါးကြီးများနှင့် ဆောက်လုပ်ထားသော ယောအိမ်ပေါ့လှ များနှင့်သာယာနေသည်။ ညောင်ကန်ရွာ ဘုန်းတော်ကြီးကျောင်း ကလည်း ကျယ်ဝန်းခမ်းနားလှသည်။ ညောင်ကန် ဘုန်းတော်ကြီး ၏၊ ဦးစီးတည်ထောင်ပေးထားသော ကျောင်းသားဆိုင်းဝိုင်း ကလည်းရှိနေသည်။ သားရှင်ပြုပွဲအတွက် အပူတပြင်းရှာဖွေ နေစရာ မလိုတော့။ အဆင်သင့်ဖြစ်နေတော့သည်။

"ဟေ့ ... ဗလကြီး ခေါင်းကုံး... တုံးရမယ်"

"ဟာ... မောင်ရှင်လောင်းက ရွှေဂေါင်းပြောင်ကြီးနဲ့နော်... ား ဟား"

ဦးညာဏကို ကန်တော့နေသော သားငယ်ရှင်လောင်း ဗလ ကြီးကို စူးစူးစိုက်စိုက် ကြည့်နေကြသည်။ မိဘမဲ့... မိတဆိုး ဖြစ်နေသော ဗလကြီး လူတုအလယ်မျက်နှာငယ်နေရ၏။ ညာဏ ကြီးမှာ သွားလေသူ မိမိ၏ဇနီး မယ်သံခဲနေရာကွက်လပ်ကို ကြည့်၍ ဝမ်းနည်းပက်လက် စိတ်လက်မကြည်မသာ ဖြစ်နေ သည်။ ဦးညာဏကြီး မျက်နှာနီလာ၍ [illegible]

[illegible]

www.burmeseclassic.com



ကြည်နူးစိတ်၊ ကြည်ညိုစိတ်၊ ယုံဖိတ်စိတ် ဖြစ်ပွားစေသည့် အပြင် လွမ်းစိတ်၊ မျှော်ခေါ်စိတ်၊ လွှင့်မြောက်စိတ်တို့ကိုလည်း ဖြစ်စေနိုင်ပါသည်။ မြောအတီးတွင်ကား ကိုဉာဏသည် အိမ်နောက်ဖေးသို့ ထွက်သွားကာ ရှိုက်ကြီးတငင်၊ ပူပင်လှိုက်ဖို၊ ကြိတ်၍ငိုရှာလေတော့သည်။

"မယ်သံခဲရယ်၊ သားကိုရှင်ပြုပြီးအောင်မှ မစောင့်နိုင်ဘူးလားကွယ်" ဦးဉာဏ နှုတ်ဖျားကစကားတစ်ခွန်း ထွက်ကျလာပါသည်။ ဗလကြီးခဆည်လည်း ဘယ်ဆီဘယ်လမ်း၊ ဘယ်စခန်းဟု မျှော်မှန်း၍မရနိုင်သောအမိကို တမ်းတမှန်းဆလျက် မျက်နှာမကောင်းပေ။

ဦးဉာဏသည် ကြိတ်မနိုင် ခဲမရ ဖြစ်နေရာမှ "မယ်သံခဲသာ ရှိရင် တော့ဗျာ" ဟူ၍ ဆို့ဆို့နင့်နင့်ပြောပြန်၏။ ဤတစ်ခွန်းကိုသာ ပြောတတ်ရှာ၏။ ဤတစ်ခွန်းကိုသာ ပြောနိုင်ရှာတော့သည်။ "ဤ မယ်သံခဲ ရှိရင်တော့ဗျာ" ဆိုသောစကား တစ်ခွန်းသည် အလွန်ကျယ်ဝန်း များပြားလေးနက်သော အဓိပ္ပာယ်ကို ဆောင်နေသည်။ ထောင်ထောင်မောင်းမောင်း တုတ်တုတ်ခိုင်ခိုင် ယောကျ်ားကြီး ဦးဉာဏသည် ဖွဲ့နွဲ့ချွဲပျစ်၍ အော်ဟစ်ငိုသည်မဟုတ်။ လှိုင်းထသောရင်အုံဖြင့် အတွင်းကလှိုက်ဆူ၍ ကြိတ်ကာငိုကြွေးနေသည်။ မြင်ရသူအပေါင်း ဘဝင်မချမ်း မရွှင်မလန်းဖြစ်ကြရသည်။ ညောင်ကန်ရွာဥက္ကဋ္ဌကြီးသည် ခပ်လှမ်းလှမ်းသို့ လျှောက်သွားကာ မကြာမကြာ နှပ်ညှစ်ရလေ၏။ ကြည့်နေကြသော မိန်းမကြီးငယ် ရွယ် လတ်တို့လည်း အကျိုလက်



တဘက်စောင်စသည်တို့ဖြင့် မကြာမကြာ မျက်ရည်သုတ်ကြ၏။ အဘိုးကြီးများပင် ဟိုလိုလို သည်လိုလိုလုပ်ကာ ရှောင်ခွာသွားကြရကုန်၏။ ဗလကြီး၏ အပေါင်းအသင်း၊ ရောင်းရင်းဖက်တို့ကလည်း မကြည့်ရက်ဘဲ ဖြစ်နေကြသည်။ မိတဆိုးရှင်ပြုမှာ အလွန်သနားစရာ မြင်ကွင်းဖြစ်နေသည်။

အလှူရှင်ပြုပွဲဝင်မည့် ညနေကတည်းက ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများ လာကြပြီ။ တောအထပ်ထပ် တောင်ခွင်အနှံ့က ဆင်သမား မိသားစုများလည်း ရောက်လာကြသည်။ တမည်းမည်းတအိအိနှင့် ဆင်ကြီးများလည်း တဖွဲဖွဲရောက်လာကြသည်။ ခြေကျင် လာကြသည်။ လှည်းနှင့် လာကြသည်။ တစ်နှစ်မှာတစ်ခါ ဘဝတူဆင်သမားများ သားရှင်ပြုပွဲတွင် မျက်နှာစုံညီ ဆုံကြရလေပြီ။ လူချင်းတွေ့၍ ဆွေချင်းမျှော်မွှေ့ဖွယ် ဖြစ်နေသည်။ ညနေရီတွင် ဓာတ်စင်က ပတ်တုတ်တော့သည်။ ညောင်ကန်ရွာ မြောက်ဘက်မှာ လူတွေစည်ကားနေသည်။ ဒေသအလျောက် ဖျေးဆိုင်ကလေးများ၊ အကြော်ဆိုင်ကလေးများက မီးခွက်ကလေးတလက်လက်နှင့် လုပနေကြသည်။ သားရှင်ပြုအလှူတွင် မန္တလေးမြို့က "မင်္ဂလာစိန်သဘင်ဓာတ်အဖွဲ့" က ဖျော်ဖြေသည်။ ဖေဖော်ဝါရီ လဆန်းဖြစ်၍ နှင်းကကျနေသေးသည်။ ဆောင်းညက အေးသေးသည်။ သည်လိုညမျိုးဖော်မစုံသော ဦးဉာဏကြီးမှာ လွမ်းစရာ ဖြစ်လာသည်။ မယ်သံခဲကို ပြေးသတိရလိုက်သည်။ လွမ်းစရာည၊ လွမ်းမော တမ်းတဖွယ်ညဖြစ်နေသည်။ သား ဗလကြီးသည် မနက်ဖြန် သင်္ကန်းဝါဝါ နှင့် အလှူဒါန အောင်မြင်တော့မည်။ မိတဆိုးသား ကိုရင်ကြီးကို ဦးဉာဏ တွေ့ရမြင်ရလျှင် ရင်ဆို့နေမည်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ကလည်း ကောင်းသည်။ "တောင်ပြာတန်းက အသိ ဆုံးပါမေရယ်" ဆိုသော ပြဇာတ်ဖြစ်သည်။ ဂျပန်တော်လှန်ရေး ကာလ ပြည်တွင်းစစ်ကာလများ၌ တောင်ပြာတန်းကြီးအနီးမှာ ချစ်သူကို ခွဲထားရစ်ခဲ့ရသည်။ ခဏအကြာ ထာဝရ မကြာသော တော်လှန်ရေးကြီး ပြီးဆုံးသွားခဲ့ပြီ။ တောင်တန်းပြာဆီကို ပြန်လာ တော့ ချစ်သူပျောက်ဆုံးနေသည့် ဘဝကိုပြသည်။ တိုက်ဆိုင်သူ ဦးဉာဏကြီးအဖို့ ဗလကြီးမသိအောင် မျက်ရည်တွေ ဝဲနေ ရှာသည်။ "တိုက်တိုက်ဆိုင်ဆိုင် ပြဇာတ်ကြီးရယ်" လို့သာ ဦးဉာဏရင်ထဲက တမ်းတမိခဲ့သည်။

ဆင်ပေါ်တွင် မောင်ရှင်လောင်းများတင်၍ ရွာထဲလှည့် လည်ကြသည်။ ဆင်သမားတို့၏သား ၂၅ ယောက်မှာ မောင် ရှင်လောင်းများ ဖြစ်ကြသည်။ သူတို့သည် ဆင်းရဲသည်။ မွဲတေ သည်။ ပညာမတတ်ကြပေ။ စာမတတ်ကြချေ။ တောထဲ တော ထဲမှာမွေး၍ တောသွေးဝင် ကြီးပြင်းလာခဲ့ရသည်။ ဦးဉာဏ ဆင်ပြောင်ကြီး လည်တိုင်ပေါ်ဝယ် ခပ်ကြော့ကြော့ စီးနေသည် ဗလကြီးမှာမူ အကျီသစ်ခေါင်းပေါင်းနှင့် ဆင်ပုခက် ပေါ်တွ စတိုင်ကျကျ ရှိနေသည်။ ဘုန်းကြီးကျောင်းသားတို့ သျှိုးလိုက်သ က လေဝယ်ချိုမြိန်လှပါ။ ဗျောသံနှဲက ချော၏။ တီးသည့်တေ သွားမှာ ဆွဲသံကြိုးသံဖြစ်သည်။ ဗျောသံစည်သံကို ကြားရ အပေါင်း စိတ်နှလုံးအေးချမ်းသွားလှပါသည်။ ဗျောသံမှာ ရတ သုံးပါး အလှူအတမ်းနှင့်စပ်လေရကား ကြည်နူးစိတ် ကြည်ညိုစိ တို့သည် တဖိတ်ဖိတ်လျှမ်း၍ ထွက်ကုန်သည်။



"ပလုတ် တုတ်-တုတ် မြှုန်း၊ ပလုတ်မြှုန်း"

ဗျောသံ တမြှုန်းမြှုန်း တအုံးအုံးအသံမှာ ပုံတောင်ပုံညာ တောင်တန်းကြီးပေါ်ဝယ် လွင့်စဉ်တက်သွားသည် ထင်ရ၏။ ဦးဉာဏ ရင်ထဲဝယ် မျက်ရည်မိုး ရွာနေပြီ။

"ဟင်... ဖေအယ် မျက်နှာမှာ မျက်ရည်စတွေနဲ့ပါလား"

"ဟုတ်တယ်လူလေး၊ သား...သား ဗလကြီးရေ၊ မင့်အမေ ယ်သံခဲ ကို သတိရတယ်ကွာ။ ဟီး...ဟီး"

"ဟာ... ဖေအယ်ကလည်း ယောကျ်ားကြီးလုပ်နေပြီးတော့ ငိုပါနဲ့ကွာ"

"ငါ မငိုပါဘူး ဗလကြီးရယ်။ ဝမ်းနည်းလွန်းလို့ပါကွာ။ ယ်သံရေ ကြားရာအရပ်က သာဓုခေါ်နော်။ နင့်ယောကျ်ား ဉာဏနဲ့ သားဗလကြီး အလှူပေးလိုက်တယ်ဟေ့" "ဟာ... ဖေအယ် ငိုပါနဲ့ဗျာ။ လူတွေ ကြည့်နေတယ်။ ကျုပ် ဗလကြီးတောင် ချင်လာပြီဗျ"

"ဗလကြီး သားလူလေး မငိုပါနဲ့ကွာ။ မငိုနဲ့၊ မင်း ဆင်ပြောင် ကြီး စီးချင်တယ်ဆို။ အခု...ဗလကြီး ဆင်ပြောင်စီးနေရပြီသားရဲ့။ ယ်သံရေ ကြားရာအရပ်က သာဓုခေါ်နော်... အမျှ...အမျှ...အမျှ"

"နောင်...ဒူ...ဝေ...ဝေ...ဝေ"

ကြေးစည်သံက ပုံတောင်ပုံညာတောင်တန်းပေါ်ဝယ် လွင့် တက်သွားတော့၏။ ဗလကြီးသည် ငယ်ရွယ်စဉ်မှ ယခုချိန်အထိ ဆင်ပြောင်ကြီးကို စီးနေရပြီ။ ယခု ဗလကြီးက ဆင်ပြောင်ကြီးကို သက်ပန် စီးရဦးပေရောမည်။

✱ ✱ ✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

# ကျားကြီးခြေရာကြီး

ပုံတောင်ပုံညာ တောင်တန်းကြီးနှင့် ယောနယ်မြေသည် ခွဲခြားမရသော သင်္ကေတ အမှတ်အသား တစ်ခုဖြစ်သည်။ ကျွန်း၊ ပျဉ်း၊ သစ်မာတို့သည် ပုံတောင်ပုံညာကို အလှဆင်နေသည်။ တောကြီး တောင်ကြီးထဲတွင် စိမ့်ရေစမ်းရေတို့က တသွင်သွင် စီးဆင်းနေသည်။ လျှိုမြောင်အတွင်း မြက်ရှည်တောကြီးထဲတွင် ကိုးတောင်ပြည့် ကျားကြီးများက ရှိနေသည်။ စိမ်းလဲ့လဲ့ မြက်ခင်းပြင်ပေါ်ဝယ် ကျီငယ်၊ ယုန်၊ သမင်တို့က ပြေးလွှားနေကြသည်။ တောတောင်အလှ ရင်ငွေ့ခိုလှုံ၍ ကြီးပြင်းလာရသော ဗလကြီးမှာ ကွယ်လွန်သွားပြီးသော မေ့အယ် မသဲခဲကို သတိရနေသည်။ ယခု ဗလကြီးနှင့် ဖေ့အယ် ဉာဏတို့သည် ပင်ထောင်ကြီးဝိုင်းဆင်စခန်းမှ သစ်ကုန်သွားသဖြင့် ဉသြစခန်းသို့ ပြောင်းရွှေ့ကြရသည်။ ဉသြဆင်စခန်းသည် နွေရာသီ ကျရောက်လာသဖြင့် ဉသြငှက်ကလေးတွေ အပြိုင်တေးသီနေကြသည်။ လွမ်းမောဖွယ်ရာ ဇာတ်ကွက်ကို ဖန်တီး နေကြသည်။ ပင်ထောင်စခန်းထက်ပို၍ ထူးခြားသည်မှာ ပုံတောင်ကြီးဘက်ဆီမှ ကျားဟိန်းသံများ ကြားနေရသည်။ ဗလကြီးတို့စခန်းထဲ ဉသြဆင်ဝိုင်းအနီး အနောက်ဘက်ချိုင့်ဝါးရုံများကို ကျားများ တိုးဝှေ့ပြေးလွှားသံကို ကြားနေရသည်။ ဗလကြီးက သူ့အဖေဉာဏကြီးကို အိပ်ရာထဲမှ လှမ်းလဲထောက ပြောလိုက်သည်။





"ဖေ့အယ်၊ မနေ့က ဆင်ပြောင်ကြီးသွားအကောက်မှာ ကျား ခြေရာတွေ အများကြီး တွေ့ခဲ့ရသဗျ။ သတိနဲ့နေ ဖေ့အယ်ရေ"

"ဟား…ဟား…ဟား ဗလကြီးရယ်၊ ကျားခြေရာများ အဆန်းလုပ်လို့ကွာ။ ကျားတွေဟာ ဆင်တွေ လူတွေရောက်လာရင် နေရာပြောင်း ပြေးကြတယ်ကွ"

ဦးဉာဏက အိပ်ရာကထ၍ မီးဖိုသည်။ မီးမွှေးလိုက်သည်။ မီးတောက်ပြင်းပြင်းရအောင် ထင်းများထပ်ထည့်လိုက်သည်။ တစ်ဆက်တည်းမှာပင် ရေနွေးအိုးကိုပါ ကျိုလိုက်သည်။ မီးဖိုရောင် အလင်းတန်းသည် လမိုက်ညမှောင်နေသော ဉသြဆင်စခန်းကလေးကို ဝင့်ထယ် သွားစေသည်။

"ဗလကြီး ကျားက မီးရောင်မြင်ရင်မလာတော့ပါဘူးကွ။ လူတွေ ရှိမှန်းသိတယ်၊ ကျားက လူနဲ့ဆင်ကို ရင်မဆိုင်ရဲဘူး လေကွာ"

ဗလကြီး ကျားကြောက်စိတ်တွေကို အေးဆေးတည်ငြိမ်သွားအောင် ဦးဉာဏက အားပေးကာ အားဆေးစကားတွေ ပြောလိုက်ရသည်။ ဗလကြီး ရင်တွေတုန်နေသည်။ ဗလကြီး ရင်တွေက ရင်ခုန်သံတွေ မြည်နေဆဲ။

"ဖေ့အယ်… နေ့လယ်က တွေ့ခဲ့ရတဲ့ ကျားခြေရာက အကြီးကြီးဗျ။ … ကျားကြီးရင် ခြေရာကြီးတတ်တယ် မဟုတ်လား။ ဒီတော့ ဖေအယ့် သားကြောက်တယ်"

"မကြောက်ပါနဲ့ သားဗလကြီးရယ်။ ဆင်ပြောင်ကြီးကို သည်း အားကိုးရပါတယ်။ ဆင်ကြီးက ကျားကိုတွေ့ရင် နှာမောင်းနဲ့ရိုက်ပြီး အစွယ်နဲ့ ထိုးတတ်တယ်ကွ"

www.burmeseclassic.com



"ဖေ့အယ်ရယ် ဆင်ပြောင်ကြီးနဲ့တောတက်ရင် မကြောက်ပါဘူး။ သားတစ်ယောက်ထဲ တောထဲတောင်ထဲသွားရတဲ့အခါကြရင်တော့ ကြောက်ဒူးတွေ တုန်တယ်ဖေ့အယ်ရေ"

ပုံတောင်ပုံညာနယ်မြေ ဥသြဆင်ဝိုင်းစခန်းအနီးမှာ ကျားတွေရှိသည်။ ပုံတောင်ပုံညာနယ်သား ဆင်သမားတို့က ကျားကို မကြောက်ကြပေ။ ကျားကိုကြောက်နေလျှင် အလုပ်တွင်တော့မည်မဟုတ်။ ဆင်သမားများထဲတွင် ကျားဇမ်းဝါသနာပါသူတွေ ရှိသည်။ ကျားသားရေက ဈေးကောင်းသည်။ ကျားအရိုးကလည်း ဈေးရသည်။ ကျားတစ်ကောင်ရလျှင် ထီပေါက်သလို ငွေရကြ၏။ နွေရာသီရောက်လျှင် ရေအိုင်မှာလင့်စင်ထိုး၍ ကျားစောင့်လေ့ရှိကြသည်။ ညနေ နေဝင်ရီတရော ညဆည်းဆာ ရောင်ရီ မှောင်မှောင်တွင် တောကြောင်၊ တောဝက်၊ ယုန်၊ သမင်၊ ချေယ်တို့ ရေသောက်ဆင်းလျှင် ကျားသည်အစာချောင်းမြဲဖြစ်၏။

ရှေးအခါက အစာချောင်းသောကျားကို ဒူးလေး အဆိပ်လူးမြားတို့ဖြင့် ပစ်လေ့ရှိကြသည်၊ တူမီးသေနတ်များဖြင့် ပစ်ခတ်ဖမ်းဆီးလေ့ရှိ သည်။ ဒေါသမာန်ကြီးသော ကျားတို့သည် မီးခိုးကြွက်လျှောက် တစ်ဟုန်ထိုးခုန်၍ ရန်မူတတ်ကြသည်၊ ကျားသည် သူတို့ကို အန္တရာယ်ပေးသောသူကို အညှိုးကြီးစွာ မှတ်ထားတတ်ကြသည်။ ကိုယ်တွေ့ ဆင်သမား မှဆိုး ကြီးများတွင် ကျားသတ္တဝါ၏ အကျင့်စရိုက်ဉာဉ်ကို သိနေကြသည်။ တစ်ခါတစ်ရံ ကျားသည် ရွာအနီးအနား ခြံထဲမှ နွားများကို ဝင်ဆွဲလေ့ရှိသည်။ ထိုအခါ ရွာသားများသည် နွားသေကို ယူ၍ ရွာအနီး တောစပ်တစ်နေရာတွင် နွားသေကို သနပ်ခါးလိမ်းခြင်း၊ ပန်းပန်ခြင်း



ပွဲပေး၍ မနီးမဝေးမှ လင့်စင်ထိုး၍ စောင့်ရသည်။ ကျားသည် အစာရှိရာသို့ ပြန်လာမြဲ ဖြစ်သည်။ သူ့အစာကို လူတို့ပွဲပြင်ထားမှန်းသိလျှင် ဒေါသထွက်ပြီး ဟိန်း၏၊ ဟောက်၏။ ပြီးလျှင် ကျားသည် နွားသေသားကို စားတော့၏။ ထိုအခါ လက်ဖြောင့်သူတို့က သေနတ်ဖြင့်ချက်ကောင်းချိန်၍ ပစ်ရသည်။

ယောနယ်မြေ ဆင်သမားတို့သည် ကျားထောင်ဖမ်းကြသည်၊ ကျားကိုက်သွားသော နွားသေကိုဖျက်၍ ခေါင်းအရေခွံ၊ ဝမ်းတွင်းသားတို့ဖြင့် ကျားလာမည့် တောစပ်နေရာ၌ သစ်ပင်၏ ပင်စည်တစ်လျှောက် သံနန်းကွင်းများ ထောင်ထားသည်။ ကျားသည် သစ်ပင်ကိုတက်၍ ဝမ်းတွင်းသား ကိုစားပြီးလျှင် ရှေ့သို့ ခုန်ချတတ်၏။ ရှေ့မှာလည်း ကွင်းထောင်ထားရသည်။ မနက်မိုးလင်းချိန်ရောက်လျှင် ကျားကြီးတစ်ကောင် တန်းလန်းမိနေတော့သည်။ ထိုအခါ လှံနှင့်ထိုးကာ ဖွတ်ယူကြရတော့၏။

ကျားသည် အခုန်အပြေး မြန်၏။ လျင်၏။ သွက်လက်ထက်မြက်၏။ သို့သော် ကျားသည် များများမပြေးနိုင်၊ မောလွယ်သည်။ အမောမလုံသော သတ္တဝါဖြစ်သည်၊ တစ်ခါတစ်ရံ ဆင်သမားတို့က တောလိုက်ခွေးများ၊ ဓား၊ လှံ၊ လက်နက်များနှင့် အုပ်စုဖွဲ့ကာ ကျားကို ညာသံပေး၍ လိုက်ကြရသည်။ ကျားသည် လူအုပ်ကို ကြောက်၍ ပြေးတက်သည်၊ ကြာကြာ မပြေးနိုင်ပေ။ ပက်လက်ကြီးလှန်၍ အမောဖောက်ကာ အရှုံးပေးတတ်သည်။ ဤအခါကျမှ ဝိုင်း၍ ထိုးကြ၊ ခုတ်ကြ၊ ပစ်ကြ၊ ခတ်ကြနှင့် ကျားသေတော့၏။

ပုံတောင်ပုံညာဒေသ၌ "မာလာဖူးချိန်၊ ကျားမြူးချိန်" ဟု အဆိုရှိ၏။ မာလာပင်သည် ဗုဒ္ဓသရဏပင်နှင့်တူသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



အပင်များသည် ပုံတောင်ပုံညာတစ်ကြောမှာ ပေါသည်။ ထိုမာလာပင်များပွင့်ဖူးချိန် နတ်တော်၊ ပြာသိုလများတွင် ကျား မိတ်လိုက်တတ်သည်။ ကျားမကိုယ်ဝန်ဆောင်သည့် ကာလသည် ၁၅ ပတ်မှ ၁၆ ပတ်အထိ ဖြစ်သည်။ သာမန် အားဖြင့် သုံးကောင်မွေးနိုင်သည်။ အများဆုံး ခြောက်ကောင်အထိ မွေးတတ်သည်။ ကျားမသည် သားငယ်ကလေးများကို နို့မတိုက်ချေ။ ကျားသားငယ်တို့၏ လျှာမှာ အလွန်ကြမ်းတမ်းလှသည်။ ကျားမသည် မိမိ၏ နို့ရည်ကို သစ်ရွက်များပေါ်တွင်လည်းကောင်း၊ ကျောက်တုံး ကျောက်ပြားပေါ်တွင်လည်းကောင်း၊ နို့ညှစ်ချ၍ တိုက်တတ်ပါသည်။ ကျားနို့သည် အလွန်ညှီ၏။ ဆိမ့်၏။ ချို၏။ ကျားသည် သတ္တိရှိသော တိရစ္ဆာန်ဖြစ်သည်။ ခြင်္သေ့သည် တောတိရစ္ဆာန်၏ ဘုရင်ဖြစ်လျှင် ကျားသည် တောတိရစ္ဆာန်များ၏ အရှင်သခင်ဖြစ်သည်။ ခြင်္သေ့သည် အလွန်ခွန်အားကောင်းသည်ဟု ကျော်ကြားသော်လည်း ဆင်နှင့်ကြံ့တို့ကို တိုက်ခိုက်သည်ဟု မကြားဖူးပေ။ သို့သော် ကျားသည် အခြေအနေအရ ဆင်၊ ကြံ့၊ ပြောင်နှင့် တောကျွဲများကို ဗိုလ်မထားဘဲ ရင်ဆိုင်တိုက်ခိုက်တတ်သည်။ ဆင်နှစ်ကောင်၏ အင်အားဖြင့် ဆွဲရလောက်အောင် လေးလံသော တစ်တန် ခန့်ရှိ ပြောင်ထီး အသေကောင်ကို တောထဲ၌ ကျားသည်ကိုက်ချီ၍ ကိုက်ပေါင်းများစွာ တရွတ်တိုက်ဆွဲသွားနိုင်သည်။ ကျားသည် ခြံဝင်းအတွင်းသို့ ခုန်ဝင်၍ နွားမတန်းကို ကိုက်သတ်ပြီးနောက် ယင်းနွားမတန်းကို ကိုက်ချီလျက် ခြံဝင်းကို ခုန်ထွက်သွားနိုင်ကြောင်း သိရသည်။ အတော်ကြီးမားသော နွားမကိုကိုက်လျက် ကိုက် ၈၀ ခန့် ကျယ်သောချောင်းကို ဖြတ်ကူးတတ်သည်။



ဦးညာဏသည် ဆင်သမား လုပ်သက်ရင့်လုပ်သားကြီး ဖြစ်သည်။ ကျားအကြောင်း ကောင်းကောင်းသိနေသည်။ သားဗလကြီးအား ကျားအကြောင်းကို သင်ပြရပေဦးမည်။ ဥဩစခန်းသည် ကျွန်းသစ်ပေါသော စခန်းဖြစ်သည်။ ကျွန်းသစ်ပေါသလို ကျားပေါသောဒေသ ဖြစ်သည်။ မနေ့က ဥဩစခန်းဆင်ဝိုင်းအတွင်း မွေးမြူထားသော ဝက်ကြီးတစ်ကောင်ကို ကျားဆွဲသွား၏။ ဆင်သမားများ ဝိုင်း၍လိုက်တော့ ကျားထွက်ပြေးသည်။ ဝက်သေကို ရလိုက်သည်။ ထိုအချိန်မှစ၍ ဥဩဆင်ဝိုင်း စခန်းတွင် ညအချိန် တဲရှေ့တွင် မီးဖိုကာ စကားဝိုင်းထိုင် ဖြစ်ကြတော့သည်။

"ဟော့ ဗလကြီး အိပ်တော့မလားကွ။ လာပါအုံးကွာ။ ဒီမှာ ငါးခြောက်ဆီဆမ်းကလေးနဲ့ ရေနွေးကြမ်းလေးက ကောင်းပါဘိသနဲ့"

"အေး...လာခဲ့မယ်ကွ။ ငါ့ဖေ့အယ်အတွက် အိပ်ရာခင်းပေးလိုက်အုံးမယ်"

"မအိပ်ခင်လေးမှာ ဦးညာဏကြီးပါ ခေါ်ခဲ့ဟေ့ ဗလကြီး"

"အေး... လာခဲ့ပါ့မယ်ကွာ၊ ငါးခြောက် ကုန်မသွားစေနဲ့အုံး ဗုဇကာရေ"

ဥဩစခန်း ဆင်ဝိုင်းသည် ဟိုယခင်ကလို ဆင်ဝိုင်းမျိုး မဟုတ်တော့။ အမြဲနိုးကြားနေရသည်။ အလှည့်ကျ ကင်းတို ကင်းရှည်ချထားကြရသည်။ ဥဩစခန်းအနီး ပုံတောင်ကြီးဆီက ကျားတွေဆင်း ဆင်းလာတတ်သည်။ ပုံတောင်ကြီးမှာ ညိုမှိုင်းနေသည်။ သရောင်မရှိသော လမိုက်ညများတွင် မည်းမည်းမှောင်နေသည်။ ထိုညမျိုးတွင် ဆင်သမားတို့သည် လင့်စင်ထိုး၍ ကျားကင်း

www.burmeseclassic.com

www.burmeseclassic.com



စောင့်နေကြရတော့သည်။ ဥသြစခန်းသည် ယခုမှ စတင်စတည် ချသော စခန်းသစ်ဖြစ်သည်။ စခန်းဟောင်းမဟုတ်။ ထို့ကြောင့် ဥသြစခန်း ဆင်ဝိုင်းအနီး ကျားတွေချောင်းမြောင်းလာကြသည်။ ကျားရန်မှ ကင်းလွတ်အောင် စုပေါင်းကာကွယ် နေကြရတော့သည်။

ပုံတောင်ပုံညာတောင်တန်းပေါ်တွင် ပုစွန်ဆီရောင် နေရော ပြေးကပေါ်လာပြီး မှောင်မည်းနေသော ဥသြစခန်းလေးသည် အသက်ပြန်ဝင်လာသည်။ ပန်းဆန်ရှာဦးကျောင်းဆီက တုံးမောင်း ခေါက်သံက "တတုံတုံ" မြည်ကာ လေနုအေးနှင့်အတူ ပျံ့လွင့် သွားတော့သည်။ တောကျေးငှက် ကလေးတွေက ပလီပလာ တီတီတာတာ မြည်ကြွေးနေကြ၏။ တချို့က မိုးယံကောင်းကင်ပြင် ကြီးထဲတွင် လေဟုန်စီးကာ ပျံဝဲနေကြသည်။

"အောက်...အီး...အီး...အွတ်...အောက်...အီ...အီး...အွတ်"

"ဟဲ့...ဗလကြီး။ ကိုရင်လူထွက် ငါးပိချက်ရဲ့။ သိပ်အအိပ် မက်မနေနဲ့ ထတော့ကွ။ ညက ကျားကင်းမှာ ဘယ်လောက်ကြာ သွားသလဲ။ မနက်သစ်ရေချိုးရှိတယ်ဆိုတာ သတိထားမှပေါ့ လူလေး"

"ထပါ့မယ် ဖေ့အယ်ရာ။ ညက ကျားအကြောင်း စကား ကောင်းသွားတာနဲ့ ညနက်သွားတယ်ဗျ"

ဗလကြီးသည် ဖေ့အယ် ဉာဏကို သနားသည်။ ဦးဉာဏကြီး မှာ တဖြည်းဖြည်း အသက်ကြီးလာပြီ။ သူတို့ သားအဖ ဒီတော ဒီတောင် ဒီလျှိုမြောင်ထဲတွင် ဆင်နှင့်အတူ ရုန်းကန်ဝါမှ ဝမ်းဝခါးလှပေရော့မည်။ ကျွန်းသစ်တုံးတွေကို ပန်းဆန်ချောင်း



အတွင်းသို့ မိုးမရွာမီ တောင်ပေါ်က ဆွဲချရသည်။ ဆင်ပြောင်ကြီး လည်း သနားစရာ ကောင်းသည်။ တစ်နေ့ကို ကျွန်းသစ်တုံး (၁၀) တုံးလောက် ဆွဲချရသည်။ တချို့နေရာတွင် ကျွန်းသစ်လုံးကို ဆွဲရုံတင်မဟုတ်။ အောင်းချရသည်။ မ, ချရသည်။ လှိမ့်ချရ သည်။ သစ်ဆွဲလမ်းက ကြမ်းလှသည်။ ဗလကြီးသည် ဖေ့အယ် ဉာဏကို အနားယူစေ၍ သူချည်းလုပ်ခွင်ဝင်နေသည်။

"ဟေ့...ဗလကြီး၊ ဖေ့အယ် ဝါးနီးတွေ ကုန်နေပြီကွာ။ ပန်းဆန်ရှာက မှာထားတဲ့ တောင်းတွေအတွက် ဒီတစ်ခါ သွားချရင်နဲ့ နီးဝါး သုံးလေးလုံး ခုတ်ခဲ့ကွာ"

"ခုတ်ခဲ့ပါ့မယ် ဖေ့အယ်ရေ။ ဟင်းကောင်းကောင်းလေး ချက်ထားပါဗျ" "ညောင်ချဉ်ဖူးသုပ်နဲ့ ကင်ပလင်းဟင်းချိုချက် ထားမယ်။ စပ်သီးထောင်းလဲ ပါမှာပေါ့"

ဗလကြီးသည် သစ်ဆွဲလမ်းပေါ်သို့ ဆင်ပြောင်ကြီးကို အသာခေါ်လိုက်စဉ် ဖေ့အယ်ပြောစကားတွေကို သတိရလာ သည်။ နီးဝါးတွေက ကောင်းသည်။ ဖေ့အယ် တောင်းရက် ပလုံး ရက်ဖို့အတွက် နီးဝါးတွေ ခုတ်ရမည်။ တောမြိုင်ညိုထဲမှ ဝါးရုံပင် ကြီးတွင် နီးဝါးကောင်းကို ရွေးခုတ်လိုက်ရမည်။ ပြီးတော့ ဆင် ပြောင်ကြီးနှင့် ပန်းဆန်ချောင်းအထွက်အထိ ကျွန်းသစ်ကို ဆွဲချလိုက်သည်။ ပန်းဆန်ချောင်းအတွင်းရောက်တော့ သစ်နဖား မှ သံကြိုးကိုဖြုတ်ကာ ဆင်ပြောင်ကြီး ကျောပေါ်သို့ ပစ်တင်လိုက် သည်။ ဗလကြီးသည် ဆင်ပြောင်ကြီးကိုစီးကာ နီးဝါးတောဆီသို့ ဆင်းလာခဲ့သည်။

"ဟေ့... ဆင်ပြောင်ကြီး မက်...မက်လေကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဆင်ပြောင်ကြီး ကျောပေါ်ကဆင်းကာ ဗလကြီး မားမြှောင်ချွန်းကို ခါးကြားမှာအိမ်ကထုတ်၍ အသင့်ကိုင်ထားလိုက်သည်။ ဝါးရုံတောသည်လေအဝှေ့တွင် ယိမ်းသမကလေးများပမာကကွက်ဆန်းကလေးကို ကနေသည်နှင့်တူ၏။ ဝါးရုံကြီးထဲမှ နီးဝါးကောင်းကို ရွေးခုတ်လိုက်သည်။ နီးဝါး လေးလုံးကို ဆင်ပြောင်ကြီးကျောပေါ်သို့တင်ကာ နီးဖြင့်ခိုင်အောင် ချည်လိုက်သည်။ ဆင်ပြောင်ကြီးနှင့် မနီးမဝေးနေရာတွင် လားလား။ ဗလကြီး သတိထား ကြည့်လိုက်မိပြန်သည်။

"အပါးပါး နဲ့တဲ့ကျားခြေရာကြီး မဟုတ်ပါလား။ ကျားကြီး၏ခြေရာ ကြည့်ပြီးတော့မှန်းရရင် ရှစ်တောင်ကျား ကိုးတောင်ကျားကြီး ဖြစ်မှာသေချာတယ်။ ဟူး...ဆင်ဝိုင်းက ဆင်သမားတွေနဲ့ ဖေ့အယ်ကို သတိပေးထားရဦးမယ်"

ဗလကြီးသည် ဆင်ပြောင်ကြီးကိုစီး၍ ဉသြစခန်းဆီသို့ အမြန် ပြန်လာခဲ့တော့သည်။ ပုံတောင်ပုံညာတောင်တန်းကြီးမှာ မြွေကြီး တစ်ကောင်လို တွန့်လိမ်၍ သဘာဝအလှ ပြသနေတော့၏။ စမ်းရေလျှဉ်တို့က တသွင်သွင် စီးဆင်းနေကြသည်။

"လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရား.....ရွှေတိဂုံဘုရား ကျားတက်တာ ငါရက်ကြာသဗျ....ဝေါ်ရာတွေဝိုင်း သေနတ်နဲ့ပစ်.... ကျားစင်းစင်းသေ ....."

"အလဲ့...ဟဲ့ ဗလကြီး သီချင်းတွေ ဘာတွေဆိုလို့ပါလား။ ဘာတဲ့ ရွှေတိဂုံဘုရား ကျားတက်သီချင်းလား။ ကောင်းပါ့ကွာ။ ဘယ်က ရလာတာလဲကွ"



"ဖေ့အယ် မသိဘူးလား။ ကျုပ် ကိုရင်ဝတ်တုန်းက ညောင်ကန်ရွာ ဘုန်းကြီးကျောင်းက တတ်လာတာလေ။ ကျုပ်တို့ညောင်ကန်ရွာ ဘုန်းကြီးက၊ မန္တလေးစရိယအောင်ပြီး ခေတ်ပညာတတ် ဘုန်းကြီးဗျ။ မန္တလေးနဲ့ ရန်ကုန်မှာ စာတွေအောင်လာခဲ့တာတဲ့လေ"

"အေးကွ။ ဒီလို ကိုယ်တော်တွေ တောထဲတောင်ထဲရောက်မှပဲ တို့လိုတောသား၊ တောင်သား၊ ဆင်သမားတွေ အသိပညာရမှာပေါ့ကွာ။ ရွှေတိဂုံဘုရား ကျားတက်တာက ဒီနေ့ခေတ်မဟုတ်ဘူးကွ။ ဖေ့အယ် ဉာဏတို့တောင် မမီလိုက်ဘူး။ မင်းအဘိုးငါ့အဖေ ဦးဆန္ဒကြီးတို့ အင်္ဂလိပ်ခေတ်မှာ ဖြစ်ခဲ့တာကွ။ ထူးထူးဆန်းဆန်း ဖြစ်ရပ်ပါကွာ"

"ဟာ...ဖေ့အယ်ရာ၊ အဲဒီ ရွှေတိဂုံဘုရား ကျားတက်တဲ့ အကြောင်းကို ပြောပြပါဗျ။ ဗလကြီး နားထောင်ချင်တယ်"

"အေး...ငါလဲ မေ့တော့တော့ ဖြစ်နေပြီ။ မင့်အဘိုး ဦးဆန္ဒ ရေးမှတ် ထားခဲ့တဲ့ ပေစာတွေရှိတယ်။ ငါဖတ်ပြမယ်"

"ပြောပြနော် ဖေ့အယ်"

"အေး...ပြောပြမယ်။ ဆင်ပြောင်ကြီးအစာ သွားချပေးလိုက်အုံး"

ဗလကြီး ဆင်စာကျွေးပြီး တဲအတွင်းရောက်လာသည်။ ဦးဉာဏသည် ဆင်တဲ၏ ခေါင်မိုးပေါ်တွင် ပုဆိုးအထပ်ထပ် ရစ်ပတ်ထားသော ရေနံချေးဝနေသည့် ပေစာရက်ချုပ်ကို ဖွင့်လိုက်သည်။ ဤ ရွှေပေလွှာကို ဦးဉာဏအဖေ ဘုန်းကြီးလူထွက် ဆင်သမားခေါင်းကြီး ဦးဆန္ဒရေးသားထားရစ်ခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဦးဉာဏသည် မျက်စိကို အသေအချာ ပွတ်သပ်၍ အောက်ပါအတိုင်း ဖတ်နေတော့၏။

၁၉၀၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ရွှေတိဂုံဘုရားပေါ်တွင် ကျားတကောင် ဘုရားဖူးနေသည်။ နယ်ချဲ့ ဗြိတိသျှတပ်သားများက ထိုကျားကို ပစ်သတ်ခဲ့ရဖူးသည်။ ဂျုံးဖြူရေလှောင်ကန်ဒေသမှ ရန်ကုန်ဆင်ခြေဖုံးဒေသသို့ လမ်းလွှဲရောက်ရှိလာဟန်တူ၏။ ထိုကျားမသည် ရွှေတိဂုံဘုရားပေါ်၌ ပစ်သတ်ခြင်း မခံရမီ အချိန်အတန်ကြာ ကာလကာပင် ကုက္ကိုင်၊ ပုဇွန်တောင်နှင့် သားသတ်ရုံ ပတ်ဝန်းကျင်ဒေသများသို့ မကြာခဏရောက်လာ၍ ကျွဲနွားတို့ကို ဖမ်းစားသောကျား ဖြစ်တန်ရာသည်။ ပေ ၈၀ ခန့်မြင့်သော တတိယပစ္စယံပေါ်သို့ ကျားမသည် မိုးမလင်းမီကပင် ရောက်နေဟန်တူသည်။ ထိုအခါ စေတီတော်၏ အထက်ပိုင်းကို ရွှေချရန် ငြမ်းဆင်ထားသဖြင့် ရင်ပြင်မှ ငြမ်းဆီသို့ ရောက်ရန် ယာယီဝါးလှေကား ဆောက်ထားသည်။

ဘုရား ဂေါပကလူကြီး ဦးရွှေပိုင်က ယင်းကိစ္စနှင့်ပတ်သက်၍ နံနက်စောစောလျှင် အရေးပိုင်အား တိုင်ကြားခဲ့သည်ကို ထောက်လျှင် မိုးလင်းပြီးနောက် အချိန်အတန်ငယ်အတွင်း၌ ဘုရားဖူးများက ကျားကို ဦးစွာမြင်ကြဟန် တူပါသည်။ အရေးပိုင်က ပတ်ဝန်းကျင်ရှိ မြို့စောင့်တပ်မှူးဖြစ်သော ဗိုလ်မှူးကြီး အီးလောဖို့(ဒ်) Colonel E Law ford ထံသို့ ကျားကိုပစ်သတ်ရန် စာတစ်စောင် ရေးပေးလိုက်သည်။ ဗိုလ်ကြီး ဘဲဗိလ် Captain Be Vill နှင့်အမြောက်တပ်မှ ဗိုလ်ကြီးဂျင်နင် Captain Jennings တို့နှင့် အတူတူ ဗိုလ်မှူးကြီး အီးလောဖို့ဒ်က ဘုရားသို့ သွားကြပါသည်။



ဗိုလ်ကြီး ဂျင်နင်က နှစ်လုံးပြူး ရိုင်ဖယ် ... ကိုယ်မှာဆောင်လာသည်။ ထိုအချိန်၌ ဘုရားပေါ်ရောက်နေသော ဖတ်လုံတော်၏ မန္တာအက်(စ်) အေခရစ္စတိုဖာ Mr. SA Christopher သည် မော်ဇာပစ္စတိုကို ကိုင်ဆောင်လာပါသည်။

ဘုရားသို့ ရောက်သည့်အခါ ဘုရားရင်ပြင်ပေါ်၌ စိတ်လှုပ်ရှားနေသော မြန်မာနှင့်အိန္ဒိယလူမျိုးများ ပြည့်ကျပ်စွာ ရောက်ရှိနေသည်ကို တွေ့ရသည်။ ကျားမသည် အဆင့်တစ်ခုပေါ်၌ အိပ်နေသဖြင့် ယင်း၏ ကျောက်ကုန်း၊ နောက်ခြေထောက်တစ်ဖက် အမြီးတို့ကိုသာ ရင်ပြင်မှ မြင်နိုင်သည်။ ရင်ပြင်မှနေ၍ ကျားကို သေနတ်တစ်လက်ဖြင့် ပွဲချင်းပြီး ပစ်သတ်ရန် လွယ်ကူမည်မဟုတ်ပေ။ ထို့ကြောင့် ဗိုလ်မှူးကြီး လောဖို့(ဒ်)က ဘုရင့်လီဗာပူတပ်ရင်း King's Liverpool Regiment မှ ရိုင်ဖယ်သေနတ်ကိုင်တပ်သား ၁၀ ယောက်ကို သွားခေါ်ရန် ဗိုလ်ကြီး ဘဲဗိလ်အား လွှတ်လိုက်ပါသည်။ တပ်သား ၁၄ ယောက် ရောက်လာပါသည်။ ဗိုလ်မှူးကြီး လောဖို့ဒ်သည် တပ်သားများကို ခုနစ်ယောက်စီ ပါဝင်သည့် အစုနှစ်စုခွဲ၍ အာရုံခံတန်ဆောင်း၏ ဘေး တစ်ဖက်တစ်ချက်တွင် နေရာယူစေပါသည်။

ထိုအချိန်တွင် ဗိုလ်ကြီး ဂျင်နင်သည် ကျားကို ကောင်းစွာ မြင်နိုင်အောင် အာရုံခံတန်ဆောင်း ခေါင်မိုးပေါ်သို့ တက်ရောက်ပါသည်။ ထို့နောက် ဗိုလ်မှူးကြီး လောဖို့ဒ်က တပ်သားတစ်စုအား ကျားမကို တစ်ပြိုင်တည်းပစ်ရန် အမိန့်ပေးပါသည်။ ယင်းတို့ တစ်ပြိုင်တည်း ပစ်လိုက်သဖြင့် ကျားမထခုန်သောအခါ ဗိုလ်ကြီး ဂျင်နင်က နှစ်လုံးပြူး ရိုင်ဖယ်သေနတ်ဖြင့် ဘယ်ညာနှစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။ သို့သော် ကျားမသည် ချက်ချင်းမသေဘဲ အထိရာရသဖြင့် ကုန်းထရန် ရုန်းကန်ရင်း အမြီးလှုပ်ရမ်းနေသည်။ ဗိုလ်မှူးကြီး လောဖို့ဒ်သည် အခြားတပ်သားတစ်စုအား တစ်ပြိုင်တည်း ပစ်ခတ်ရန် အမိန့်ပေးပြန်သဖြင့် ပစ်ခတ်လိုက်ရာ ကျားမဝပ်ကျသွားသည်။ ဗိုလ်ကြီး ဂျင်နင်သည် နောက်တစ်ချက် ထပ်ပစ်လိုက်ရာ ကျားမသည် မလှုပ်တော့ပေ။ ဗိုလ်ကြီး ဂျင်နင်သည် ဝါးလှေကားအတိုင်းတက်၍ ကျားလဲနေရာအဆင့်သို့ ရောက်သောအခါ ကျားမှာ မသေသေးဘဲ ညည်းညူနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျား၏ နှလုံးသားဆီသို့ နောက်တစ်ချက် ထပ်မံပစ်ခတ်လိုက်သည်။ ထို့နောက် ကျားကို အောက်သို့ချလာရာ ရှစ်ပေအလျားရှိသော ကျားမငယ်ဖြစ်ကြောင်း တွေ့ကြရပါသည်။

ပြည်လမ်းမှ ရွှေတိဂုံစေတီရှိရာသို့ ခွဲခွာသွားသောလမ်းအတိုင်း ကျားမသည် စေတီသို့ရောက်အောင် သွားခဲ့ဟန် တူသည်။ ယင်းလမ်းကို ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပြီးနောက် ဦးဝိစာရလမ်းဟုခေါ်တွင်သည်အထိ တိုက်ဂါးအယ်လီ Tiger Alley ဟုခေါ်တွင်ခဲ့သည်။ ရွှေတိဂုံဘုရား ကျားတက်ခြင်း အထိမ်းအမှတ်အဖြစ်ဖြင့် ဘုရားရင်ပြင်တော်ပေါ်ရှိ ပြတိုက်နှင့် မျက်နှာချင်းဆိုင် ဘုရား၏ အရှေ့တောင်ထောင့်တွင် ကျားရုပ်ကို ကျား၏ နဂိုအရွယ်အတိုင်း သစ်သားဖြင့် ပန်းပုထုထားသည်။ ယင်းကျားရုပ်သည် ဘုရားရင်ပြင်တော်ပေါ်၌ နှစ်ပရိစ္ဆေဒ အတော်ကြာ တည်ရှိခဲ့ပါသည်။ သို့သော် ကာလကြာသောအခါ ယင်းကျားရုပ်သည်



ပျက်စီးယိုယွင်းသွားသဖြင့် ဘုရားရင်ပြင်တော်ပေါ်မှ ဖယ်ရှားလိုက်ပါသည်။

ဦးညာဏကြီးသည် ပေစာထဲမှ ရွှေတိဂုံ ကျားတက်သည့်အကြောင်း စိတ်ဝင်တစား ဖတ်မှတ်လိုက်သည်။ သားငယ် ဗလကြီးကို စီကာပတ်ကုံး အသေအချာပြောပြလိုက်သည်။ ဗလကြီးသည် ခေါင်းတညိတ်ညိတ် နားဆင်နေသည်။

“ဖေ့အယ်...ကျား တွေဟာ သားအဖ၊ ညီအစ်ကိုတွေနဲ့ တွေ့ရမှာ သိပ်ကြောက်တယ့်လို့ ကြားဖူးတယ်။ ဟုတ်ရဲ့လား ဖေ့အယ်”

“ဟုတ်တယ် သားဗလကြီးရေ။ သားအဖ၊ ညီအစ်ကိုဆိုတာ သွေး စည်းတယ်၊ ညီညွတ်တယ်။ စည်းလုံးတယ်။ တစ်ဦးနဲ့တစ်ဦး အေးအတူပူအမျှ နေကြတယ်။ ဒီတော့ ကျားကကြောက်တာပေါ့”

“ဟာ... ဒါဆိုသားတို့ ဗလကြီးနဲ့ ဖေ့အယ်ဉာဏကြီးကို ကျားတွေ ကြောက်သွားကြမှာပေါ့နော်။ သားအဖဆိုတော့လေ”

“အေး...ဟုတ်တယ် ဗလကြီး။ ကဲ ညနက်သွားပြီ အိပ်တော့”

ဥဩစခန်းကလေးသည် သစ်ပင်အုပ်ဆိုင်းဆိုင်းအကြားတွင် အနက်ရောင် ဝတ်ရုံကြီးကို လွှမ်းခြုံနေသည်။ ဆင်ပိုင်းစခန်းတဲငယ်လေး တစ်လုံးစ နှစ်လုံးစဆီမှ မီးခွက်မီးကလေး မှိတ်တုတ်မှိတ်တုတ်သာ တွေ့နေရတော့သည်။ တောစပ်တွင်ရှိကြသော ခ်ဲးကွက်မောင်နှံသည် တကွက်ကွက် အော်မြည်နေပါသည်။ သအမှောင်သည် ကောင်းကင်ပေါ်မှ ငွေကြယ်ကလေးများကြောင့် ဖုံးလွှမ်းနိုင်ပေ။ ခုနစ်စင်ကြယ်သည် အမြီးထောင်လျက်ရှိ၏။

www.burmeseclassic.com



ညပြီးလျှင် နေ့ရောက်လာသည်မှာ ခမ္မတာဖြစ်သည်။ ပုံတောင်ပုံညာ၏ အလှသရုပ္ပသည် သစ်တောသစ်ပင်များဖြစ်သည်။ ဤ သစ်တောသစ်ပင်များကို နယ်ချဲ့အင်္ဂလိပ်ခေတ်မှ ယနေ့အထိ ထုတ်ယူ၍ မကုန်နိုင်အောင် ရှင်သန်လျက်ရှိသည်။ သစ်ထုတ်လုပ်ရေးစခန်း ဥသြဆင်ဝိုင်းမှ ကျွန်းသစ်များစွာကို နှစ်စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။ အချိန်မှာ မနက်ခင်းအခါ မင်္ဂလာရာသီလေး ဖြစ်ပါသည်။ ဗလကြီးနှင့် ဦးညာဏတို့သည် မိမိတို့၏သစ်ဆွဲဆင်ပြောင်ကြီးအား လိုက်လံရှာဖွေ နေကြသည်။ ဥသြဆင်စခန်းနှင့် သုံးမိုင်အကွာ ပုံတောင်ကြီးဝိုင်းအတွင်း ရောက်ရှိနေကြ၏။ ပုံတောင်တောသည် အတွင်းနက်နက်ဝင်လာလေလေ တောကြီးမားလေဖြစ်သည်။ တောနက်သဖြင့် ဗလကြီးတို့ သားအဖသည် မိမိတို့အားကိုးရာလှံဓားများကို ကိုင်ဆောင်ဝင်လာရသည်။ နေရောင်သည် သစ်တောကြီးများက အုပ်ဆိုင်းကာရံထားသဖြင့် မြေပြင်ပေါ်သို့ လုံးဝမကျနိုင်။ တောအတွင်း မှည်းမှောင်နေသည်။

"ဟေ့...ဗလကြီး သား။ သတိထားနော်။ သားရဲတွေက ဒီနားမှာ ကြမ်းတယ်။ ဆောင်ဓားကို အသင့်ပြင်ထားကွ"

"ဖေအယ်ကလဲဗျာ။ တောဘုရင်ကျားတွေဟာ သားအဖနဲ့ ညီ အစ်ကိုဆိုရင် ကြောက်တယ်လို့ ဖေအယ်ပြောထားသားပဲ"

"ဒါပေါ့ ဗလကြီးရဲ့။ သတ္တဝါသွေးဆိုတာ အဲဒီလိုလူမျိုးတွေမှာ တူညီ ကြတာကို၊ တို့သားအဖလည်း အရေးကြီးက သွေးနီးတယ်လေ"



"ဟူး... ဆင်ပြောင်ကြီးက ဘယ်တော ဘယ်တောင်အထိ ခြေဖွေ ဖောက်ပြီး လျှောက်သွားနေတယ် မသိဘူး။ ဖေအယ်ရေ။ ဆင်ခလောက်သံကိုတောင် မကြားရသေးဘူးဗျ"

အဝေးဆီက တောသံတွေမြူးနေသည်။ တစ်တောတစ်တောင်လုံးသည် စိမ်းလဲ့နေသည်။ ရွက်ချင်းယှက်၍ ပင်ချင်းအုပ်နေသော တောကြီးသည် သာမောဖွယ်ကောင်းလှသည်။ ဗလကြီးနှင့် ဦးညာဏသည် သစ်အုပ်တစ်ခုကို ဖြတ်လျှောက်နေကြ၏။ အနီးအနားတွင် မြက်ရိုင်းတောကြီးများက လွှမ်းဖုံးနေသည်။ တောတောင်တစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

"ဟိုက်"

"အမလေးဗျ"

"ဟာ... ဖေအယ်...ဖေအယ်"

"သား...သား ဗလကြီး"

တိတ်ဆိတ်ငြိမ်သက် သာယာနေသော တောအလှသည် အကျည်း တန်သွားချေပြီ။ ငါးတောင်ကျော်ရှိသော ကျားကြီး တစ်ကောင်သည် သစ်ပင်ပေါ်မှ ဦးညာဏအပေါ်သို့ ခုန်အုပ်လိုက်သည်။ ဖေအယ် ဦးညာဏနှင့်ကျား လုံးထွေးနေသည်။

"ဖေအယ်...ဖေအယ်ကို ကျားကိုက်ပြီ"

အဖော်ပါလာသော သားဗလကြီးက အသင့်ပါလာသော လှံကြီးဖြင့် ကျားကြီးကို လေးချက်တိတိ ထိုးချလိုက်သည်။ ကျားသည် ဗလကြီး၏ လှံချက်အောက်ဝယ် "တဝုန်းဝုန်း" ဟိန်းဟောက်ကာ မချိမဆန့် အသက်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဦးစီး ဦးညာဏ၏ဝဲဘက်မျက်နှာနှင့်ဝဲဘက် လက်မောင်း အကိုက်ခံလိုက်ရသည်။ ရင်ဘတ်နှင့်ကျောတို့တွင် အကုတ်ခံရကာ ဒဏ်ရာများစွာ ရရှိသွားလေသည်။ ဗလကြီးသည် ခါးအကြားတွင် ပါလာသောအချက်ပေးကျွဲချိုကို မှုတ်လိုက်သည်။

"တူ.....တူ.....တတူတူ.....တူ.....တူ"

ကျွဲချိုမှုတ်သံကြောင့် ခဏအကြာတွင် ဥဩဆင်ဝိုင်းမှ ဆင်သမား များ ရောက်ရှိလာကြသည်။ ဆင်ဦးစီး ဦးညာဏကြီးကို ထမ်းစင်ဖြင့် သယ်လာကြသည်၊ ကျားသေကြီးကို ဥဩ ဆင်ဝိုင်း စခန်းဆီသို့ သယ်ယူလာခဲ့ကြ၏။ ဆင်ဝိုင်းရောက်လျှင် ဆင်ခေါင်းကြီး ဦးစိန်ဝင်းက ဦးညာဏကို မြို့နယ်ဆေးရုံကြီးသို့ တင်ရန် ဆင်နှင့် ခေါ်ဆောင်သွားတော့သည်။ သစ်ထုတ်လုပ်ရေးဌာနမှ ဆင်ဦးစီး တစ်ဦး ကျားကိုက်ခံရကြောင်းသတင်းသည် တောမီးပမာမြို့အနှံ့ ရွာတစ်ခွင် ပျံ့နှံ့သွားတော့သည်၊ ပြည်သူ့ဆေးရုံကြီးသို့ ကျားကိုက်ခံရသော ဆင်သမားကြီး ဦးညာဏအချိန်မီ ရောက်ရှိ သွားခဲ့သည်။ ဦးညာဏကို ဆင်ဆရာဝန်က ရှေးဦးသူနာပြုစုနည်းဖြင့် ကြိုတင်ကာကွယ် ကုသပေးသဖြင့် သွေးထွက်မလွန်ခဲ့ပေ။ ဆေးရုံအုပ်ကြီး နှင့် ဆရာဝန် ဆရာမများက ဆင်ဦးစီး ဦးညာဏကို အတွင်းလူနာ ဆောင်တွင်ထားကာ အထူးအလေးပေး ကုသခဲ့ကြသည်၊ ဦးညာဏ တစ်ယောက် အသက်ဘေးမှ ချမ်းသာရာ ရခဲ့သည်။ သားဗလကြီး သည် ကျားကိုက်လူနာ ဦးညာဏကို လိုက်ပါပြုစုရန် ဆေးရုံကြီးသို့ ရောက်လာခဲ့သည်။ ဒီ သားအဖနှစ်ယောက်ထဲရှိရာ အကြင်နာ ပိုကဲလှပါသည်။ သားဗလကြီးကို မြို့နယ်ဆရာဝန်ကြီးက အကြောင်းစုံမေးလာသည်။ ဆရာဝန်ကြီးမေးသမျှ ဗလကြီးဖြေခဲ့ရသည်။



"ကျားကိုက်လူနာအမည် ဘယ်လိုခေါ်သလဲ"

"ဆင်သမား ဦးညာဏလို့ ခေါ်ပါတယ်"

"ဦးညာဏနဲ့မောင်ရင်နဲ့ ဘာတော်သလဲ"

"သားအဖတော်ပါတယ်။ ကျုပ်နာမည်က ဗလကြီးပါ"

"အလုပ်အကိုင်က....."

"ဆင်နောက်လိုက် ပဲ့ချိတ်ကြီး"

"ဦးညာဏကိုကိုက်တဲ့ကျားက ဘယ်အရွယ်လောက်ရှိပြီလဲကွာ"

"ကျားက ကျားထီးပါ။ ငါးတောင်ကျော်...ကျော်ရှိပါတယ်။ ဥဩ ဆင်ဝိုင်းစခန်းနဲ့ (၃) မိုင်အနီးမှာ ခုန်အုပ်အကိုက်ခံရတာပါ"

"ဩော်...အေး...အေး"

"ဖေ့အယ် ဉာဏကြီး အသက်မသေနိုင်ပါဘူးနော်..."

"ဆေးရုံကို အချိန်မီရောက်လာတော့ အသက်အန္တရာယ် မစိုးရိမ်ရတော့ပါဘူး"

"ဗလကြီးလှံနဲ့ ကျားကြီးကို ဘယ်နှစ်ချက် ထိုးလိုက်ရသလဲ"

"လေးချက်လောက်ရှိပါတယ်။ အသက်အိမ်ရှိတဲ့ ဘယ်လက်နံကြားကို"

"တော်...တော်အသက်ပြင်းမှာပဲ၊ မင်းလဲသတ္တိတော်တော်ကောင်းတာပဲနော်။ ကျားကြီးက ငါးတောင်ရှိပြီး အမြင့်ဘယ်လောက်ရှိသလဲ"

"အမြင့်က ခြေထောက်ကတိုင်းရင် နှစ်ပေလောက်ရှိပါတယ်"

"ကျားကြီးရဲ့ခြေက အကြီးကြီးလား"

"ကျားကြီးခြေရာကြီးပေါ့ ဆရာရယ်"

ဿဿဿဿဿ

www.burmeseclassic.com

www.burmeseclassic.com

# လွမ်းဆွတ်မြိုင်ခြေ မြူနိုးဝေ

မြူက ဝေနေဆဲဖြစ်သည်။ နေခြည်သည် နှင်းမှုန်များ အကြားမှတိုးဝေ့ဝင်လာဆဲဖြစ်၏။ တောကြက်ဖ၏ တွန်သံသည် နံနက်ခင်း၏အလှကို ပိုမိုပြည့်စုံနေစေပြန်၏။ တစ်ခါတစ်ရံတော ဖိုးခေါင်ငှက်၏တွန်သံကို ကြားနေရသည်။ ဟေမန်ဦးဖြစ်၍ တောစပ်တစ်ခိုမှာ တောပန်းတွေ ရောင်စုံပွင့်နေကြသည်။ သဇင်ပန်းတွေကလည်း ပင်နှန်းတစ်ခိုမှာ ပွင့်၍ဖူး၍ မွှေးနေ၏။ ဗလကြီး ရင်တွေခုန်နေသည်။ ဗလကြီးရင်ထဲ ဘာလိုလိုကြီးဖြစ်နေ၏။ ကိုရင်ထွက်ပြီးချိန်ကတည်းက နှလုံးသားထဲတွင် ရင်ခုန်သံမြန်လာသည်။ ဆင်တစ်ရပ် မြင့်မားသော ကိုင်းတောထဲမှ ဆင်ခလောက်သံက တဒုံဒုံထွက်ပေါ် ရွေ့လျားလာနေ၏။ ဆင်ပြောင်ကြီးထံ အသံပေးလိုက်သည်။

"ကျွတ်...ကျွတ်...စုတ်...စုတ်...စုတ်ဆင်ပြောင်ကြီး...ဖေ့သားကြီး"

ဆင်ပြောင်ကြီး မိမိအသံကို ကျက်မိနေပြီ။ ဆင်ပြောင်ကြီးသည် ကိုင်းတောထဲမှ အတင်းတိုးဆင်းလာသည်။

"ဆင်ပြောင်ကြီး...လာ...လာ...လာ...လာလာ"

"ဟောင်နော်...ဟောင်...ဟောင်"

ဗလကြီး တောင်တန်းပေါ် မှဆင်း၍ ဆင်ပြောင်ကြီးဆီ လာခဲ့သည်။ နှုတ်မှ "မလုပ်နဲ့" ဟု ရွတ်အော်နေရသည်။

"မက်...မက်...မက်...မက် ဆို"



ဆင်ပြောင်ကြီးကို ဝပ်ခိုင်းလိုက်သည်။ ဗလကြီးအသံကြားလျှင် ဆင်ပြောင်ကြီး ဝပ်ချလိုက်သည်။ ပါးစပ်မှ "ဟောင်နော်... ဟောင်... ဟောင်" ဆင်ပြောင်ကြီးဆီ တိုးသွားသည်။ ဓားကို အသင့်အနေအထား ကိုင်ထားရ၏။ ရှေ့ဒူးတစ်ဖက်ပေါ် မှ လှမ်းခန့်ခုန်ကာ ကုတ်စီးပေါ် တက်ထိုင်လိုက်ရသည်။ တောတန်းကိုဖြတ်၍ ဆင်ပြောင်ကြီး မြိုင်ထဲဝင်သွားသည်။ စိမ်းညို့ရီပြာသော တောင်တန်းကြီးများကိုကြည့်၍ ဗလကြီးရင်ထဲမှာ အလွမ်းလှိုင်းအိကလေးတွေ ထလာသည်။ ရင်မှာ ဘာလိုလိုကြီးဖြစ်နေသည်။ လွမ်းတာလား၊ ဆွေးတာလားတမ်းတရခြင်းလားဟူ၍ ဗလကြီး မသိသေး၊ သို့သော် ရင်ခုန်နေသည်။

မြန်မာနိုင်ငံ၏ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ ရှိသည့်အနက် ကြိုးဝိုင်းတောမှာ စတုရန်းမိုင်ပေါင်း ၃၈၆၆၆ ဖြစ်သည်။ ကြိုးပြင်တောမှာ ၁၁၁၂၂၃ စတုရန်းမိုင် ရှိသည်။ စုစုပေါင်း သစ်တောဧရိယာ စတုရန်းမိုင် ၁၄၉၈၈၉ ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ အကျယ်အဝန်း ၅၇ ရာခိုင်နှုန်းမှာ သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။ ဗလကြီးသည် မြန်မာ သစ်တောရတနာအတွင်း မွေးဖွားခဲ့သည်။ သစ်တောများနှင့်လည်ပင်းဖက်ကြီးလာရသည်။ အချိန်တန်အရွယ်ရောက်သော် ဆင်ပြောင်ကြီးကိုစီးကာ သစ်တောထဲဝင်၍ သစ်ထုတ်လုပ်ရပြန်၏။ သစ်တောကြီးများကိုကြိုးဝိုင်း၊ ကြိုးပြင်ဟူ၍ သတ်မှတ်ထား၏။ ကြိုးဝိုင်းဆိုသည်မှာ အုပ်ချုပ်မှုလွယ်ကူစေရန်နှင့် လူများသိသာစေရန် ကြိုးဝိုင်းနယ်နိမိတ်တွင် သစ်ပင်၌မှန်ထစ်ခွာ၍ "အစိုးရ" တံဆိပ်ရိုက်ခြင်း၊ ကြော်ငြာပြားများကပ်ခြင်း၊ နယ်နိမိတ်တိုင်များစိုက်ခြင်းတို့ဖြင့် အထင်အရှားသတ်မှတ်ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံရှိ သစ်တောများသည် သဘာဝရတနာများဖြစ်၏။ နိုင်ငံတော်မှကြီးကြပ်ကာ ကိုယ်ပိုင်အုပ်ချုပ်လုပ်ကိုင်နိုင်သည့် လုပ်ကွက်ဌာနကြီးတစ်ခုအဖြစ် ထာဝစဉ်ရှင်သန်နေစေရန် ရည်သန်ခြင်းဖြစ်သည်။ မထုခွဲနိုင်သည့် ဘုံအမွေဆိုင် သစ်တောများမှ မျက်မှောက်ကာလတွင် ထုတ်လုပ်သုံးစွဲရုံမက နောင်လာနောက်သားများ အဆက်မပြတ် သုံးစွဲအကျိုးခံစားနိုင်ရေးအတွက် စီမံထားရန်ဖြစ်သည်။ သစ်တောပညာကို လက်တွေ့ဆည်းပူးရေးနှင့် သုတေသနပြုရေးတို့အတွက် ပညာရပ်ဆိုင်ရာ ပညာဗိမာန်များ သဖွယ် အကျိုးပြုစေရန် အာသီသထားကြပါသည်။ ထာဝစဉ်ရှင်သန်နေစေရန် အုပ်ချုပ်ထိန်းသိမ်းထားခြင်း ဖြစ်သည်။ မြန်မာ့သစ်တော (၈) မျိုးရှိသည်၊ ဒီရေတောများ၊ သောင်ပြင်နှင့်သဲခုံတော စိမ့်တော၊ အမြဲစိမ်းတော၊ ရွက်ပြတ်ရောတောများ၊ တောခြောက် အင်တိုင်းတော၊ တောင်ပေါ်တောများဟူ၍ ခွဲခြားထားနိုင်ပါသည်။ ဗလကြီး မွေးရပ်ဒေသမှာ ရွက်ပြတ်တောဖြစ်သည်။ ထောက်ကြံ့ နှော၊ ဘင်္ဂ၊ ယမနေ၊ ဖက်ဝန်းနံ့ပဲ၊ ကျွဲ၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း၊ မျောက်ချော၊ ပျဉ်းမ၊ လယ်ဇင်ပွန်း၊ ဇစ်၊ တင်းဝါး၊ ကြသောင်းဝါး၊ မျှင်ဝါးနှင့် ကျွန်းရွှေဝါတို့ ပေါက်ရောက် ရှင်သန်နေကြသည်။

"ဟေ့…ဗလကြီး။ အေးရွှာက လေးမာက နှင့်အတွက် ဆေးလိပ် လက်ဆောင်တွေ ပေးလိုက်တယ်ဟေ့။ ရော့ဟေ့… လာယူကွာ။ အေးရွှာကို ဘယ်တော့လာအုံးမှာလဲတဲ့"

ဆင်တိုင်းတဲနောက်တွင် ဆူးပုပ်ရွက်ခူးနေသော ဗလကြီး ရင်ထဲနင့်သွားသည်။ လေးမာပေးလိုက်သော ဆေးလိပ်



လက်ဆောင်ကို သာဉာဏ်တဲဘက်တွင် သွားရောက်ကာ အပြေးယူလိုက်သည်။

"ကိုဗလကြီး ဆေးလိပ်တွေ သိပ်မသောက်နဲ့နော်။ ကျန်းမာရေးထိခိုက်တယ်သိလား"

"လေးမာရယ်၊ တောထဲမှာ တစ်ယောက်ထဲဆိုတော့ ဆေးလိပ်လေးပဲ အဖော်လုပ်နေရတာ"

"ဟင်း… ပြောလိုက်ရင် ဒီလိုမျိုးပဲ။ ဆေးလိပ်လျှော့သောက်နော်"

"အင်းပါကွယ်… လေးမာရယ်"

ဗလကြီးနှင့်လေးမာ ခင်မင်နေခဲ့သည်မှာကြာပြီ။ ယခုတော့ လေးမာရဲ့ ဆေးလိပ်လက်ဆောင်တွေကြည့်ပြီးတော့ ဗလကြီး ရင်ထဲ ဗလောင်ဆူစေသည်။ ဗလကြီးမျက်ဝန်းက လေးမာကို စကားတွေအများကြီး ပြောခဲ့သည်။ လေးမာက ဂုဏ်ကြီးရှင်၊ ဗလကြီးက မိတဆိုး ဆင်သမား၊ ဘဝတွေက ခြားနေသည်။ မိုးနဲ့မြေလွှာ ပုံပမာပေးသည်။ လေးမာသည် အေးရွာတွင်အလှကွမ်းတောင်ပန်းတောင်ကိုင် ဖြစ်သည်။ အေးမာက အလှသရဖူဘုရင်မ။ ဗလကြီးကဆင်သမား ဘဝမလှ အညတရ။ အေးရွာ၏ အလှသရဖူဘုရင်မလေးနဲ့ ဗလကြီး ဆင်ပြောင်ကြီးစီးရင်း ကြုံတွေ့ခဲ့ရသည်။ ပုံတောင်ပုံညာတောထဲကို အေးရွာက လေးမာတို့ လှည်းဖြူတစ်သိုက် မျှစ်လာချိုးကြသည်။ မှိုလာရှာကြသည်။ သည်မှာတင် ဗလကြီးနဲ့ တွေ့ရသည်။ လေးမာမျှစ်နွှာရင်း ဓားထိ၍ ဗလကြီး အကူအညီပေးခဲ့ရ သည်။ ဆင်ပြောင်ကြီးနဲ့ အေးရွာအထိ လေးမာကို လိုက်ပို့ပေးခဲ့သည်။ ဒီလိုနဲ့ အေးရွာက လေးမာ

www.burmeseclassic.com

www.burmeseclassic.com



ကို ဗလကြီးသိခဲ့မြင်ခဲ့ကြင်နာခဲ့ရသည်။ အခုတော့ ပုံတောင်ပုံညာတောင်တန်းကြီးတွင် မိုးလအချိန်မို့ လွမ်းဖွယ်မှိုင်ခြေတွင် မြူခိုးဝေနေပြီ။ ဗလကြီးရဲ့ ရင်ထဲအသည်းထဲတွင်လည်း မှိုင်ခြေတော၏ လွမ်းမောဖွယ် ဖန်ဆင်းမှုကြောင့် အချစ်မြူခိုးတွေက တဝေဝေ။

"ဟေ့...ဗလကြီး ဘာငေးနေတာလဲကွာ။ ဆေးလိပ်တွေယူ"

"အေး...အေးပါကွာ။ သာညာကြီးရ။ မင်းသောက်ဖို့ ဆေးလိပ်ယူ ထားလိုက်အုံး"

"နေပါစေကွာ။ လေးမာက မင့်တစ်ယောက်အတွက်..."

"ဒါနဲ့ နေပါအုံး။ အေးရွာက လေးမာတစ်ယောက် နေလို့ကောင်းရဲ့လားဟ" "လေးမာ...လေး နေကောင်းသမှ ဒေါင်ဒေါင်မြည်လို့ပါမျှား ဘာမှမပူပါနဲ့ ဗလကြီးရယ်။ နှင် အေးရွာကိုသွားလိုက်အုံးလေ"

"အေးကွာ။ ငါအေးရွာကို သွားချင်ပါတယ်။ ဒါပေမယ့် မနက်ဖြန် ငုတ်ထုတ်ဖို့ရှိတယ်လေ။ မင်းကော မလိုက်ဘူးလား သာညာကြီး"

"မှိုင်ခြေတောစခန်းကို မဟုတ်လား"

"အေး...အေး...ဟုတ်တယ်"

ကျွန်းငုတ်မှာ သစ်မျှောချောင်းအထိ ဆင်လိမ္မာစွမ်းအားကို အခိက ထား၍ သစ်ဆွဲထုတ်ခြင်းကို "ငုတ်ထုတ်ခြင်း" ဟုခေါ်၏။ ငုတ်ထုတ် လုပ်ငန်းကို ငုတ်ရင်းမှတိုင်းဆိပ်သို့၊ တိုင်းဆိပ်မှ အပ်ဆိပ်သို့ဟူသော ထိုနှစ်ဆင့်ကို ဆင်နှင့်သစ်ဆွဲပို့ကြရသည်။ လူသားများ အမှတ်တမဲ့ထားကြသော ဆင်၊ တိရစ္ဆာန်များ၏ စွမ်းအားသည် စင်စစ်တွင် လူတို့နှင့်လက်ပွန်းတတီးရှိသည်။



တခမ်းတနား ထုတ်ယူရန်မလိုသော စွမ်းအင်အရင်းအမြစ်များဖြစ်သည်။ ကမ္ဘာပေါ်တွင် လူတို့စေခိုင်းသော တိရစ္ဆာန် ဦးရေ သန်းပေါင်း ၄၀၀ ရှိသည့်အနက် နွားနှင့် နွားနောက် ၂၄၆ သန်း၊ ကျွဲ ၆၀ သန်း၊ မြင်း ၂၇ သန်း၊ လား ၄၀ သန်း၊ မြည်း ၁၀ သန်း၊ ကုလားအုတ် ၁၆ သန်း၊ လာမာ (ပီရူးနိုင်ငံတွင်သုံးသော ဝန်သယ်တိရစ္ဆာန်တစ်မျိုး) ၁ သန်းနှင့် ဆင် ၂ သောင်း ရှိမည်ဟု ခန့်မှန်းစာရင်း တင်ထားပေသည်။

မြန်မာနိုင်ငံတွင် စစ်ကြိုခေတ် ခိုင်းဆင်ဦးရေ ၆၀၀၀ ခန့်ရှိခဲ့ရာ စစ်အတွင်း ဂျပန်တပ်များသည် ကိုဟီးမား၊ အင်ဖာတိုက်ပွဲတွင် စစ်သုံးဆင်များအဖြစ်သုံးခဲ့သဖြင့် သေကျေပျက်စီးခဲ့ရသည်။ မျက်မှောက်ကာလတွင် ထက်ဝက်ခန့်သာ ကျန်ရစ်ပေတော့သည်။ ထိုလက်ကျန် ဆင်များနှင့် မြန်မာသစ်တောလုပ်ငန်းကြီးတွင် သစ်ထုတ်လုပ်ရာတွင် ဆင်ကိုအသုံးပြုလျက် ရှိနေပါသည်။

"ဗလကြီး...ဗလကြီး...နင့်ရဲ့ဆင်ပြောင်ကြီး ထူးပြုတ်သွားပြီဟေ့၊ သွားဖမ်းလိုက်အုံးနော်"

"အေး...အေး သွားဖမ်းထားလိုက်မယ်"

တောမှိုင်ခြေတစ်ခွင်လုံးမှာ မင်းလွင်မြူခိုးတွေ ဝေလာပြီ။ သန္တာရိုးနီအင်ကြင်းပန်းတို့ အစီအရီ ပွင့်ဖူးနေကြသည်။ အင်ကြင်းပန်းသည် လှ၏။ မွှေး၏။ အင်ကြင်းပန်းတို့ သင်းကြိုင်လျှင် လွမ်းရပ်မြေကို ကင်းခွာ၍ တောကြီးမှိုင်ခြေရပ်သို့ ချဉ်းရတော့မည်။ ဗလကြီးတို့ ဆင်တွေရော ဆင်သမားတွေပါ အလိုလိုသိနေကြသည်။ ဗလကြီး ဆင်ပြောင်ကြီးကိုစီး၍ အေးရွာဖက်သို့မှန်း

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့၏။ တောပန်းအင်ကြင်းရနံ့တွေက တကြိုင်ကြိုင် တသျှိုင်သျှိုင် သင်းပျံ့နေသည်။

"ဟော့...လေးမာ...လေးမာ... နင်ဖို့ အင်ကြင်းပန်းတွေရော ရော့ယူ၊ နင်ပေးလိုက်တဲ့ဆေးလိပ်လက်ဆောင်တွေ ရတယ်ဟာ"

လေးမာသည် ဗလကြီးကမ်းပေးလိုက်သော အင်ကြင်းပန်းတွေကို လှမ်းယူလိုက်သည်၊ ရင်ခွင်ထဲသို့ ပွေ့ချီထားလိုက်သည်။ ပြီးတော့ အင်ကြင်းပန်းဖွံ့ထွားထွားလေးကိုရွေးကာ ခေါင်းတွင် ဝေနေအောင် ပန်လိုက်သည်။ ဗလကြီးသည် လေးမာကိုကြည့်ကာ ပီတိဝေနေသည်။ ဗလကြီးသည် လေးမာမြင်အောင် ပြုံးပြလိုက်သည်။ လေးမာသည် ရှက်စနိုးဟန်ဖြင့် ခေါင်းကလေးငုံ့နေသည်။

"လေးမာ...နင့်ကို ငါပြောစရာစကားတွေ ရှိတယ်"

"ဘာတွေပြောမှာလဲ ပြောပါ။ အများကြီးပြောလေ"

"လေးမာ..... နင့်ကို ငါကြိုက်တယ်ဟာ ချစ်မိနေပြီဟာ"

"ဟင်.....အို.....ဘာကြီးမှန်းမသိဘူး"

လေးမာ အင်ကြင်းပန်းတွေကို လက်ကကိုင်ကာ ပြေးထွက်သွား သည်၊ လေးမာ၏ ပါးပြင်ကလေးသည် နီရဲနေ၏။ ဗလကြီးသည် အမှတ်တမဲ့ ဘာလုပ်ရမည်မသိ။ ငေး၍သာ ကျန်ရစ်နေခဲ့သည်။ တကယ်တော့ လေးမာသည် အေးရွာတွင် ဂုဏ်ကြီးရှင်ဖြစ်သည်။ လေးမာ၏ဖခင်မှာ ရွာ၏ခေါင်းဆောင် ဖြစ်သည်။ ရွာတွင် လယ်မြေ ယာမြေ တောင့်တင်းသည်။ လေးမာအိမ်က ပျဉ်ထောင်အိမ်သွပ်မိုးဖြစ်သည်။ ဗလကြီးမှာ တောသားအညတရဆင်သမား။ တောထဲတောင်ထဲ ဆင်တွေနဲ့



တစ်နေကုန် တစ်နေခန်း ရှန်းကန်နေရသည်။ ဘဝတွေက မိုးနဲ့မြေလို ကွာသည်။ လေးမာက အဖြူ၊ ဗလကြီးက အမည်း၊ ဒါတွေကို ဗလကြီးသိနေသည်။ ရင်ထဲအသည်းထဲတွင် ဆို့နင့်နေသည်။ ရင်ထဲမှာ အနေကြာမြင့်ခဲ့သောအစိုင်အခဲကြီးကို ဗလကြီး ဒီကနေ့ လေးမာကို ပြောပြလိုက်ပြီ။ လေးမာ မုန်းသွားပြီထင်၏။ ဗလကြီး ဆင်ပြောင်ကြီးကိုစီးကာ ဆင်ဝိုင်းမြိုင်ခြေ တောကိုပြန်လာခဲ့သည်။

"ဟာ...ဒီကောင် ဆင်ပြောင်ကြီး မြန်မြန်သွားစမ်းကွာ"

"ဝုံး.....ဝုံး.....ဝုံး....."

"အမယ်လေး ဆင်ပြောင်ကြီးရယ် အသံပေးနေပြန်ပြီ"

ကမ္ဘာပေါ်တွင် ဆင်မျိုးရင်းပေါင်း ၃၅၂ မျိုးရှိသည့်အနက် မျိုးစိတ် နှစ်မျိုးသာ ရှိတော့၏။ ပတ်ဝန်းကျင်၏ဒဏ်ကို ကြံ့ကြံ့ခံလျက် ရှင်သန် နိုင်ခဲ့သည်။ ဇီဝသိပ္ပံအမည်အားဖြင့် လောဇိုဒွန်တား အာဖရိက ကင်နားဟူသော အာဖရိကဆင်နှင့် အယ်လ်လီဖက်စ် မက်ဇင်းမတ်စ်ဟူသော အာရှဆင်တို့ဖြစ်ကြသည်၊ ယင်းတို့သည် ရှေးနှစ် ၅ သောင်းခန့်ရှိ ပလေစတို့ဆင်းဘူမိလေတ်တွင် ရှင်သန်ခဲ့သော သိပ္ပံအမည်အယ်လ်လီဖတ်စ် ဂျက်ဖာဆိုနီဖြစ်သည့် ရှေးမာမော့သ်ဆင်ကြီးများမှ ဆင်းသက်လာခြင်း ဖြစ်သည်။ အာရှဆင်သည် ကိုယ်လက်ကိုယ်ဖန်ကျစ်လျစ်ပြီး ခြေလက်တုတ်ခိုင်ကာ ခိုင်းဆင်အဖြစ် အသုံးပြုနိုင်သည်။ အာဖရိကဆင်မျိုးကို ခိုင်း၍မရပေ။ အမြဲစိမ်းတောများတွင် အုပ်စုဖွဲ့နေတတ်သော အာရှနွယ်ဝင် မြန်မာဆင်၏ သိပ္ပံအမည်မှာ အယ်လ်လီဖက်စ် မက်ဇင်မတ်စ်ဗာမင်းနီးကပ်စ်ဖြစ်သည်၊ အမြင့်ဆုံး ၇ ပေ ၉ လက်မခန့်ရှိပြီး ၃ တန်မှ ၄ တန် ကြားလေး၏။ ငှက်ပျောကိုင်းအကျ

www.burmeseclassic.com

www.burmeseclassic.com



ပံ့ရှိသော ဆင်မျိုးသည်၊ သစ်ဆွဲရန် အသင့်လျော်ဆုံးဖြစ်၏။ မြန်မာသစ်ဆွဲဆင်များအနက် ၇၈ ရာခိုင်နှုန်းမှာ "စွယ်စုံ" များဖြစ်ကြ၏။ ၁၂ ရာခိုင်နှုန်းမှာ အစွယ်တစ်ချောင်းသာရှိသော "တယ်" များဖြစ်ကြသည်။

ကျန် ၁၀ ရာခိုင်နှုန်းကား အစွယ်မရှိသော ဆင်ပေါက် "ဟိုင်း" များဖြစ်ကြသည်။ ဟိုင်းများ၏ နှာမောင်းသည် အစွယ်မဲ့ခြင်းအတွက် သဘာဝက အစားပေးထားသည်နှယ် တောင့်တင်းသန်မာကာ ကျွန်းသစ်လုံးကြီးများကို "မ" နိုင်စွမ်းကြသည်။ မြန်မာ့ကျွန်းသစ်ထုတ်လုပ်ရေးတွင် ဆင်များကို အဓိကထား၍ အသုံးပြုရသည်။ ဒုတိယကမ္ဘာစစ်ပြီးသည့် နောက်ပိုင်းမှစ၍ စက်ယန္တရားများကို သုံးလာကြသည်။ သို့သော် မြန်မာပြည်၏ ပထဝီအနေအထားအရ တောတောင်ထူထပ်သော တောင်ကမ်းပါးများ၊ မတ်စောက်သောဒေသများတွင် အဖိုးတန်ကျွန်းများ ရှိတတ်၏။ ယန္တရားများ မပေါက်နိုင်သော နေရာဖြစ်သည်။ စက်ယန္တရားများသည် ၄၅ ဒီဂရီမတ်စောက်သော တောင်ကုန်းနှင့် ကျောက်တုံးကြီးများ ပေါသောခင်တန်းတွင် မလှုပ်ရှားနိုင်ကြပေ။ ဆင်သည်သာ လူတို့ခဲယဉ်းစွာ သွားလာရသော လျှိုမြောင်တောင်ကမ်းပါးများတွင် လွယ်ကူစွာသွားနိုင်ပေသည်။ တောင်ကမ်းပါးထံမှ ကျွန်းတုံးများကို မြှောင်ချောင်းအတွင်းသို့ ထိုးချပေးကြရပေသည်။ ဆင်ကို သစ်ထုတ်လုပ်ရာတွင် လက်လွှတ်၍ မရကောင်းပေ။

"ဟေ့…ဆင်ပြောင်ကြီး အမြီးကျမှတစ်မနေနဲ့ အုပ်လိုက်ရ…ဟင်း"

"ဝှူး…ဝှူး…ကျီ…ကျီ"



"ဟဲ့…ဆင်ပြောင်ကြီး အောင်းလေကွာ။ အောင်းချမှပေါ့"

ဗလကြီးက ဆင်ပြောင်ကြီးကို ကျွန်းသစ်တုံးကြီးအားနှာမောင်းနဲ့ ပတ်လိမ်ကာ တွန်းချရန်လမ်းညွှန်လိုက်သည်။ ဆင်ပြောင်ကြီးသည် ကျွန်းသစ်တုံးကြီးကို နှာမောင်းနဲ့ ပတ်ဆွဲ…ဆွဲချလိုက်သည်။ ကျောက်တအစွန်းကြီးနှင့် လွတ်ထွက်သွားသောအခါ သူ၏ရှေ့မျက်နှာ ခေါင်းအုံးကြီးဖြင့် ဖိတွန်းချလိုက်သည်။

"ဝုန်း…..ကျိုင်း…..ဗြောင်း"

ကျွန်းသစ်လုံးကြီးသည် ချောက်မြောင်ကြား စမ်းရိုးထဲသို့ ပြုတ်ကျသွားတော့သည်။ ထိုအခါမှ ဗလကြီးသည် ဟင်းချနိုင်တော့၏။ ဗလကြီး အသက်ရှူချောင်သွားသည်။ မြန်မာ့သစ်ဆွဲဆင်များကို ကျွေးမွေးရသည့် စရိတ်မှာသက်သာသည်။ အလုပ်သိမ်း၍ လွှတ်ကျောင်းပေးလျှင် ဝါး၊ နွယ်နှင့်မြက်များ ရှာစားကြသည်။ ဆင်တုံးမနွယ်ကို အထူးနှစ်သက်၏။ ဝယ်ကျွေးရသောဆား၊ မန်ကျည်းမှည့်အပြင် အချိန်ပိုသစ်ဆွဲပေးနိုင်သည်။ ဓိုးရှိသောဆင်မများအတွက် စပါး၊ ပြောင်း၊ ကြံကို အထူးဝယ်၍ ပြုစုကျွေးမွေးကြရသည်။ ဗလကြီးသည် တစ်မိုးချုပ် တစ်နေဝင်အောင် ဆင်နှင့်နှစ်ပါးသွားနေကြရသည်။

ဆင်ပြောင်ကြီးသည် သခင်ဗလကြီးအပေါ် စိတ်ကောင်းရှိသည်။ ခိုင်းသမျှ စေသမျှ တာဝန်ကျေကျေ ထမ်းရွက်လျက်ရှိသည်။ ဆင်ပြောင် ကြီးသည် ဓွဲရှိသည်။ သတ္တိရှိသည်။ အလုပ်ကိုလုံ့လဝီရိယထား လုပ်ကိုင်တတ်၏။ ဆင်ပြောင်ကြီးသည် အမည်းရောင်၊ မဟူရာဂဝံစုံကို အမြဲဆင် မြန်းထား၏။ ပန်းပြောက်နီများဖွေးနေသည့် ဦးခေါင်းကြီး။ နီရဲမှုန်တော သေးငယ်စူးရှသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမှုား။ ကြီးမားသော ငှက်ပျောကိုင်းကိုယ်ထည် ခြသေ့ ထိုင်၊ ကြီးမားဝပြည်စ်နေသည့် ထိပ်ဖြတ်ထားသည့် အစွယ်တစ်စုံ။ လှုပ်ခါရမ်းနေသော ပန်းပြောက်ဖွေးနေသည့် ဆင်နှာမောင်းကြီး တဒုံဒုံမြည်လျက် ဆင်သံခလောက်ကြီး။ တမြောင်းမြောင်း တချွင်ချွင်မြည်နေသည့်၊ ဆင်ချည် သံကြိုးရှည်ကြီးများ။ ဆင်ပြောင်ကြီး ခန္ဓာကြီးသော်လည်း လှုပ်ရှားမှု ခြေသံမှာ တိတ်ဆိတ်ညင်သာလွန်းလှပါသည်။ ဆင်ဘဝ၊ ဆင်ဓလေ့၊ ဆင် စိတ်သဏ္ဍာန်တို့ကို ဗလကြီးကောင်းစွာသိ၏။ ဆင်မများသည် အသက် ၁၈ နှစ်မှ ၅၅ နှစ်အထိ ပင်ပန်းကြီးစွာ သစ်ဆွဲရလျှင် သက်ပြည့် ၈၀ အထိ မနေရတတ်ပေ။ ဆင်များသည် ၅ နှစ်မှ ၁၆ နှစ်အထိ ဆင်ကျောင်းစခန်းတွင် သစ်ဆွဲသင်ရသည်။ ၁၆ နှစ်မှ ၂၄ နှစ် အတွင်း သစ်လုံးသေး စဆွဲရ၏။ ၂၅ နှစ်မှ ၃၅ နှစ်အထိ အားကောင်း၊ အသိဉာဏ်ထက်၍ ကိုယ်အလေးချိန်နှင့်ညီသော သစ်လုံးကိုပင် ဆွဲနိုင် သော သက်တမ်းဖြစ်၏။ ၃၅ နှစ်မှ ၄၅ နှစ် အထိမှာ အစွမ်းကုန် ကြီးထွားသော အရွယ်ရောက်ချိန်ဖြစ်၏။ မိတ်လိုက်ရန် အမြဲအသင့်ဖြစ်နေတတ်ပြီး၊ အလုပ်ရှောင်နည်း များကိုလည်း ကောင်းစွာ၊ တတ်မြောက်နေပေပြီ။ မွန်းတည့်ဆင် ၏အရွယ်မှာ ၄၅ နှစ်မှ ၅၀ တွင်ဖြစ်၍ အကျဘက်သို့ ယိမ်းလာ၏။ အလုပ်သိမ်းချိန်တွင် သစ်ရိပ်ဝါးရိပ်ခို၍ အစာမကြေလေပြန် တက်နေတတ်၏။ နားရွက်နှစ်ဖက်ကိုလည်း ခလေးကန်စွာခတ်၍ နေတတ်သည်။ မွန်းလွဲဆင်၏အရွယ်မှာ အသက် ၅၀ နှစ်မှ ၆၀ ကြားတွင် ဖြစ်၏။ ဇရာလက္ခဏာ ပြလာပြီ။ အားကောင်းမောင်း သန်အရွယ်က စံချိန်ဖြစ်ခဲ့သော "ရှေ့ခြေရာထက် တစ်ပေခန့်



ကျော်၍ နောက်ခြေချခြင်း"မှာလည်း လျော့ပါးလာသည်။ အသက် ၇၀ မှ ၈၀ ကြားတွင် သက်တမ်းကုန်လေ့ရှိသည်။ ဗလ ကြီး ဖေ့အယ်နှင့်လက်တွေ့ဘဝက သိခဲ့မှတ်ခဲ့ရသော ဆင် အကြောင်းဖြစ်သည်။

ပထမတန်းဆင်သည် သစ်နှစ်တန်မှ ခြောက်တန်အထိ ဆွဲနိုင်သည်။ ဗလကြီး၏ ဆင်ပြောင်ကြီးမှာ ပထမတန်းစားဝင် ဆင်ကြီးဖြစ်သည်။ ဒုတိယတန်းဆင်သည် သစ်တစ်တန်မှ နှစ်တန် ထိ ဆွဲနိုင်၏။ သစ်ဆွဲရာသီဖြစ်သော ဇွန်လဆန်းမှ မေလ ဆန်းအထိ ၉ လလုပ်၍ နွေတွင် နားကြရလေသည်။ လုပ်ငန်းခွင် ၏ ပေ ၂၀၀၀ ကျော်မြင့်သော တောင်ကမ်းပါးတွင် ဆင်နှင့်ဆွဲရ သောအခါ ဆင်နှင့်ဆင်ဦးစီးတို့ မကျွမ်းကျင်၍ တိမ်းပါးမှုရှိပါက တောင်အောက်ကျ၍ အသက်နှစ်သက်ဆုံးရသော အဖြစ်များ လည်းရှိခဲ့သည်။ မျှောချထားသောသစ်လုံးများ ရေကြောင်းလွဲ၍ ကမ်း၌မတင်စေရန် ဆင်ဖြင့်ရေလိုက်ခြင်း ပြုရသည်။ အခန့်မသင့် ပါက ဆင်ရောလူပါမျောပါ၍ ပျက်စီးမှုရှိတတ်သည်။ ရေစီး ရှိန်ဖြင့် မျောပါလာသောသစ်လုံးကြီးများ ရိုက်မိ၊ ထောင်းမိ၍ အနာတရဖြစ်ပြီး ဆင်များဆုံးပါးတတ်သေးသည်။

ဗလကြီးတို့ ဆင်သမား ဆင်ဦးစီးဘဝကားမလွယ်။ အသက် ဘေးအန္တရာယ်ကို မိတ်ဆွေဖွဲ့နေရသည်။ ရေမျောကမ်းတင် သစ်လုံးများစွာ ကြက်တောင်ဝံယှက် ကိုးရိုးကားယားစုပုံနေပြန် လျှင်လည်း နောင်လာမည့်ရေနှင့် မျောပါသွားနိုင်ရေးအတွက် ဆင်ဖြင့်ချောင်းရေမှီမည့်နေရာသို့ ထိုးချပေးရသည်။ မြေပြင်တွင် ပြန့်ကျဲနေသော သစ်လုံးများကို ဆင်ဖြင့်အောင်လိုပြီး သေသပ်

www.burmeseclassic.com



ရွာ စုပုံထားကြရသည်။ နေဝန်းနီနီသည် ပုံတောင်ပုညာတောင်တန်း နှုတ်ခမ်းဖျားသို့ ခမ်းတင်သွားပေပြီ။ အိပ်တန်းဝင် ငှက်ကျေးသာရကာတို့သည် သူ့ကိုနေရာ သူတို့ဂေဟာသို့ ပြန်လာကြတော့၏။

ယခုအချိန်အခါတွင် အေးရွာချောင်းက ရေဆိပ်တွင် လေးမာတို့ လုပ်ျမြှုတစ်သိုက် ရေအိုးကိုယ်စီပိုက်ကာ ရေခပ်ချိန်ဖြစ်သည်။ လေးမာတို့ ရေခပ်ချိန်လေးတွင် လူပျိုကာလသား အေးရွာသားတို့ကလည်း ပလွေကျူး၍ ချစ်ရေးငင်လျက်ရှိကြပါသည်။ အေးရွာသည် မြူခိုးတွေနှင့် ဝေမှောင်နေသော ရေခပ်ချိန်အလှစခန်းမှာ သာယာနေသည်။ လူပျို အပျိုတို့၏ အချစ်သင်္ဂါရ–ရသ လွှမ်းခြုံနေရာ ဒေသလေးဖြစ်သည်။ လူသားတိုင်းသည် နှလုံးသားရှိကြ၏။ နှလုံးသားမြစ်ဖျားခံ စီးဆင်းလာသော မေတ္တာတရားသည် နှုံးညံ့သိမ်မွေ့ဖွယ်ရာဖြစ်သည်။ အချစ်ရည်ဆမ်းနေသော ညနေချိန် ရေခပ်စမ်းကလေးသည် လူ့သဘာဝအလှဖွဲ့တစ်ခု ဖြစ်သည်။ ဗလကြီးမှာ ဆင်သမား။ ဆင်သမားဘဝ ဗလကြီးသည် တောစခန်း တောင်တန်းတွင် ဆင်ပြောင်ကြီးစီး၍ သစ်ရေချနေရသည်။ “စီး ပလေစေ မောင်မသုတ်နဲ့ တုတ်တုတ်ကျခွေး” ဆိုသလို ဗလကြီး ဆင်ပြောင်စီးကာ ချွေးတွေရွှဲနေသည်။ ချွေးပွင့်ကလေးများသည် ညနေချမ်းလေပြေအေးကလေးနှင့်အတူ ပြန်လည်ပျောက်ကွယ်သွားတတ်သည်။ ဗလကြီး လုပ်ငန်းခွင်ဝင်နေရ၍ အလွမ်းသောကတွေ ရင်မှာပြည့်နေသည်။

“ဟေ့…ဗလကြီး။ ဒီသစ်ပုံပြီးရင် စခန်းပြန်သွားကြမယ်”



“အေး…ဟေ့…သာဉာဏ် မင့်ဆင်မ၊ ငါ့ဆင်ပြောင်ကြီး လာလာပိုးနေတယ် သတိထားနော်”

“ဘာလဲ ဗလကြီး ငါ့ဆင်မယဉ်သာနဲ့ မင်းဆင်ပြောင်စုတ်ကို သဘောမတူလို့လားကွ။ ကဲ…ဟေ့ သစ်တွေရွှေ့ပြီးပြီ ပြန်ကြမယ်”

“တူပါတယ်ကွာ။ ကဲသွားကြမယ်”

ဗလကြီးလာခဲ့ပါပြီ။ ဆင်ကြီးစီး၍ ဗလကြီးလာခဲ့ပြီ။

လာခဲ့ပါပြီ။ ဗလကြီး လာခဲ့ပြီ။ အေးရွာက လေးမာဆီကို ဗလကြီး အပြေးလာခဲ့ပါပြီ။ ဒီနေ့ ဗလကြီးတို့၏ ဆင်စခန်းကလေး အနားရသည်။ အားလပ်သည်။ ဗလကြီး အားလပ်ချိန်ကလေးတွင် ဆင်ပြောင်ကြီးကို တောစခန်း တောင်တန်းအကြားတွင် အပန်းဖြေစေသည်။ တောထဲတွင် ဆင်ပြောင်ကြီးကို လွှတ်ကျောင်းထားလိုက်သည်။ ဆင်ပြောင်ကြီးသည် ပုံတောင်ခြေမြိုင်တောတန်းသို့ ခလောက်သံဆူဆူညံညံနှင့် တောတက်သွားသည်။ ဗလကြီး ဆင်ပြောင်ကြီး၏ ခြေရာကောက် ပိုင်လှသည်။ သဘာဝကပေးထားသော ဗီဇအသိဉာဏ် ဗလကြီးတွင် ရရှိထားပြီး ဖြစ်သည်။ မှန်ပါသည်။ ဆင်သမားတို့သည် မိမိဆင်ခြေရာကို မှတ်မိ၏။ ဆင်၏ သွားဟန် ခြေရာအနေအထား အချို့က ရှေ့ခပ်စိုက်စိုက်ခြေရာထင်၏။ အချို့က တည့်တည့်ချသည်။ အချို့ဆင်ဦးစီးများက လမ်းဘေးသစ်ပင် ဝါးပင်ကိုကြည့်သည်။ ညာဘက်ကိုသန်သောဆင်က ညာဘက်ရှိသစ်ပင်တို့ချိုးလေ့ရှိသည်။ ဘယ်သန်က ဘယ်ဘက်မှာ ချိုးလေ့ရှိသည်။ ယုတ်စွအဆုံး ဆင်၏ကျင်ကြီးကျင်ငယ်စွန့်သည်ကစ၍ ခွဲခြား

www.burmeseclassic.com



နိုင်၏။ ဆင်ချေးတုံးငါးတုံး ပါနေကျဆင်က ပါပြီး ခြောက်တုံး ပါနေကျဆင်က ခြောက်တုံးပါသည်။ ကျင်ငယ်စွန့်ရာမှာ အချို့ဆင်က လမ်းသွားရင်းစွန့်ကာ အချို့ဆင်က ရပ်၍စွန့်၏။ ဗလကြီးသည် ဆင်ပြောင်ကြီးသဘာဝလေးကို သိနေသည်။ ဆင်အကြောင်းကို ခရေစေ့တွင်းကျ သိနေသော်လည်း လူ့အကြောင်းကိုတော့ ဗလကြီးမသိ။ ဗလကြီး ပုံတောင်ပုံညာ မြိုင်ခြေတောအတွင်းက အင်ကြင်းတောထဲ အင်ကြင်းပန်းတွေ ခူးခဲ့သည်။ လေးမာ၏ အဖြေလွှာမှာ ရင်ဖိုစကားတွေ ပါလေမလား။ ဗလကြီး ရင်တွေခုန်နေသည်။ နှလုံးတုန်နေသည်။ ဗလကြီးရဲ့ ချစ်အဖြေလွှာတွင် အမုန်းမြားတွေ စိုက်လိုက်လေမလား စိုးရိမ်စိတ်တွေဝင်နေသည်။ အေးရွာနှင့် ဗလကြီးတို့ ဆင်ဝိုင်းမြိုင်ခြေ တောက အလှမ်းဝေးလွန်းလှသည်။ တစ်တောဝင်တစ်တောင်တက် ဗလကြီး ခရီးဆက်ခဲ့ရသည်။

"တကူး…ကူး…တကူး…ကူး"

တောင်ခြေတောစပ်က ရွှေချိုးကူသံကား နာပျော်ဖွယ်ဖြစ်သည်။ ချိုးကလေးတွေက ကျွန်းပင်ထက်ဖျားတွင် ရွှေလည်တွဲကာ ကူချွဲနေကြသည်။ ဗလကြီး ရင်တွေက ပို၍ပို၍ ခုန်လာရတော့သည်။ ဗလကြီးနှင့်လေးမာဘဝသည် တစ်မိုးတစ်မြေစီ ခြားနေ၏။ မိုးနှင့်မြေလွှာပမာ။ လေးမာဘဝက မိုးကောင်းကင်။ ဗလကြီးဘဝက မြေလွှာပြင်။ မတူညီသောဘဝ။ မညီမညာလှသောသာဓက။ အေးရွာဘက်ဆီက တိုက်ခတ်လာသော တောင်လေကလေး သွေးသွားသည်။ ဗလကြီးရင်ထဲ အေးသွားရသည်သို့ရှိ၏။ နားထဲတွင် အသံသဲ့သဲ့ တိုးညှင်းဝင်လာသည်။ အသံချိုစက်သံ။ သီချင်းသံ လေပြေလေးအဝေ့ဝယ် ညှင်းညှင်းပြေပြေလေး ကြားလိုက်ရသည်။



"အခါတော်ပေးတာက နတ်ရေးတဲ့ ရွှေဖူးစာ… ကောင်းခြင်းသင်္ဂါ…ခြောက်…ကောင်းခြင်း မင်္ဂလာ…ရတုချိန် အခါ…ဝေဆာ…ဝေဖြာ…ရှမ်းတင်…ရှမ်းတင့်ကမ္ဘာ…..ချမ်းမြေ့….. ချမ်းမြေ့…..ကြည်ကြည်သာ….."

ဗလကြီး အေးရွာဘက်ဆီသို့ တစ်လှမ်းချင်း ခြေလှမ်းနေပါသည်။ အေးရွာကလေးသည် အဝေးတွင် မှုန်မြမြ မှိုင်းညိုနေ၏။ အမြင်နီးပေမယ့် သွားရမည့်ခရီးမှာ ဝေးနေသေးသည်။ အေးရွာဘက်ဆီက လာနေသော နွားတစ်ရှည်းနှင့် လူတစ်ယောက် လမ်းမှာတွေ့လိုက်ရသည်။ ဗလကြီး အသံချိုစက်သံကို စူးစမ်းမေးမြန်းမိသည်။

"ဗျို့…..အစ်ကိုကြီး ဒီနေ့ အေးရွာမှာ အလှူရှိတယ်ထင်တယ်။ ဘယ်သူ့အလှူလဲဗျ"

"အလှူမဟုတ်ဘူးဗျ။ မင်္ဂလာလေ။ မင်္ဂလာဆောင်။ ကျေးလက်ကျန်းမာရေးမှူးဆရာစိုးမြင့်နဲ့ ကျုပ်တို့ရွာ ကွမ်းတောင်ကိုင်လေးမာတို့ မင်္ဂလာဆောင်"

ဗလကြီးလက်ထဲက အင်ကြင်းပန်းစီးကြီး လွတ်ကျသွားပါသည်။ ဗလကြီး မျက်လုံးအစုံသည် ပြာဝေသွားသည်။ ကမ္ဘာကြီးသည်ပတ်ချာ လည်နေသည်ဟူ၍ ဗလကြီးထင်မိသည်။ ပုံတောင်ပုံညာ တောင်တန်းကြီး ပြိုကျသွားပြီဟု မြင်လိုက်မိသည်။ အသံချိုစက်မှာ အေးရွာဆီက ကြည်နူးဖွယ် မင်္ဂလာဘေးသီချင်းသံတွေ ဗလကြီးနားထဲသို့ အတင်း အဓမ္မတိုးဝင်လာသည်။ ဗလကြီး မကြားလိုတော့။ ဗလကြီးမမြင်လိုတော့။ ဗလကြီး

www.burmeseclassic.com



မသိလိုက်တော့။ အောက်သို့ လွတ်ကျသွားသော အင်ကြင်းပန်းစီးကြီးကို ကောက်ယူကာ အဝေးဆုံး အဝေးဆီသို့ တအားကုန်လွှင့်ပစ်လိုက်သည်။ ဗလကြီးနားနှစ်ဖက်ကို လက်နှစ်ဖက်နှင့်ပိတ်ထားလိုက်သည်။

"ရက်စက်လိုက်တာ လေးမာရယ်။ လေးမာပေးလိုက်တဲ့ချစ် အဖြေလွှာဟာ ဗလကြီး ရင်မီးကို ပူလောင်ခဲ့ပါပြီ လေးမာ"

"တကူး.....ကူး....ကူး....တကူးကူး.....ကူး"

ကျွန်းပင်ထက်ဖျားဆီက ရွှေချိုးငယ်မောင်နှံက ရွှေလည်တွဲလို့ ချစ်တင်းဆိုနေကြပြန်သည်။ ချိုးဖို၊ ချိုးမလေးတွေကတီတီတာ ပလီပလာ ခွန်းတုံ့ချစ်တင်းမေတ္တာနှင်းအဝ်နေကြသည်။ ဗလကြီး မျက်လုံးအိမ်မှာ မျက်ရည်များဝဲနေသည်။ ဗလကြီး၏ ရင်ခုန်သံတွေ မြန်သထက် မြန်နေ၏။ အနောက်ဆီသို့ ဦးတည်ရွေ့လျားလျက်ရှိသော ခြေလှမ်းများကို မြိုင်ခြေတောဆင်ဝိုင်းဆီသို့ ဦးတည်ချက် ပြောင်းလဲလိုက်သည်။ ဗလကြီးရင်ထဲဝယ် အသည်းစိုင်များက တစ်စစီ တစ်စစီ ပြိုကွဲနေကြပြီ။ ပုံတောင်ပုံညာတောင်တန်းကြီးက ပြာပြာ။ စမ်းရေစီးသံတွေကသာသာယာယာ။ လွမ်းဖွယ်မြိုင်ခြေတောမှာ မြူခိုးတွေဝေ့နေပြီလေ။ ။

♣ ♣ ♣ ♣ ♣

# မျိုးဆက်သွေးလောင်း ဆင်မျိုးကောင်း

မှိုင်းပြာဝေမှောင်သော ပုံတောင်ပုံညာ တောင်တန်းကြီးသည် နေခြည်သစ်ကို စောင့်ကြိုနေ၏။ နေလုံးနီသည် အရှေ့အရပ်ဆီက ဝင့်ဝင့်ကြွားကြွား တင့်တင့်ထွားထွား ပေါ်ထွက်လာတော့ပေမည်။ သစ်ခုတ်သမားနှင့် ဆင်သမားတို့သည် နေခြည်သစ်ကို အတူတွဲ၍ လုပ်ငန်းခွင်ထဲ ဝင်ရောက်နေကြသည်။ သစ်ခုတ်သမားတို့က ကျွန်းရွှေဝါ တောမြိုင်ထဲတွင် အလုပ်လုပ်နေကြ၏။ ဆင်သမားများသည် ဆင်ကိုယ်စီကို စီးနင်းကာ သစ်ချသစ်တင်သစ်သယ် ကိစ္စအသွယ်သွယ်ကို ရက်ကန်းလွန်းရှုယ်သလို လုပ်ကိုင်နေကြရ၏။ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် နေလုံးနီကိုခေါင်းတွင်ပန်ဆင်ကာ လုပ်ငန်းခွင်ဝင်နေကြသည်။ ဆင်သမားများသည် ဆင်ဝိုင်းစခန်းများဖွဲ့၍ တောကြီးမျက်မည်းထဲတွင်တစ်တောဝင် တစ်တောင်တက် ရာသက်ပန်ခရီးဆက် နေထိုင်ကြရသည်။ သည်တောတောင်ကြီးထဲတွင် အုပ်စုဆိုကတည်းက တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ကာ ဆင်နှင့်သစ်ဆွဲနေကြရသည်။

"ဖေ့အယ် ... ဆင်ဦးရေ တိုးပွားရေးဆိုပြီး မေထုန်မဲ့နည်းနဲ့ အကောင်အထည်ဖော်ဖို့ ဧည့်သည်တွေ ရောက်လာမယ်တဲ့။ အဲဒီဧည့်သည်တွေ သားသွားကြိုရမယ်"

"ဟုတ်တယ်သား ဗလကြီးရေ ... မနက်က တောအုပ်ကြီးဆရာမြက ပြောလိုက်သေးတယ်။ ဒီသစ်လေးကို ထင်းချောင်းဖူးချပြီးရင် ပြန်ကြရအောင်။ သား ဧည့်သွားကြိုရမယ် မဟုတ်လား"

www.burmeseclassic.com



"ဟုတ်တာပေါ့ ဖေ့အယ်ရ။ ဒီသစ်က ဆင်ပြောင်ကြီးချမှ ရမှာဆိုလို့။ ဒီသစ်ကိုရေချလာရတာ။ ဖေ့အယ်အပြန် ထမင်းချက် ထားပေတော့"

"အေးပါကွာ။ လျှိုင်ဖူးနဲ့ ညောင်ချဉ်ရွက်ခူးလာခဲ့မယ်"

"ဟာ...ဖေ့အယ်ရေ။ ထမင်းမြိန်ဦးတော့မှာပဲ။ လျှိုင်ဖူးကို ဟင်းချိုချက်ပြီး ညောင်ချဉ်ဖူးလေး သုပ်ထားလိုက်ပါဗျာဖေ့အယ်"

*"အေးပါကွာ သား ဗလကြီးရာ"*

ဗလကြီး ဆင်ပြောင်ကြီးစီးကာ ချောင်းဖျားထဲသို့ ဝင်သွားပြီ။ တစ်တော တစ်တောင်လုံးသည် တောသံ တောင်သံတို့နှင့် လွှမ်းဖုံးနေ၏။ ယခုဆိုလျှင် ဆင်ဦးရေ တိုးတက်ရေးအတွက် သမားရိုးကျနည်းဖြင့် နေ၍မရတော့ပေ။ သစ်လုပ်ငန်းကို ဆင်များစွာနှင့် ခေတ်မီအောင် အစွမ်းကုန် ဆောင်ရွက်ရတော့မည်။ ဆင်ဦးရေ တိုးတက်ရန် မြန်မာနိုင်ငံတွင် မေထုန်မဲ့နည်းဖြင့် စမ်းသပ် လုပ်ဆောင်တော့မှ ဖြစ်မည်။ သို့မှသာ ဆင်မျိုးကောင်း မျိုးသန့်များ ပေါက်ဖွားပေလိမ့်မည်။ မြန်မာ့သစ်လုပ်ငန်း၏ သစ်ထုတ်လုပ်မှုကဏ္ဍတွင် ဆင်သည် မရှိမဖြစ် လိုအပ်နေသည်။ ဆင်ဦးရေ တိုးပွားရေးကို ကြံဆကြိုးပမ်းနေသော မြန်မာ့သစ်လုပ်ငန်းတွင် ယခုအခါ ဆင်မေထုန်မဲ့ သားစပ်လုပ်ငန်းကို စမ်းသပ် ဆောင်ရွက်လျက်ရှိသည်။ ထိုသားစပ်နည်း အောင်မြင်ပါက ကမ္ဘာတွင် ပထမဆုံး အောင်မြင်မှုရသော နိုင်ငံအဖြစ် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။

ဆင်သည် မြန်မာ့သစ်လုပ်ငန်း၏ အဓိကအင်အားဖြစ်၍ ဆင်တစ်ကောင်သည် တစ်နှစ်လျှင် သစ်တန် ၂၀၀ ထုတ်လုပ်နိုင်



သည်။ ဆင်၏ စွမ်းအားဖြင့် မြန်မာ့သစ်လုပ်ငန်းမှ ပြည်တွင်း ပြည်ပအတွက် အဖိုးတန်အမျိုးမှန် ကျွန်းသစ်များ ထုတ်လုပ်ပေးလျက်ရှိသည်။ ဆင်မေထုန်မဲ့ သားစပ်ခြင်းလုပ်ငန်းကို ဆင်ဦးရေ တိုးပွားရေး ဦးတည်၍ စမ်းသပ်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် အမေရိကန်ပြည်ထောင်စုမှ မစ္စတာ မိုက်ကယ်ဂျေရှမစ်မှ လာရောက်ပြသရန် ကမ်းလှမ်းချက်ကို ဝန်ကြီးဌာနက သဘောတူညီမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသဘောတူညီချက်ဖြင့် ပဲခူးတိုင်း အရှေ့၊ ပျဉ်းမနားမြောက် သစ်ထုတ်ရေးဒေသ လဲဝန်းစခန်းတွင် ဆင်မေထုန်မဲ့ သားစပ်လုပ်ငန်းကို ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်မှ ၁၅ ရက်နေ့အထိ လုပ်ဆောင်ခဲ့သည်။ ဆင်မေထုန်မဲ့ သားစပ်လုပ်ငန်းကို မြန်မာ့သစ်တောလုပ်ငန်းပိုင် ဆင်အထီး ခုနစ်ကောင်နှင့် အမလေးကောင်ကို စမ်းသပ်ဆောင်ရွက်ခဲ့သည်။

ဆင်မေထုန်မဲ့ သားစပ်နည်းသည် အနာဂတ်အတွက် ဆင်မျိုးကောင်း မျိုးသန့်များကို ကြာရှည်စွာ ထိန်းသိမ်းနိုင်မည့် အကျိုးတရား ရရှိစေမည်ဟု သိရသည်။ ထို့ပြင် ဆင်များ၏ မျိုးရိုးဗီဇအရည်အသွေးကို မြှင့်တင်နိုင်ပြီး သဘာဝနည်းဖြင့် ဆင်မများနှင့် သားစပ်ရန် ဆင်ထီးကို သယ်ဆောင်ရန် အခက်အခဲမရှိဘဲ အကုန်အကျ သက်သာကာ ဆင်ထီး၏မျိုးရည်ကိုသာ သယ်ဆောင်ပြီး ဆင်မရှိသည့် မည်သည့်ဒေသမဆို ယူဆောင်သားစပ်နိုင်သည်။ ကိုယ်အင်္ဂါချို့ယွင်းမှု (သို့မဟုတ်) အကြောင်းအမျိုးမျိုးကြောင့် သဘာဝနည်းဖြင့် သားစပ်ခြင်း မပြုလုပ်နိုင်ကြသည့် ဆင်ထီး (သို့မဟုတ်) ဆင်ထီးအား လက်ခံခြင်းမပြုသည့် ဆင်မ

www.burmeseclassic.com

www.burmeseclassic.com



များအား မေထုန်မဲ့နည်းဖြင့် အလွယ်တကူ သားစပ်ပေးနိုင်သည် ဖြစ်သည်။ မေထုန်မဲ့ သားစပ်လုပ်ငန်းသည် ကမ္ဘာပေါ်တွင် လူသာမက အခြားသော အိမ်မွေးတိရစ္ဆာန်များကိုပါ စမ်းသပ်အောင်မြင်နေရာ ဆင်များတွင်လည်း စမ်းသပ်အောင်မြင်ရန် မခဲယဉ်းကြောင်း သိရှိရသည်။

ယခု မြန်မာနိုင်ငံတွင် စမ်းသပ်ဆောင်ရွက်ခဲ့ရာ လျှပ်စစ်ဓာတ်အားဖြင့် အလိုအလျောက် မျိုးရည်ထွက်စေခြင်းဖြစ်သည်။ ယင်းစမ်းသပ် ဆောင်ရွက်ချက်အရ မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဆေးကု ဆရာဝန်များအဖွဲ့သည် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်တိရစ္ဆာန်ဥယျာဉ်မှ ပေးအပ်သော မျိုးရည်ထုတ်စက်ကို အသုံးပြု၍ အရွယ်ရောက်ပြီး ဆင်ထီး တိုးလေး (၃၁) နှစ်ထံမှ မျိုးရည်ကို အပြည့်အဝ ထုတ်ယူနိုင်ခဲ့ကြောင်း သိရသည်။ တစ်ဆက်တည်းတွင် ဆင်မနှစ်ကောင်ဖြစ်သည့် မြင့်သာနှင့် မြင့်ဝင်းရွှေ တို့ကို မျိုးရည်သွင်းကိရိယာဖြင့် မျိုးရည်သွင်းပုံကို လက်တွေ့ လေ့ကျင့်နိုင်ခဲ့သည်။ ဤ စမ်းသပ်အောင်မြင်မှုများအရ ဆင်မေထုန်မဲ့သားစပ်လုပ်ငန်းကို မြန်မာနိုင်ငံတွင် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် မခဲယဉ်းတော့ကြောင်း သိရ၏။

မြန်မာနှင့် ဝါရှင်တန်တိရစ္ဆာန်ဥယျာဉ် ဆင်မေထုန်မဲ့သားစပ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် မြန်မာ့သစ်လုပ်ငန်းနှင့် အဝေး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ မွေးမြူရေးနှင့်သုတေသနမှ ပညာရှင်များ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် စီမံရွက်ဆောင်



နေကြောင်းသိရသည်။ ဆင်မေထုန်မဲ့ သားစပ်ခြင်း လုပ်ငန်းတွင် မြန်မာ့သစ်လုပ်ငန်းမှ စမ်းသပ်ဆောင်ရွက်ခဲ့သော ဆင်ထီးခုနစ်ကောင်မှာ အေးလဲ့ (၂၁) နှစ်၊ သန်းဘို (၁၇) နှစ်၊ သောင်းမင်းလှိုင် (၂၃) နှစ်၊ ဝင်းထိုက် (၂၃) နှစ်၊ နိုင်ဦး (၁၃) နှစ်၊ တိုးလေး (၃၁) နှစ်နှင့် သန်းမောင်စိုး (၁၇) နှစ်တို့ ဖြစ်ကြသည်။ ဆင်မလေးကောင်မှာ မြင့်သာ (၂၁) နှစ်၊ မြင့်ဝင်းရွှေ (၁၃) နှစ်၊ မြင့်အေး (၂၂) နှစ်နှင့် တင်သီတာ (၁၅) နှစ်တို့ဖြစ်ကြပါသည်။ "မမလေး ပန်စရာ...ပျို့တို့မောင် တောင်ပေါ်ရိုးက...ပန်းချိုးလို့လာ ...အပွင့်ရယ်ဝါ အညာမှာ မြရည်လိမ်းတယ်...အလိုကွယ်ပန်းနွယ် ကစိမ်း..."

"ဗလကြီး ဧည့်သည်တွေ ပါလာခဲ့ပြီလားဟေ့"

"ဖိုးသာအောင်ရေ.....ဧည့်သည်တွေက နိုင်ငံခြားသားတွေတဲ့။ အမေရိကန်ကဆိုလားပဲ။ ဆင်မေထုန်မဲ့ နည်းပညာအတွက်လာတာ။ ပျဉ်းမနားသစ်ထုတ်လုပ်ရေးကနေပြီး ပြန်သွားပြီ။ တို့ ပုံတောင်ပုံညာကို နောက်တစ်ခေါက်မှ လာမယ်တဲ့"

"ဧည့်သည်တွေလာရင် တို့တောင် အလုပ်တွေပျက်မှာ။ မလာတာဘဲ ကောင်းပါတယ်ကွာ"

"ကဲ.....ဖိုးသာအောင်၊ ဆေးလိပ်ယူထားအုံးမလား။ ရွာက ဝယ် လာတာ "

"မယူတော့ဘူးဟေ့"

"အေး.....အေး"

ဗလကြီး ဆင်ပြောင်ကြီးကိုစီး၍ ဆင်ဝိုင်းဆီသို့ ထွက်သွားပြီ။ ပုံတောင် ပုံညာတောင်တန်းကြီးသည် အပြာရောင်ကနေ

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင် တောင်တန်းကြီးကို ရုပ်ပြောင်းလဲနေ၏။ ကောင်းကင်ယံမှ တိမ်မည်းညိုတို့သည် ဖြူလွလွဖွမ်းဆိုင်ကြီး သဖွယ် ဖြစ်သွားပြန်ပြီ။ ကျေးငှက်တွေက မောင်နံ့လည်တွဲကာ လေထဲတွင် ဝဲပျံနေကြသည်။ အဝေးဆီက ငှက်မောင်နံ့ အရိုအရွ တွန်ကျူးနေကြသည်။

ဆင်သည် အင်အားကြီးမားသော သတ္တဝါဖြစ်သည်။ ဆင်၏ အားဖြင့် အကျိုးပြုလုပ်ဆောင်ရာတွင် သစ်လုပ်ငန်းသည် ပို၍ တွင်ကျယ်လျက် ရှိသည်။ မြန်မာသစ်လုပ်ငန်းနှင့် ဆင်၏ကဏ္ဍ သည် ခွဲခြား၍မရ၊ ဆင်၏ အစနဲ့ဒါန်းမှ ဆင်၏ နိဂုံးသည် မြန်မာ့ သစ်လုပ်ငန်းအဖို့ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ဆင်တစ်ကောင် မွေးလာခြင်းသည် သစ်လုပ်ငန်းအတွက် အနာဂတ်အင်အား သစ်ပင်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ဆင်တစ်ကောင် သေဆုံးရခြင်းမှာလည်း သစ်လုပ်ငန်းအတွက် အနုတ်လက္ခဏာ ပြသမှုပင်ဖြစ်သည်။

ယခုအခါ မြန်မာ့သစ်လုပ်ငန်း၏ နယ်ပယ်အသီးသီးတွင် ဆင်ကောင်ရေ သုံးထောင်ခန့်ရှိနေသည်။ သစ်ထုတ်လုပ်ရာတွင် အဓိကကျလှပါသည်။ လက်ရှိသစ်လုပ်ငန်းပိုင် ဆင်ကောင်ရေဖြင့် မလောက်၍ ပုဂ္ဂလိကထံမှ ဆင် ၂၀၀၀ ခန့်ငှားရမ်းလုပ်ဆောင် နေရသည်။ ဆင်များပေါက်ဖွား၍ ကောင်ရေများလေလေ သစ် လုပ်ငန်းအတွက် လုပ်အားတိုးလေ ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်အတွက်ဝင်ငွေရလေ ဖြစ်သည်။ သို့ဖြစ်ရာ ဆင်ကောင် ရေ တိုးပွားရေးအတွက် မြန်မာသစ်လုပ်ငန်းမှ ဂရုတစိုက် ဆောင်ရွက်နေကြောင်း သတင်းစကား ကြားသိနေရသည်။



ဆင်၏ နိဒါန်းအစမှ လုပ်အားပေးနိုင်သည်အထိ ဖွံ့ဖြိုးအား ကောင်းသော ဆင်တစ်ကောင်ဖြစ်လာစေရန် မြန်မာသစ်လုပ်ငန်း မှ အလေးထား ဆောင်ရွက်လျက်ရှိသည်။ သာမန်အားဖြင့် ဆင်မ တစ်ကောင် သုံးနှစ်လျှင်တစ်ကြိမ်သားကျရန် မလွယ်ကူပေ။ ထိုထက်ကဲ၍ ပို၍ ပို၍ မလွယ်သော အမြွှာမွေးခြင်းမှာ အနုစိတ် ဂရုပြုရသောလုပ်ငန်းအဖြစ် တွေ့ရသည်။ ဆင်အမြွှာမွေးခြင်း သည် ရှားပါးသောကိစ္စဖြစ်၍ တစ်ခါတစ်ရံမှသာ ဖြစ်ပေါ်လေ့ ရှိသည်။

အမြွှာမွေးခြင်းအကြောင်းရင်းမှာ လေးမျိုးလေးစားဖြစ် သည်။ မွေးဖွားရာတွင် အမြွှာများကို လေးမျိုးလေးစား ခွဲခြား နိုင်ပါသည်။ အမြွှာဆင်ထီး မွေးခြင်း၊ ဆင်မချင်း မွေးခြင်း၊ အထီး အမတွဲ၍ မွေးခြင်းနှင့် အမြွှာမွေးသောကိစ္စများ ရှိတတ်ပါသည်။ သမိုင်းအထောက်အထားအရ ဆင်အမြွှာမွေး၊ မမွေးပြသနာ ပေါ်ခဲ့ ဖူးရာ ရစ်ချက်ကာရင်တန်ဆိုသူက မည်သူ တစ်ဦး တစ်ယောက်မျှ ဆင်အမြွှာမွေးသည်ကို မတွေ့ဖူးကြောင်း သူ၏ ဆင်အညွှန်း စာအုပ်တွင် ဖော်ပြခဲ့သည်။

အာဖရိကမှ အမဲလိုက်မုဆိုးကျော် ခုမိုလ်မှူးကြီး စတော့လေ ကမူ ကင်ညာနိုင်ငံက ကမ်းရိုးတန်းမှ ပစ်ခတ်ရရှိသော ဆင်မ အသေကောင်၏ သားအိမ်အတွင်းမှ အမြွှာသန္ဓေသားကို တွေ့ရှိ ခဲ့ကြောင်း အဆိုရှိခဲ့သည်။

"ဖေ့အယ်...ဖေ့အယ် မကွေးတိုင်း၊ ပုဂ္ဂလိုသစ်ထုတ်ရေးကို ရေးဆွဲသား စေတုတ္တရာမြို့နယ် အပေါ်မှာအနီးက မောင်ချောင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



မုန်းချောင်းဆုံရာ နွေဆင်ကျောင်းစခန်းမှာ ဆင်အမြွှာမွေးလို့တဲ့ဗျ ဖေ့အယ်ဆင်မကြီးလဲ အမြွှာမွေးလိုက်ရင် ကောင်းမှာဘဲ"

"ဒါနဲ့ သား ဗလကြီး ဘယ်နေ့မှာ မွေးတာလဲဟ"

"၁၉၈၄ ခုနှစ် ဧပြီလ ၇ ရက်နေ့ ကြာသပတေးနေ့ မနက် ၁၁ နာရီမှာတဲ့"

"ကောင်းပါကွာ နေတက် ရေတက်ဖွား။ ဒါနဲ့ ဆင်မကြီး နာမည်ကကော"

"ဆင်မကြီး နာမည်က မအောင်ငွေတဲ့။ ဆင်အမှတ်က မ/ ၁၆၃၃ ပါပဲ။ ဆင်မကြီး မွေးသက္ကရာဇ်က (၁၉၄၅) ခုနှစ်ဆိုတော့ ဘုရား... ဘုရား အသက်၊ ၅၀ ကျော်မှ ကံပေါ်တာပဲ ဖေ့အယ်ရေ"

"အဲဒီ ဆင်မအောင်ငွေဟာ ဘယ်နှစ်သားမွေးပြီးပလဲ သား ဗလကြီး"

"အင်း...တိတိကျကျ ပြောရရင် ၁၉–၈–၆၄ မှာ အထီး (၁) ကောင်၊ ၄–၃–၆၉ မှာ အထီး (၁) ကောင်၊ ၂၁–၁၀–၇၅ မှာ အမ (၁) ကောင်၊ ၉–၅–၈၃ နေ့မှာ အထီး (၁) ကောင်၊ ၂–၉–၈၉ နေ့မှာ အထီး (၁) ကောင်၊ အခု အမြွှာနဲ့ဆိုရင် ဆင်ကလေးသားပေါက် (၇) ကောင်ရှိပြီဖေ့အယ်ရေ"

"ဟာ...အတော် သားထိန်းကောင်းတဲ့ ဆင်မပဲ။ အမြွှာဆင် ဖခင်ကြီးအမည်ကော သိသေးလား။ ပြောပြပါဦးကွာ"

"ဟဲ...ဟဲ ဆင်အဖေနာမည်က မြငွေး၊ ဆင်အမှတ်က ၂၅၈၇၊ ၂၅–၃–၉၃ ရက်နေ့မှာ မိတ်လိုက်တာတဲ့ဗျ"

"ဟဲ့.....သား ဗလကြီး ဆင်တွေ နေကောင်းကျန်းမာကြရဲ့လား"



"မိခင် ဆင်မကြီးနဲ့ ကလေးတွေပါ နေကောင်းကျန်းမာကြပါတယ်။ အရပ်က မတစ်က ၂ ပေ ၉ လက်မ ရှိတယ်။ မနှစ်က ၂ ပေ ၁၀ လက်မ ရှိတယ်။ တစ်ကောင်နဲ့ တစ်ကောင်က သုံးမိနစ်ကြာမှ မွေးတာဆိုပါဗျာ"

"သား ဗလကြီးရဲ့ မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်းတွေရဲ့ ကျွေးမွေးကုသ ပြုစုယုယပုံတွေ ပြောပြပါဦးလေ"

"ဖေ့အယ်ရေ သိရသလောက်ကတော့ လက်ထောက်မန်နေဂျာက ဦးအောင်ထွန်းဝင်း၊ ဆင်ဆေးကုက ဦးအောင်ပိုင်၊ ဆင်အုပ်က ဦးရဲအောင် နဲ့ ဦးတင်အောင်၊ ဆင်ဦးစီးက ဦးသန်းရွှေ၊ နယ်စာရေးချောင်းခေါင်း ဦးဘိုလေးစိန်လို့ သိရတယ်"

"ဆင်သမားကြီး ကိုသန်းရွှေ။ ဆင်မကြီး အောင်ငွေနဲ့ သမီးများ ကျန်းမာချမ်းသာကြပါစေ"

ဗလကြီး ဖေ့အယ် ဦးဉာဏ၏ ဆုတောင်းသံကို ပီတိဝေဆာစွာ ကြားနေရသည်။ မည်သို့ဆိုစေ မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးဌာန၏ မှတ်တမ်းများအရ ဆင်မရှုစ်ကောင်သည် အမြွှာရှုစ်မြွှာ မွေးဖွားခဲ့ပြီးကြောင်း၊ ခိုင်လုံသော အထောက်အထားများအရ သိကြရပါသည်။ ထိုဆင်မ ရှုစ်ကောင်မှ ဆင်အမြွှာ ၁၆ ကောင်မွေးဖွားခဲ့ရာ ဆင်ထီး ခုနှစ်ကောင်နှင့် ဆင်မ ကိုးကောင်ဖြစ်သည်။ ယင်း ၁၆ ကောင်အနက် မွေးသေဆင်မှာ လေးကောင်ဖြစ်သည်။ အသားတင် ကျန် ၁၂ ကောင်အနက် တစ်ကောင်မှာ ကျားကိုက်ခံရ၍လည်းကောင်း နှစ်ကောင်မှာ အားပြတ်၍လည်းကောင်း သေဆုံးခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ ဆင်အမြွှာအကြောင်းကို ၁၉၃၁ ခုနှစ် ပြည်မြို့က စတီးဘရားသားပိုင် ဆင်မတစ်ကောင်က ဆင်အမြွှာ စတင်မွေးခဲ့သည်။ မွေးပြီးချင်းမှာ ဆင်နှစ်ကောင်စလုံး သေဆုံးခဲ့၏။ နှစ်အနည်းငယ်ကြာပြီးတော့ ချင်းတွင်းဒေသ ဘီဘီတီစီ အယ်လ်ပိုင် ဆင်မက ဆင်အမြွှာ မွေးခဲ့ပြန်သည်။ သို့ပေမယ့် ဆင်ကလေးတွေဟာ သက်ဆိုးမရှည်ခဲ့ပေ။ ဆင်အမြွှာထဲမှာ အသက်အေး ကျန်းကျန်းမာမာ နာမည်ကြီးနေသူကတော့ ၁၉၂၀ ပြည့်နှစ်က မွေးဖွားခဲ့သော "သောင်းရင်းအမြွှာ" ဖြစ်သည်။ ဆင်နှစ်ကောင် အမြွှာကို စတီးဘရားသားက ပိုင်ပါသည်။ အထီးတစ်ကောင် အမ တစ်ကောင်မွေးပေးခဲ့၏။

၁၉၅၁ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့က နိုင်ငံတော်သစ် ထုတ်လုပ်ရေးဘုတ်အဖွဲ့ပိုင် ဆင်အမှတ် ၉၁၈ နာမည်ထွားအေးမ၊ ဆင်အမြွှာမူးကို မွေးခဲ့သည်။ မြစ်ကြီးနားခရိုင် ယန္တရား အဖွဲ့လက်အောက် အင်းတော်ကြီးဒေသ နမ်ဆန်နှင့် ၂၃ မိုင် ဝေးကွာသော လည်မောက် တောင်ပေါ်မှ မွေးဖွားခဲ့သည်။ ဆင်ဖခင်က ဆင်မှတ်ပုံတင်အမှတ် ၁၇၄၄ သန်းကျော်လို့ ခေါ်သည်။ ဆင်သမား၊ ဆင်ဦးစီးကတော့ ဦးထွန်းပ ဖြစ်ပါသည်။ မွေးလာခဲ့သော အမြွှာအထီးကလေးမှာ အရပ်နှစ်ပေကိုးလက်မ ရှိသည်။ အမကလေးအရပ်မှာ နှစ်ပေရှစ်လက်မ ရှိသည်။ နှစ်ကောင်စလုံး မှာ ငှက်ပျောကိုင်းကျော၊ နားရွက်က ညောင်ရွက်ပုံ၊ အမြီးက တစ်ပေရှစ် လက်မစီရှိ၏။ ဆင်လောကမှာ ရှားရှား ပါးပါး မွေးဖွားပြီး အဖတ်တင်ခဲ့သော ဆင်အမြွှာစုံ ဖြစ်သည်။



ဆင်အမြွှာ ရှစ်ကောင်အနက် နောက်ဆုံးမွေးဖွားပေးခဲ့သော ဆင်မ မှာ သရက်ခရိုင်ဒေသတွင် ၁၉၈၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့က၊ မွေးဖွားပေးခဲ့သည်။ ဆင်မအမည်မှာ စိန်မြမိုးဖြစ်၍ အထီးနှင့်အမ တစ်ကောင်စီကို ရှင်သန်အောင် မွေးမြူနိုင်ခဲ့သည်။ ဆင်အမြွှာမူးများကို မွေးဖွားပေးခဲ့ကြသော ဆင်မကြီးရှစ်ကောင်၏ အမည်များမှာ ထွားအေးမ၊ (မြစ်ကြီးနားဒေသ)၊ မယ်မြိုင် (မြစ်သာ)၊ မိဆယ် (သရက်)၊ ဝင်းနိုင်သီ (မော်လိုက်အနောက်) ဘက်စီ (မော်လိုက်အနောက်)၊ မြမြမိုး (သာယာဝတီ)၊ မြရင် (မော်လိုက်အနောက်) နှင့် စိန်မြမိုး (သရက်ဒေသ) တို့ ဖြစ်သည်။

ဆင်အမြွှာမွေးသော ဆင်မရှစ်ကောင်တွင် ဆင်မ "ဘက်စီ" မှလွဲ၍ ကျန်ဆင်များမှာ "မ" အက္ခရာဖြင့် အမည်မှည့်ခေါ်ထားသည်ကို တွေ့ရသည်။ ဤသည်မှာပင် ထူးခြားနေပါ၏။ ယခုအခါ ကျန်ရှိသည့် အမြွှာမွေးခဲ့သော ဆင်ကိုးကောင်အနက် ဆင်အမြွှာမွေး ခြောက်ကောင်ကို သာယာဝတီ သစ်ထုတ်လုပ်ရေး ဒေသတွင် စုစည်းထားရှိသည်။ ထို့ ဖြင့် မိခင်ဆင်မကြီးနှင့် ဆင်ကိုးကောင်ကိုလည်း မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဝန်ထမ်းများ နှင့် ဆင်ဆေးကုတို့မှ အထူးဂရုစိုက်စောင့်ရှောက်ထားရာ မိခင် ဆင်မကြီးနှင့် ဆင်ကလေးများသည် အရွယ်ရောက်၍ ဝဖြိုး ကျန်းမာနေကြ၏။

သာယာဝတီခရိုင် ဘန့်ဘွေးကုန်းဒေသတွင် ဆင်မကြီးမိခင် မြမြမိုး အမည်ရှိ ဆင်မကြီးက ၁၉၈၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် နေ့တွင် ဆင်အမြွှာမွေးခဲ့သည်။ အမြွှာ ဆင်နှစ်ကောင်အနက်

www.burmeseclassic.com

www.burmeseclassic.com



အထီး ခိုင်ကြီးမောင်နှင့် အမ ခိုင်ငယ်ငယ်တို့သည် ယခုအခါတွင် အရွယ်ရောက် ၁၉ နှစ်သား ရှိနေကြပြီး အစွယ်စုံနေကြပေပြီ။

ဖလကြီး ပုံတောင်ပုံညာတောင်တန်းကြီးကို ငေးကြည့်နေမိသည်။ ဖလကြီးအနားသို့ပင် ဆင်ပြောင်ကြီးရောက်လာသည်။ ဖလကြီး စိတ်ထဲတွင် ဆင်ပြောင်ကြီး၏ချစ်သူ မယ်မြန်မာနှင့် မျိုးဆက်သွေးလောင်း ဆင်မျိုးကောင်းတွေ မွေးဖွားပေးနိုင်ပါစေကြောင်း ဆုတောင်းနေမိသည်။ နိုင်ငံအကျိုး လူမျိုးအကျိုး တိုင်းပြည်အကျိုး ရည်မှန်းဆုတောင်းနေသည်။ ဖလကြီး၏ ဆင်ဆုတောင်းသည် ပြည့်ဝလှပပါစေသတည်း။

# မေတ္တာမပျက် သစ္စာငှက်

နှလုံးသားဆိုသည် ချစ်ခြင်းမေတ္တာတို့နှင့် ပြည့်ဝလှပနေကြပါသည်။ အချစ်စစ်အချစ်မှန်တို့သည် နှလုံးသားကို အရင်းတည် အုတ်မြစ်ချတည်ဆောက်ကာ နှလုံးသားဗိမာန် ထူထောင်ကြရ၏။ နှလုံးသားဗိမာန် ခိုင်မာတောင့်တင်းရန်မှာ သစ္စာတရား မေတ္တာပင်မရေစီးအား အထူးလိုအပ်သည်။ သစ္စာတရားသည် ကြီးမားမြင့်မြတ်သော မေတ္တာအင်အားကို အနိုင်ယူနိုင်သည်။ သစ္စာတရား၏ အလှသရဖူကား အဘယ်အရာနှင့် ပြိုင်ပြိုင် မနိုင် နိုင်ပါချေ။ သို့ဖြစ်၍ သစ္စာမျက်နှာ လှရတနာမြတ်သည် ဘယ်သူပြိုင်၍ လှပါတော့နိုင်။ ဤသစ္စာတရားအလှသည် နှလုံးသားဗိမာန်၏ အင်အားတစ်ရပ်ပင် မဟုတ်ပါလား။ စွမ်းရည်တစ်ရပ်၏ နှလုံးသားပုံရိပ်တစ်ခုပင် မဟုတ်ပါလား။

အချိန်ကား မိုးမုတ်သုံတို့ ဆုတ်ခွာ၍ ဆောင်းလေအေးအေးက တစ်သွေးသွေး။ စိမ့်သော အေးသော ချမ်းသောရာသီကို ဆင်သမားတွေက ကြိုက်သည်။ ထိုအချိန် သားကောင်တို့သည် ရိုးများ၊ မြောင်များ၊ ချောင်းများ၊ ချောက်များတို့တွင် ခိုဝင်လေ့ရှိသည်။ မိုးလုံးပုလဲတို့ကို မခြေတော့သော ကောင်းကင်တစ်ခုလုံးသည် စိမ်းစိုသစ်လွင် လှပနေသည်။ တောပန်း တောရနံ့များက အေးအေးမြမြလေး မွှေးနေ၏။ လေပြည်လေညင်းမှာ တောတန်းကိုဖြတ်ကာ တဖြူးဖြူးတိုက်ခတ်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေဦးလေရူးတဲ့သို့ မတန်ဘဲ ခပ်မှန်မှန်လေးပင် လေပြည်သွေး လေးနေ၏။ လေချိုးသွေးသွေး ဆောင်းလေတအေးအေးအကြား တောအုပ်ကြီး ဆရာမြ၊ ဆင်သမားကြီး ဦးညာဏ ဆင်သမား မလကြီးတို့သည် ဝုံတောင်ပုံညာ ရိုးမတောကြီးဆီသို့ ချီတက်ခဲ့ကြတော့၏။

"ဖေအယ် ဒီတစ်ခါသွားနေကျ အရှေ့ခင်တောက မသွားဘဲ အနောက်ပိုင်း မြိုင်ခြေတောတန်းဝင်လာပုံက ဘာကြောင့်လဲဗျ"

"ဟော့...သား မလကြီးရဲ့။ လူကြီးတွေ ကောင်းသလို တောတက် လာတာ မင်းက စပ်စပ်စုစုကွာ"

"လုပ်ပြီဖေ့အယ်ကလဲ ဆင်သမားဆိုတာ မေးရမြန်းရ မှတ်သား လေ့လာရမယ်ဆို ဖေအယ်ပဲ ပြောထားပြီးတော့"

"ဟား...ဟား... ဖွတ်မြီးနဲ့ ဖွတ်ပြန်တုပ်သလို ငါ့စကားနဲ့ ငါ့ကို ပြန်ချည်လိုက်ပြန်ပြီကွာ။ ဟုတ်တယ်မဟုတ်လား သား မလကြီး"

"ဖေအယ် အနောက်ဘက်တောကို ဘာကြောင့်ထွက်လာ ရတယ် ပြောပြပါဗျာ"

"ဟော့...သား မလကြီး မှတ်ထားတာ။ မင်းက ဆင်သမား ရာသက်ပန် လုပ်စားမယ်လို့ ဆုံးဖြတ်ထားတယ်ဆိုတော့ — မှတ်သုံးရတ်ခွာ၊ ဆောင်းလေလာ၊ သားကောင်အနောက်မှာလို့ တစ်ရွာတစ်ပုဒ်ဆန်း၊ တစ်ကျောင်းတစ်ဂါထာဆိုသလို ဆင်သမား တွေလည်း လင်္ကာလေးတွေနဲ့ မှတ်ထားတယ်ကွ"

"ဟဲ...ဟဲ ဆင်သမားစကားမှာလည်း အလင်္ကာတွေနဲ့ ပါလားဗျ။ ဖေအယ် ကဗျာအဖွဲ့ တာအနွဲ့တွေကို ရှင်းပြပါဦး"



"ရာသီအေးအေး—ယင်းမာပြေးဆတ်တွေ တစ်သားမွေး သတဲ့ကွ။ အခုရာသီက ဆောင်းရာသီ မအေးဘူးလားကွ။ အေးတယ်ပေါ့။ ပန်းမွှေးမွှေး ရွှေယင်းမာတွေကလည်း မိုးပြေးနဲ့ အတူ အပွင့်တွေ ဝေရာကကြွေကျကုန်ပြီပေါ့။ အဲဒီအချိန် အခါမှာ တောပျော်သားကောင် ချေငယ်၊ ဝိုင်း ဆတ်တွေဟာ မျိုးဆက်သစ် သားငယ်တွေနဲ့ ပျော်နေ ရှင်နေကြတယ်လေ။ အနောက်ဘက်မှာ ဆတ်တွေစားတဲ့ သီးပင်တွေ ပွင့်ပြီ၊ နုပြီ၊ ဝေပြီ။ ဒီတော့ ဆင်သမား မျက်စိနဲ့ ကြည့်ပြီးတော့ အဲဒီကို သားကောင်တွေလာရှာရင် မောင်တစ်ထမ်းမယ်တစ်ရွက် ပစ်မလွဲဘဲတော့"

ဆင်သမားကြီး ဦးညာဏတို့သားအဖ အချီအချ စကားပြော သံကို တောအုပ်ကြီး ဆရာမြ နားထောင်၍ တောအုပ်မြိုင် သို့ထဲသို့ တိုးဝင်လာခဲ့၏။ တောတောင်က ညိုမှိုင်းနေသည်။ တောသ တောင်သံတို့က လွှမ်းမိုးထားကြ၏။ တစ်ခါတစ်ရံတွင်မူ ခပ်ဝေးဝေး မြိုင်ခြေတောဆီမှ "အိုးဝေ... အိုးဝေ" ဟူ၍ ဒေါင်း တွန်သံကို ကြားနေရသည်။ မြူတိမ် ကင်းစင်၍ နေမင်းသည် ဝင်းထိန်လျက်ရှိသည်။ တောအုပ်ကြီးနှင့်ဆင်သမား နှစ်ဦး သည် တောနက်ကြီးထဲသို့ ဆင်းလာခဲ့၏။ ဆင်သမားကြီး ဦးညာဏသည် ဆောင်ဓားကြီးကို ခါးတွင် ချိတ်ဆွဲထားသည်။ သူ၏ ဘယ်ဘက် ပခုံးထက်တွင် ဒူးလေးကြီးပါလာသည်။ ဘေးလွယ် ဝါးကျည် တောက်ထဲတွင် မြားအချောင်း ၁၀၀ ကျော်ရှိနေသည်။ သား မလကြီးမှာကား သူကျွမ်းကျင်လိမ္မာရာ လှံကို ကိုင်ဆောင်ထား သည်။ တောအုပ်ကြီး ဆရာမြက တောပစ်ရိုင်ဖယ်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးထမ်း ထမ်းကာ လိုက်ပါလာသည်။ ကျည်ဆန်အပိုများလည်း ပါရှိလာပါသည်။

"ဗလကြီးရေ ... သောက်ရေလေးတစ်ပေါက်လောက် ပေးပါဦးကွာ"

"ဆရာမြကလည်း မနက်အစောကြီး ရေဆာနေပြီလား"

"အေးပေါ့ကွာ..... ငါးပိကောင်နဲ့ ထမင်းစားလာခဲ့ရတော့ ရေသိပ် ဆာနေတယ်"

"ရော့.....ရော့.....ဆရာမြ"

ဗလကြီး လှမ်းပေးလိုက်သော ဘူးသီးခြောက်ကို တောအုပ်ကြီးက မော့သောက်ချလိုက်ပါသည်။ ပင်ပန်းခဲ့သမျှ အနွမ်းများသည် တစ်ခဏအတွင်း ပြေပျောက်သွားပါ၏။ တောတောင်ထဲတွင် ပွင့်နေသောပန်းတွေက မွှေးလှသည်။ ဘာပန်းဟူ၍ အမည်ကွဲကွဲပြားပြားမသိ။ တချို့ပန်းကလေးများမှာ အနံ့သည် စူးစူးရှရှမွှေး၏။ တချို့ပန်းကလေးတွေက အေးအေးမြမြ မွှေးနေကြပါသည်။

"ဆရာမြ..... ရှူး....ရှူး"

ဗလကြီး တောထဲသို့ အဝင်တွင်ရှေ့တွင် စမ်းချောင်းကလေးကို တွေ့ရသည်။ ဗလကြီး အချက်ပေး လက်ညှိုးညွှန်ပြရာသို့ တောအုပ်ကြီး ဆရာမြ စူးစူးစိုက်စိုက် ကြည့်လိုက်မိပါသည်။ ဦးညာဏမှာမူ မျက်မှောင်ကြီးကျုံ့ကာ အဝေးဆီသို့ ကြည့်နေ၏။ လား...လား... ချေငယ်မောင်နှံ။ ချစ်ရည်ဆမ်းနေသောအလှ မြင်ကွင်းသာတည်း။ စမ်းရေကြည်လေးတွေက တသွင်သွင် စီးဆင်းနေသည်။ မြေဇာ မြက်ခင်းစိမ်းစိမ်းစိုစိုလေးတွေက



သဲသောင်ကမ်းတွင် စိမ်းနုနုလွှမ်းဖုံး၍ ပေါက်နေကြသည်။ ချေငယ်မောင်နှံသည် စမ်းရေအလှ မြက်ခင်းမြမြအကြားဝယ် လှပသော ပန်းချီကားလေးတစ်ချပ်သဖွယ်ဖြစ်နေ၏။ တစ်ခဏအတွင်း အလှတောတွင် နစ်မျောသွားမိသည်။

"ဟော့.....ဆရာမြ ဘာလုပ်နေတာလဲ၊ ပစ်လေ"

တောအုပ်ကြီး ဆရာမြ မုဆိုးဝါသနာပါသည်။ လူနှလုံးသားသည် နူးညံ့၏။ သိမ်မွေ့နက်နဲ၏။ ချစ်စရာရှိလျှင် ချစ်တတ်သည်။ ယခုမြင်ကွင်းကား သိင်္ဂါရရသမြောက်သော အလှပန်းချီကား ဖြစ်နေသည်။ ချေအဖိုအမတို့သည် စမ်းရေလေးကို သောက်နေသည်။ မြက်ခင်းနုနုလေးကို စားနေကြသည်။ ချစ်သူတို့နှစ်ဦး ရှင်မြူးနေကြသည်။ အချစ်ဆိပ်ရည်တက် နေကြသည်။ တယုတယ အကြင်နာမြင်ကွင်းကိုပင် တောအုပ်ကြီး ဆရာမြသည် ဆင်သမားဗလကြီး၏ လမ်းညွှန်မှုကြောင့် ရိုင်ဖယ်ကို ချေမောင်နှံရှိရာသို့ ထိုးချိန်လိုက်ပါသည်။ တစ်ထွာ တစ်ညိုဦးချိုရှိသော ချေဖိုကို ပစ်မှတ်ထဲသို့ ဆွဲသွင်းကာ တောအုပ်ကြီးသည် သိင်္ဂါရရသမြောက် လှသော ပန်းချီကားလေးကို ဆွဲဆုတ်ပစ်လိုက်မိပါတော့၏။

"ဒိုင်း....."

တောကြီးတစ်ခုလုံး ဟိန်းညံသွားသည်။ သေနတ်သံနှင့် အတူ ဦးချိုပေါက်စ ချေဖိုကလေးမှာ ရှေ့သို့ အနည်းငယ်သာ လှမ်း၍ လဲကျသွားတော့သည်။ ဤအချိန်တွင် ချစ်ရည်ရွှန်းမြဲဝေ နေသော ချေမချောချောကလေးသည် လွင့်ပျောက်သွားတော့၏။ သစ္စာထား နှစ်ပါးသွားတွင် စမ်းရေကိုသောက် မြက်နုကိုဝါးခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြသော မောင်နံ့အစုံသည် ယခုတော့ ဖော်မစုံ တစ်ကိုယ်ထဲ ခွေးအိုင်ထဲတွင် လဲလျက်ရှိနေသည်။ ချေမငယ် ချောချော လေးကို လျှာကလေးနှင့် တသသပွတ်သပ်ပေးခဲ့သော မေတ္တာ ထား တေးသွားကား သေခြင်းတရား၏ နိဂုံးဖြစ်ခဲ့ရပြီ။ ချေသည် လျင်မြန်၏။ အနံ့သိ၏။ သို့သော် အချစ်အတွက် အသက် အန္တရာယ်ကို မမြင်နိုင်ခဲ့ပေ။ တောအုပ်ကြီး ဆရာမြသည် အချစ် မြင်ကွင်း အကြင်နာ ဒဿနကို ရှာဖွေရင်း သစ်ပင်ကြီးတွင် မှီနေ လိုက်သည်။

"ကဲ ဗလကြီး ... တောအုပ်ကြီး ဆရာမြတာဝန်ကတော့ ကျေ သွားပြီ။ တို့တစ်တွေတာဝန်ပဲ ကျန်တော့တယ်၊ ဒီတော့ ဒီချေကို ဖျက်ကြမယ်။ ပြီးတော့ မီးမွှေးပြီး အသားခြောက် အောင်ကင်ကြမယ်၊ ချေသားခြောက်ကိုတော့ တစ်မိုးလုံး မစားခဲ့ ရတာ အခုတော့ တစ်ဝစားရတော့မယ်"

"ဖေ့အယ်ရေ ... ဆရာမြကတော့ ဒီချေမောင်နှံမြင်တာနဲ့ ချက်ချင်း မပစ်ဘူးဗျ။ ရန်ကုန်က ဆရာကတော်ကို လွမ်းသတိ ရနေလိုက်တယ် ထင်ပါရဲ့ဗျာ၊ ဟဲ...ဟဲ...ဟဲ...ဟဲ..."

တောအုပ်ကြီး ဆရာမြသည် ဦးညဏနှင့်ဗလကြီးတို့ သားအဖ ပြောစကားကို ဘာမှဝင်မပြောဘဲ ငြိမ်နေလိုက်သည်။ မျက်လုံးများ မှေးစင်းလာသဖြင့် တောဆောင်းဦးထုပ်ကို မျက်နှာ ပေါ်သို့တင်ကာ မှေးနေလိုက်သည်။ တောတောင် ကြီးတစ်ခုလုံး သည် သေနတ်သံကြောင့် တိတ်ဆိတ်ငြိမ်သက်နေရာမှတစ်ဖန် အသက်ပြန်ဝင်လာ၏။

"ဗျို့.....တောအုပ်ကြီး ဆရာမြ၊ တောအုပ်ကြီး ဆရာမြ"



မှေးစက်၍ အိပ်မောကျနေရာမှ ဖျတ်ခနဲ လန့်နိုးလာသည်။ သေနတ်ကို အသင့်အနေအထားသို့ ပြင်လိုက်သည်။ တောအုပ် ကြီး၏ ပြုမူပုံကိုကြည့်၍ ဦးညဏက ပြုံးတုံ့တုံ့ကြီးလုပ်နေသည်။ ဗလကြီးသည် ချေငယ်ကို ဖျက်၍ အသားအရိုးခွဲခြားကာ မီးဖိုတွင် အသားကင်နေသည်။ ပတ်ဝန်းကျင်သည် တောသံတို့ဖြင့်သာ မွှင်မြူးနေ၏။

"ဦးညဏ.....ဘာဖြစ်လို့လဲဗျ"

"ဟော.....ဟိုမှာကြည့်စမ်းပါ ဆရာမြရဲ့ ....."

တောအုပ်ကြီး လှမ်းကြည့်လိုက်ရာ ကောင်းကင်ပြာကြီး နောက်ခံ သစ်ချပင်ထက်ပေါ်တွင် အောက်ချင်းငှက်ကြီး တစ်ကောင်ကို တွေ့ရသည်။ သူ၏ နှုတ်သီးတွင် အစားအစာ တစ်ခုကို ကိုက်ချီထားဟန်တူသည်။

"ဦးညဏ.....အောက်ချင်းငှက်ကြီးလေဗျာ"

"ဟုတ်တယ် ဆရာမြရေ.....အဲဒီငှက်ကို တွေ့တော့ ညစောပိုင်းက ဆရာမြ ပစ်ခတ်ရရှိလိုက်တဲ့ ချေဖိုကြီးကို သနား သွားတယ်ဗျာ"

"ဘာကြောင့်လဲဗျ ... ဦးညဏရဲ့"

"သစ္စာမရှိလို့ပေါ့ဗျာ၊ ဆရာမြ မြင်တဲ့အတိုင်း တူနှစ်ကိုယ် ရှုလည်တဲ့ ဘယ်မခွဲပါဘူးလို့ သစ္စာပန္နက်ချနေတုန်းမှာ ဆရာမြ ဗြုန်းခနဲပစ်လိုက်တာ မဟုတ်လား"

"ဟုတ်တယ်လေ ... ကျွန်တော်တောင် စိတ်မကောင်း ဖြစ်မိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



“သေနတ်မှန်တဲ့ ချေဖိုကို ခွေးသေ ဝက်သေ ... သေပေတော့ လို့ ချေမက ချေဖိုကို ပစ်ပြေးသွားခဲ့တယ်၊ မေတ္တာလမ်းမှာ သစ္စာကန်းတဲ့ဇာတ်လမ်း ဆရာမြ ဒါရိုက်တာလုပ်လိုက် တယ်ဟေ့၊ အခုတော့ အောက်ချင်းငှက်။ အဲဒီငှက်တွေက ဆရာ မြရေ သစ္စာငှက်ဗျ။ သစ္စာငှက်၊ ဒီဇာတ်လမ်းမှာတော့ ကျုပ် ဦးညာကြီး ဒါရိုက်တာလုပ်မယ်၊ ဆရာမြက ပွဲကြည့်ပရိသတ် လုပ်ပေတော့”

တောအုပ်ကြီး ဆရာမြမှာ ဆင်သမားကြီး ဦးညာ ပြော သမျှကို လိပ်ပတ်မလည်သေးပါ။ ဦးညာလုပ်သမျှကို နာ ရန်သာ ဆုံးဖြတ်လိုက်မိပါသည်။ တောအုပ်ကြီး ဆရာမြ ကြည့်နေစဉ်မှာပင် အောက်ချင်းငှက်ဖိုကြီးသည် နားနေ အကိုင်းထက်မှ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် မျဲ သည်။ ပြီးလျှင် သစ်ချပင်ကြီး၏ ခွဆုံတွင် နားလိုက်သည်။ သစ်ခေါင်းအတွင်းမှ နှုတ်သီးထွက်ပေါ်လာသည်။ အောက်ချင်း ငှက်ဖိုကြီးသည် ထွက်ပေါ်လာသော နှုတ်သီးကို အစာခွံ့သည် အစာကျွေးမွေးခြင်းကိစ္စ ပြီးစီးသောအခါ တကျည်ကျည် တကျာကျာ ... မြည်ကြွေး၍ အထက်မိုးကောင်းကင် တစ်ခွင် တစ်ပြင်ဆီသို့ လေနှင့်အတူ ပျောက်ကွယ်သွားတော့၏။ တောအုပ်ကြီး ဆရာမြ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက် ပါသည်။ ဗလကြီးမှာ ချေတစ်ကောင်နှင့် အလုပ်ရှုပ်နေသည် ဦးညာသည် ဆေးရွက်ကြီး ကွမ်းသီးလုံးခန့်ကို ပါးစပ်ထဲထည့် ဝါးနေသည်။



“ဆရာမြ...မြင်တယ်မဟုတ်လား၊ သစ္စာပြကွက်ကို သက်တွေ့ပြရမှာဆိုတော့ ... အောက်ချင်းငှက်တွေဟာ သိပ် သနားဖို့ ကောင်းပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်က ဆရာမြလို တောအုပ်မှူးကြီးကို အတွေ့အကြုံ တိုးတက်စေဖို့ လုပ်ပြရဦး တော့မယ်ဗျာ”

ဦးညာသည် ခါးတောင်းကို မြောင်နေအောင် ကျိုက်ကာ သစ်ချပင်ကြီးပေါ်သို့ တက်သွားလေတော့၏။ မြင့်မား မတ်စောက်လှသော သစ်ချပင်ကြီး၏ အောက်ချင်းရိုပ်မြုံ နားနေရာဆီကို ရောက်ရှိသွားတော့၏။ ဝက်ဝံတစ်ကောင်ကဲ့သို့ ဦးညာမှာ လျင်မြန်၏။ ဖျတ်လတ်၏။ တက်ကြွ ရှင်လန်းနေ သည်။ ဦးညာသည် ငှက်အသိုက်အမြုံ ရွှံ့စေးတွေကို ခွာချ လိုက်သည်။ အောက်ချင်းငှက်ဖိုကြီး၏ အမှတ်အသားလုပ်ထား သော သင်္ကေတများကို ဖျက်ဆီးပစ်လိုက်တော့၏။

ဦးညာသည် ငှက်အသိုက်အမြုံရွှံ့စေးတွေကို ဟိုတစ်စ သည်တစ်စ ထားလိုက်သည်။ လုပ်စရာများကို ခပ်သုတ်သုတ် လုပ်ပြီး သစ်ချပင်ပေါ်မှ ဆင်းလာကာ တောအုပ်ကြီးဆရာမြ ထိုင်နေရာသို့ ရောက်ရှိလာတော့သည်။ ပြီးလျှင် ဘူးသီး ခြောက်ရေဘူးထဲကရေကို ပလုတ်ကျင်းကာ တစ်ကျိုက် နှစ်ကျိုက်သောက်ချလိုက်ပါသည်။

“ဆရာမြရယ်... ကျုပ်ရင်မှာ မချိလှပါဘူးဗျာ”

“ဘာကြောင့်လဲ ဦးညာရဲ့”

“သစ္စာငှက်အပေါ် ရက်စက်လိုက်ရလို့ပေါ့”

တောအုပ်ကြီး ဆရာမြနှင့် ဦးညာ စကားပြောနေစဉ်မှာ အောက်ချင်းငှက်ဖိုကြီးသည် သစ်ချပင်ကြီးဆီသို့ ရောက်လာ

www.burmeseclassic.com



သည်။ အောက်ချင်းငှက်ဖိုကြီးသည် အသိုက်အမြှုပ်ကြီး၏ မြင်တွေ့သွားလျှင် ရူးရူးရှုရှုကြောက်လန့်ဖွယ် အသံနက်ကြီးဖြင့် မြည်သည်။ အော်ဟစ်သည်။ လေတွင်ပျံနေသည်။ ဝဲနေသည်။ ဆောက်တည်ရာမရ ဖြစ်နေတော့သည်။ ဦးညာဏနှင့် တောအုပ်ကြီး ဆရာမြတို့သည် စိတ်ဝင်စားစွာ စိုက်ကြည့်နေကြ၏။ ဗလကြီးသည်ပင်လျှင် အမဲဖျက်ခြင်း၊ အမဲကင်ခြင်း၊ ကိစ္စဖြင့် မြောက်သွားသဖြင့် တောအုပ်ကြီး ဆရာမြထံပါးသို့ ဆိုက်ရောက်လာသည်။

"ဖေ့အယ်ကတော့ လုပ်ချလိုက်ပြန်ပြီဗျာ"

"ဟေ့… သား ဗလကြီး ငြိမ်ငြိမ်နေကွာ"

ဦးညာဏက အသံခပ်အုပ်အုပ်နဲ့ ပြောချလိုက်ပါသည်။ အောက်ချင်း ငှက်ဖိုကြီးသည် အသံစူးစူးရှရှမြည်ကြွေးကာ အသိုက်ခေါင်းတွင်းမှ အောက်ချင်းငှက်မကြီးကို နှုတ်သီးဖြင့် အတင်းအဓမ္မဆွဲထုတ်နေတော့သည်။ အောက်ချင်းငှက်မကြီးက သနားစဖွယ်မြည်ကြွေးနေရှာသည်။ သို့သော် အောက်ချင်းငှက်ဖိုကြီးသည် ရဲရဲဝံ့ဝံ့ပင် နှုတ်သီးနှင့်ထိုးသည်။ ဆိတ်သည်။ ပေါက်သည်။ အောက်ချင်းငှက်မကြီးသည် မြေကြီးပေါ်သို့ ပြုတ်ကျသွားသည်။ မြေပေါ်ရောက်ရှိနေသော အောက်ချင်း ငှက်မကို မညှာမတာ ရက်ရက်စက်စက် ထိုးသုတ် ဆိတ်ပေါက်နေသည်။ တောအုပ်ကြီး ဆရာမြသည် ဤမြင်ကွင်းကို မကြည့်လိုတော့ပေ။ သေနတ်ကို မောင်းထိုးကာ၊ ငှက်ဖိုကြီးထံသို့ ထိုးချိန်လိုက်သည်။

"တောက်…မိုက်ရိုင်းလိုက်တာကွာ"



"ဆရာမြ…ဆရာမြ…သေနတ်နဲ့ပစ်လိုက်မလို့လား။ မလုပ်လိုက်ပါနဲ့ ဆရာမြရယ်…ကျုပ်ဉာဏကြီး ဒါရိုက်တာ တောင်ဆရာမြနဲ့အတူ ပွဲကြည့်ပရိသတ်လုပ်နေတာပဲ။ ဆရာမြ… ဆန္ဒတော့ သိပ်မစောပါနဲ့ဗျာ"

"…ဟင်း…"

တောအုပ်ကြီး ဆရာမြသည် ဆင်သမား ဦးညာဏ၏ တားဆီးမှုကြောင့် သေနတ်ကို အသာချထားလိုက်ရသည်။ အောက်ချင်းငှက်ဖိုကြီးသည် ငှက်မကြီးကို ပြန်၍ထိုးသည်။ တစ်ဖန်ပြန်၍ဆိတ်သည်။ ငှက်မကြီးတွင် သွေးစသွေးနများဖြင့် ရဲရဲနီနေသည်။ အောက်ချင်းငှက်ဖိုသည် ဦးခေါင်းကို သဲသဲမဲမဲ ထိုးဆိတ်ပေါက်လိုက်သောအခါ ငှက်မကြီးခမျာ မြေပေါ်သို့ ခေါင်းစိုက်ကျသွားကာ မလှုပ်မရှက် သေပွဲဝင်သွားတော့သည်။ အောက်ချင်းငှက်ဖိုကြီးသည် သေပွဲဝင်သွားသော ငှက်မအနီးတွင် တကျည်ကျည် တကျာကျာအော်၏။ လှုးလာခေါက်တုံ့ပြန်လိုက် သွားလိုက် လုပ်နေသည်၊ တစ်ခါတစ်ခါတွင်မူ မကျေမချမ်းဘဲ ငှက်မကြီးကို ရက်ရက်စက်စက် ပြန်၍ထိုးဆိတ်နေပြန်သည်။ တောအုပ်ကြီး ဆရာမြ စူးစိုက်ကြည့်နေကြ၏။ အောက်ချင်းငှက်ဖိုကြီးသည် စိတ်ရှိသလောက် ငှက်မအပေါ် ပြုမူပြီးသောအခါတွင် ကောင်းကင်ယံတွင် အကြိမ်ကြိမ် ပျံဝဲနေတော့၏။ အော်မြည်သံတို့ကား တောတစ်ခွင်တစ်ပြင်လုံးကို မြည်ဟိန်းသွားတော့၏။

တောအုပ်ကြီး ဆရာမြ၊ ဦးညာဏ၊ ဗလကြီးတို့သည် စူးစိုက်သော မျက်လုံးအစုံနှင့် ကြည့်နေကြသည်။ အောက်ချင်း ငှက်ဖိုကြီးသည် အသံကုန်မြည်တွန်ပြီးသောအခါတွင် မိုးထက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံးအထိ ပြန်တက်သွားလေတော့သည်။ ငှက်၏အသွင်သည် အမည်းစက်ကလေးသဖွယ် မြင်တွေ့နေရတော့၏။ မကြာမီအချိန်တွင် ပျံသန်းနေသော လေထုထဲ၌ အတောင်ပံနှစ်ခုကို ရုတ်၍ ကျောက်တုံးကြီးတစ်ခုကဲ့သို့ ကျလာသည်။

"ဘုံး..."

"ဟာ...ဦးဉာဏကြီး ကြည့်လိုက်ပါအုံးဗျာ"

"ဟင်..."

အောက်ချင်းငှက်ဖိုကြီး၏ ခန္ဓာကိုယ်ကြီးသည် မြေကြီးပြင်ပေါ်သို့ ကျလာ၏။ မြေပြင်ပေါ်တွင် တစ်ခဏမျှ ဆန့်ငင်ဆန့်ငင် ဖြစ်နေလေသည်။ မကြာသောအချိန်ကလေးတွင်ပင် အသက်ပျောက်သွားတော့သည်။

"ဟေ့...သား ဖလကြီး...သွား...သွား ငှက်တွေကို စမ်းချောင်းရေစပ် နားယူသွားပြီး အမွေးနုတ်လိုက်ကွာ"

"ဟုတ်ကဲ့... ဖေအယ်"

ဖလကြီး ထွက်သွားလေသည်။ တောအုပ်ကြီး ဆရာမြသည် ဦးဉာဏကို အသေအချာကြည့်နေမိသည်။ ဦးဉာဏ ဆင်သမားကြီး မျက်လုံးအိမ်တွင်အခါမဲ့ မိုးပုလဲမဟုတ်လျှင် ဆောင်းနှင်းစက်တွေပဲလား။ တောအုပ်ကြီး ဆရာမြ ဝေခွဲမရ ဖြစ်နေရတော့၏။

"ဟင်...ဦးဉာဏကြီး...မျက်ရည်စတွေနဲ့ပါလား"

"ဟုတ်တယ် ဆရာမြ...ရေ...။ သစ္စာငှက်အတွက် ဂုဏ်ပြုလိုက်တဲ့ မျက်ရည်စက် သင်္ကေတတွေပါ"



တောအုပ်ကြီး ဆရာမြပင်လျှင် ပင့်သက်အကြိမ်ကြိမ် ချလိုက်မိပါသည်။ အဝေးဆီမှ ကောင်းကင်ပြာကြီးမှာ ကြည်လင်ဝင်းပနေပါသည်။ တောတောင်တို့ကား၊ စိမ်းစိမ်းစိုစို ရှိနေကြ၏။

"တောအုပ်ကြီး ဆရာမြ... အောက်ချင်းငှက်တွေဟာ သိပ်သစ္စာရှိကြတယ်။ ငှက်မရဲ့အသိုက်ကို ရွှံ့စေးတွေနဲ့ ပိုင်းအုံပြီး ဆို့ပိတ်ထားကြတယ်။ အထဲကဥတွေ သားပေါက်သည်အထိ ငှက်မရဲ့ နှုတ်သီးတစ်ပေါက်ထွက်သာရုံလေးသာ ထားတယ်လေ။ အဲဒီ ရွှံ့စေးတွေကို ကျုပ် ဉာဏကြီးက ရက်ရက်စက်စက် ဖျက်ဆီးပြီးတော့ ဖန်တီးဓာတ်ဆင် ဒါရိုက်တာလုပ်လိုက် ရတာပေါ့။ ဒီတော့ ငှက်မရဲ့သစ္စာမာယာမရှိပုံကို အောက်ချင်းငှက်ဖို အထင်လွဲမှား သွားတော့တာပါပဲ။ ဒီတော့ သစ္စာရင်နှစ် အမြဲထား ရှိတဲ့ အောက်ချင်းငှက်ဖိုဟာ အထင်လွဲမှားသွားပြီး တောအုပ်ကြီး ဆရာမြ သေနတ်နဲ့ပစ်စရာမလိုဘဲ သူ့အလိုလို သေပွဲဝင်သွားရှာတယ်မဟုတ်လား ... ဟင်"

"ဟုတ်ပါတယ်...ဦးဉာဏကြီးရယ်။ ငှက်နှလုံးသားနဲ့ မထိုက်တန်တဲ့ အချစ်စစ်အချစ်မှန် သက်သေပြကွက် တစ်ခုပါပဲဗျို့"

"ကဲ ...တောအုပ်ကြီး ဆရာမြ...သိပြီမဟုတ်လား၊ မေတ္တာမပျက်တဲ့ သစ္စာငှက်အကြောင်းလေ"

"အင်း...ဟုတ်ပါပေ့ရဲ့...မေတ္တာမပျက်...သစ္စာငှက်...ပါပဲ၊" တောအုပ်ကြီး ဆရာမြရင်ထဲတွင် လှိုက်မောနေပါသည်။ တောတောင် တစ်ခွင်တစ်ပြင်လုံးတွင်ကား စိမ်းလန်းစိုပြည် သာယာလှပနေဆဲပင်..."

www.burmeseclassic.com

www.burmeseclassic.com

# တောကြီးမာယာ သဲကိုးဖြာ

ပုံတောင်ပုံညာတောင်တန်းကြီးသည် မြူလိမ်မြူကောက်ပမာ တွန့်လိမ်နေသည်။ တောင်ထိပ်ပေါ်မှ စီးကျလာသော စမ်းချောင်းရေသည် အေးမြလှ၏။ မိုးကောင်းကင်ကြီးမှာ တိမ်ပန်းချီရောင်စုံခြယ်ကာ လှချင်တိုင်း လှပနေကြသည်။ နွေဥသြသည် မြိုင်တောတစ်ခုလုံးကို စိုးမိုးကာတေးသီကျူး နေသည်။ နွေရွက်ကြွေတို့သည်တစ်တောတစ်တောင်လုံး၏ပင်ခြေရင်းတွင် ဝပ်စင်းခယနေတော့၏။ အရိုးကျဲကျဲ သစ်ပင်တို့၏ ဘဝသရုပ်မှာ နေပူရှိန်ကို ကျောကော့အောင် ခံစားနေကြ ရရှာသည်။ အရွေ့အနောက် တောင် မြောက်ဝဲယာတို့တွင် နွေ၏ သရုပ်ကို ဖော်ထုတ် တေးသီကျူးလျက်ရှိသည်။ သစ်ရိုပ်ဝါးရိပ်ဟူ၍ မရှိတော့။ နွေတွင်ပွင့်မည့် ပိတောက်သည်သာ ရွှက်လုံးဖြာဝေ၍ မြရေးကြွယ် ရွှက်သစ်နုနေသည်။ ဤအချိန်မျိုးကို တောလိုက်သူတို့သည် အကြိုက်ရာသီဖြစ်သည်။ နွေနေပူပူ လောင်လောင် တောခေါင်ခေါင်အလယ်ဝယ် သားကောင်တို့သည် စမ်းရိပ်ခိုကာ စမ်းချောင်းနံဘေးတွင် အနားယူတတ်ကြ၏။ သားကောင်တို့၏ အလေ့အထ စရိုက်ကိုသိသော တောအုပ်ကြီး ဆရာမြ၊ ဆင်သမားကြီး ဦးဉာဏ၊ ဆင်သမား ဗလကြီးတို့သည် ညိုမှိုင်းပြာရီနေသော နဂါးပွက် တောင်ဆီသို့ တက်ခဲ့ကြတော့သည်။

"အောက်အီးအီးအွတ်...အောက်အီးအီးအွတ်"

တောစပ်ဆီမှ လေးလေးတွဲ့တွဲ့ တောကြက်ဖတစ်ကောင်၏ တွန်သံကြောင့် တပည့်ကျော် ဗလကြီးက နိမိတ်ဖတ်လိုက်



သည်။ ဆင်သမားကြီး ဦးဉာဏမှာ အဝေးသို့မျှော်ငေး ကြည့်နေလေသည်။ တောအုပ်ကြီး ဆရာမြသည် ပြုံးပြုံးကြီးလုပ်နေသည်။

"ဗျို့...တောအုပ်ကြီး ဆရာမြ၊ တောကြက်ဖလေးတွဲ့တွဲ့သံရှည် ဆွဲပုံထောက်တော့ သားကောင်သိတ်ကြီး ရလိမ့်မယ်ထင်တယ်ဗျ"

ဝါရင့် ဆင်သမားကြီး ဦးဉာဏကလည်း သူ၏ဆေးဝါးတော်ကြီးကို ဘယ်ဘက်ပါးစောင်ဆီသို့ ပစ်သွင်းလိုက်ပြီး အာလေးလေးကြီးဖြင့် "ဟုတ်တယ်ဆရာမြ၊ ကြက်ဖသံရှည်ဆွဲရင် သားကောင်ရကိန်းပဲဗျ။ ကိုယ်တွေ့မို့ ကျုပ်တော့ယုံတယ်၊ သားဗလကြီးပြောတာမှန်တယ်"

"အမယ်လေးဗျာ၊ အင်း...ဆင်သမားသားအဖ သိပ်အတိုင်အဖောက် ညီတယ်၊ ယုန်မရခင်က သံပရာရှာနေကြပြီပဲ၊ သားကောင်ခြေရာတောင် မတွေ့သေး၊ သားကောင်အကြောင်း ရေလဲသုံးနေကြပြီ"

ဆင်သမား ဦးဉာဏနှင့် ဗလကြီးတို့ စကားသံပျောက်သွားတော့သည်။ တဖြည်းဖြည်းလူမနီးသူမနီး တောနက်လာသဖြင့် ပရစ်အော်သံ၊ အဝေးဆီက မျှောက်အော်သံများသာ ကြားနေရသည်။ ဘာဆိုဘာမျှ မကြားရတော့ တိတ်ဆိတ် လွန်းလှသည်။ အဝေးရပ်ဆီမှ တစ်ခါတစ်ခါ ချေဟောက်သံသဲ့သဲ့ကိုလေပြည်ကလေးနှင့်အတူ ကြားနေရတော့သည်။

"ဟူး... ပူလိုက် အိုက်လိုက်တာဗျာ၊ နေမင်းကြီးခေါင်းပေါ်မှာ တင်ထားရသလိုပါပဲလား၊ အာကလဲခြောက်ရေကလဲဆာ၊ ပေးစမ်းပါအိုးဟော့...ဗလကြီး။ ဘူးသီးခြောက်ရေဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမြ ရေကိုချွေတာသောက်ဗျ။ ရိုးထဲမှာ စမ်းမတွေ့သေးဘူး"

"ရေဆာတာတောင် မသောက်ဘဲ အငတ်ခံရမဲ့ကိန်းပါလား ဗလကြီးရ"

"မဟုတ်ပါဘူး ဆရာမြရယ်...ရေအသက်တစ်မနက် ထမင်းအသက် ခုနစ်ရက်တဲ့၊ သောက်သာသောက်လိုက် ဘုန်းတော့လဲ အေးသွားတာပဲ"

ဆင်သမား ဗလကြီးပေးသော ဘူးသီးခြောက်ရေဘူးကို အားပါးတရ သောက်ချလိုက်သည်၊ လူတစ်ကိုယ်လုံး အေးမြသော ရေကလေးကြောင့် ပင်ပန်းသမျှ အနွမ်းပြေပျောက်သွားသည်။

"ဟူး...အခုမှပဲ ရင်ထဲအိုအေစစ်လေး ဖြစ်သွားတော့"

တောအုပ်ကြီး ဆရာမြ ဘူးသီးခြောက်ရေဘူးကို နောက်တစ်ကြိမ် ထပ်၍မော့ကာ အားရပါးရသောက်ချလိုက်သည်။ ရေဘူးထဲတွင် ရေတွေကရှိနေဆဲပင်။ လွယ်ထားသော တောပစ်ရိုင်ဖယ်သေနတ်ကို မြေပေါ်သို့ချ၍ အနားယူလိုက်၏။ အနီးတွင် ချုံရိပ်ကလေးကြောင့် အေးမြနေသည်၊

"ဗျို့...ဦးညာဏခဏလေး နားပါဦးဗျ။ ရှေ့လောမကြီးပါနဲ့အုံး၊ စောပါသေးတယ်။ အခုမှ နေထန်းတစ်ဖျား လောက်ရှိမှာပါ"

"ဆရာမြကလည်း တောတက်တယ်ဆိုတာ သွက်သွက်လက်လက် ထက်ထက်မြက်မြက်နေရတယ်ဗျ၊ သွေးမအေးရဘူး"

"ဦးညာဏကြီးကလည်းဗျာ၊ မရှိလို့လုပ်စား ပြည်းဖြည်းပေါ့"



ဆင်သမား ဗလကြီးမှာ မောနေဟန်တူသည်။ ဗလကြီးဆီက အမောသံကြီးနဲ့ စကားသံထွက်လာသည်။

"ဟုတ်ပါတယ်ဖေ့အယ်၊ ခဏနားလိုက်ပါအုံး ခြေထောက်တွေ ကျိန်းနေပြီဗျ"

"ကဲ... နားကြ...နားကြကွာ"

တောအုပ်ကြီး ဆရာမြသည် မျက်နှာမူရာအနောက်ဘက်ဆီသို့ လှမ်းကြည့်လိုက်မိသည်၊ အနောက်ဘက်ဆီတွင် ချင်းရိုးမကြီးသည် တိမ်လွှင်းခမောက်ကိုဆောင်းကာ လှပနေသည်။ အပြာရောင် တောင်တန်းကြီးများသည် နွေရာသီမို့ မီးခိုးငွေများ ဝေဆိုင်းနေပါသည်။ တောအုပ်ကြီး ဆရာမြရင်ထဲတွင် တောလိုက်ချစ်စိတ်များ အဝေးသို့လွင့်သွားသည်။ ဟိုဟိုသည်သည် အလွမ်းတို့က ရင်ထဲတိုးဝင်လာပြန်၏။ ရင်အလွမ်းကို အပန်းပြေစေရန် တောအုပ်ကြီးဆရာမြ ဆေးတံကိုဖွာရန် သတိရလာသည်။ လွယ်အိတ်ထဲမှ ဆေးတံကိုရှာလိုက်သည်။ တွေ့ပြီ။ ဆေးတံကို ယူ၍ ဆေးဘူးထဲက ဇာကိုးနီးယားဆေးကို ထည့်လိုက်၏။ မီးညှိရန် မီးခြစ်ရှာရပြန်သည်။ မတွေ့။ လုံးဝမတွေ့တော့။

"တောက်... ကွာ။ ဆေးတံသောက်မယ်ကြံခါမှ မီးခြစ်က သုံးလန့်ပြည်ထဲမှာ ကျန်ခဲ့ပြီ ဦးညာဏ"

"ဆရာမြကလဲ အမေ့အလျော့ သိပ်ထူတာကိုး။ ဆေးတံသောက် ဖို့ မီးလိုနေပြီပေါ့။ လွယ်ပါတယ်။ ကဲ ... မုဆိုး မီးခြစ်လုပ်ရအောင်။ ဟဲ့ ... သားဗလကြီး ဝါးယောင်း ခြောက်လေး ရှာစမ်းကွာ"

"ရော့ ... ဖေ့အယ်၊ ဒီမှာ ဝါးယောင်းခြောက်"

"အေး ... ပေးကွာ မြန်မြန်"

www.burmeseclassic.com

www.burmeseclassic.com



ဦးညာဏသည်သားဖလကြီးပေးသော ဝါးယောင်းခြောက်ကို ခွဲ လိုက်သည်။ ပြီးလျှင် ပါးဟက်နှစ်ခုလုပ်ကာ အပေါ်မှ ဝါးယောင်းခြောက် အသွားထက်ထက်နဲ့ဝါးမှို့စကလေးများခံကာ ပွတ်တိုက်တော့၏။ သိပ်မကြာပါချေ။ ပွတ်တိုက်မှု အပူဓာတ်ကြောင့် မီးခိုးတွေ ထွက်လာသည်။ မီးခိုးထွက်လာလေ ဦးညာဏအားထည့်၍ ခပ်ပြင်းပြင်းတိုက်လိုက်သည်။ မကြာပါချေ။ ဝါးမှို့စကလေးတွေကိုစွဲ၍မီးရဲရဲကလေး ရရှိလာတော့သည်။ တောအုပ်ကြီး ဆရာမြသည် ဝါးမှို့စမီးကလေးကို ဆေးတံထဲထည့်ကာ ဖွာရှိုက်လိုက်သည်။ ဆေးတံအရင်းပါးစပ်ဖျားဆီတွင် မီးခိုးငွေ့တွေ ထွက်လာသည်။ ဆေးတံသောက်လို့ရပြီ။ ဦးညာဏကြီး၏ တောလိုက်မီးခြစ်က၊ ကောင်းမှကောင်း။

"ကျေးဇူးပဲ ဦးညာဏရေ၊ အဲဒီ တောလိုက်မီးခြစ်သာမရှိရင် ဒီတောတောင်ထဲမှာ ဆေးတံငတ်တော့မှာ"

"တောသဘာဝထဲမှာ တီထွင်ကြံဆနည်းလမ်းရနိုင်ပါတယ် ဆရာ မြရဲ့"

ဆင်သမားကြီး ဦးညာဏမှာ စကားပြောအပြီးတွင် ဆေးရှက်ကြီးကို ပါးစပ်ထဲ သိုလိပ်သွင်းကာ ငုံနေတော့၏။ တောတောင်တို့၏ အလှကား အကျည်းတန်လှ၏။ ဘယ်ကို ကြည့်ကြည့် အရိုးပြိုင်းပြိုင်းအကိုင်းများ ထိုး ထွက်နေသည်။ ရွက်ခြောက်ကြွေတို့မှ လေကစားရာလျှောက်၍ ပြေးလွှား လမ်းသလားနေကြသည်။

"ဝှန်း...ဝှန်း...ဝှန်း...ဝှန်း"

"ဟိုး...ဟိုး...ဟိုး...ဟိုး...ဟိုး"

"ဝိုး...ဝိုး...ဝိုး...ဝိုး...ဝိုး"

"ဝူး...ဝူး...ဝူး...ဝူး...ဝူး"



အသံတွေကအဝေးဆီမှ အနားရောက်လာသလိုထင်ရသည်။ ဆင်သမားကြီး ဦးညာဏမှာ နေရာထိုင်မဂျက်...ဆေးဝါးလျက်။ ဆေးရည်များကိုပင် တထွီထွီထွေးနေသေးသည်။ တောအုပ်ကြီး ဆရာမြသည် တောလိုက်သေနတ်ကို အမြန်ဆွဲယူကာ အသင့်အနေအထားသို့ ပြောင်းကိုင်လိုက်၏။ လက်ညှိုး က သေနတ်မောင်းခလုတ်ဆီသို့ အသာတင်ထားလိုက်သည်။ ပြီးတော့ အသံလာရာဆီသို့ ထိုးချိန်ထားလိုက်သည်။ ခပ်ဝေးဝေးဆီမှ အနားယူနေသော ဖလကြီးသည် ပြေးကပ်လာသည်။ မျက်နှာပြင်ပေါ်ဝယ် သွေးမရှိအောင် ဖြူဖွေးနေသည်။ တစ်ကိုယ်လုံး ချွေးစေးတွေ ထွက်နေသည်။ ဖလကြီးမှာ ကြောက်ရွံ့နေသည်။ တုန်လှုပ်နေသည်။ ဒူးနှင့်လက်တွေက တဆတ်ဆတ်တုန်ခါနေကြသည်။

"ဟေ့... သား ဖလကြီး၊ ဘာမှမကြောက်နဲ့၊ အဲဒါ တောခြောက်တာလို့ခေါ်တယ်၊ တောကြီးမာယာ... သံကိုးဖြာပေါ့ကွာ"

"အသံတွေပဲကြားနေရတာပဲ၊ ဖေ့အယ်...ဘာမှလဲမမြင်ရဘူး"

တောသံ တောင်သံ မြေမြို့ကျသံ။ လေပြင်းတိုက်သံ၊ ဝင်စစ်တောခြောက်သံများကို တောအုပ်ကြီး ဆရာမြသည် ဤခလေ့ဆန်းဆန်း အတွေ့အကြုံမျိုးကို နှိုးသက်တမ်း တစ်လျှောက်လုံး မကြုံဖူးပေ။ အခုမှ ထူးထူးဆန်းဆန်းဖြစ်ရပ်နှင့် ကြုံတွေ့ရလေပြီ။ ဦးညာဏမှာ ပါရင့်ဆင်သမားပီပီ အေးအေးဆေးဆေး တည်တည် ငြိမ်ငြိမ်ပင်။ ဦးညာဏမှာ တောခြောက်ခြင်းကို မကြာခဏကြုံတွေ့

www.burmeseclassic.com

www.burmeseclassic.com



ဖူးဟန်တူသည်။ တောအုပ်ကြီး ဆရာမြရင်ဝယ် ဧရာဝတီမြစ်ပြင် ဆီက လှိုင်းဂယက်သဖွယ် လှုပ်ခတ်နေပါသည်။

"ဗျို့ဆရာမြ။ အဲဒါတောခြောက်တယ်လို့ခေါ်တယ်ဗျ။ တောကြီး မြိုင်ကြီးတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မလေ့ဆန်းတစ်ခု ပါ။ သူ့ဘာသာသူ ငြိမ်ကျသွားမှာပါပဲ"

ဟုတ်ပါသည်။ ဦးဉာဏပြောသည့်အတိုင်းပင် တလှုပ်လှုပ် တုန်ခါမြည်ဟည်းနေသော တောကြီးတောင်ကြီးများသည် နီးရာမှ ဝေးသွားလိုက်၊ ဝေးရာမှ နီးလာလိုက် အသံမျိုးစုံကြားနေရသည်။ တောနက်လေ မာယာများလေဖြစ်၏။ တောကြီးမာယာ သဲကိုးဖြာသည် သဘာဝက မရှိခြင်းကို အရှိလုပ်တတ်သည်။ နာနာဘာဝ၊ ဝိနာဘာဝတို့၏ လှည့်စားမှုများကလည်း အချိန် နှင့်အမျှ ကြုံတွေ့ရတတ်သည်။ တောခြောက်ခြင်း၊ ကျတ်ကုန်း ဖန်ဆင်းခြင်း၊ သစ်ကြီး ဝါးကြီးများ၏ လှည့်စားမှုကလည်း များလှ သည်။ ရောက်ဖူးကြုံဖူးကြမှသာ ယုံကြည်ကြသည်။ လက်ခံ ကြသည်။

တောမှာမွေး၊ တောမှာကြီး၊ တောတောင်တွေကို မှီခိုလုပ်ကိုင် စားသောက်နေကြရသော ဆင်သမားများအတွက် တကယ့်အဖိုးတန် ဗဟုသုတတွေဖြစ်၏။ တောတောင်ခရီးကို သွားကြမည့်သူသည် ရှေးဦးစွာ သိထားရသောအချက်မှာ မိမိသွားရောက်ရာ တောတောင်စရိုက်ကို အကြမ်းဖျင်းသိထား ရန်လိုသည်။ ကြီးစိုးသော တောတောင်နတ်များကို ကျွမ်းကျွမ်း ကျင်ကျင်သိဖို့လိုသည်။ တောအထာ ခြေသံမာယာကို ဖမ်းမိသော မရှုးစမ်းဘဲ တောတောင်ထဲ မသွားသင့်ပေ။ တစ်ခုခုမှားယွင်းကျူး



လွန်မိပါက ဆယ်ဦးတွင်တစ်ဦး အသက်ရှင်လမ်းမရှိ။ တောတောင် ကြမ်းသဖြင့် ကျား၊ ဆင်၊ မိကျောင်းတွေပေါ၏။ နာနာဘာဝ များကလည်း ရှိနေသည်။ တောတက်ရင်း ကျားဆွဲခံရသူများ၊ ဆင်လိုက်ခံရသူများ၊ မိကျောင်းကိုက်ခံရသူများ၊ မြွေညို့ခံရသူများ တွေ့ရကြုံရဆုံရတတ်သည်။ ဝါးတစ်ရုံ သစ်တစ်ပင်ခြားရုံနှင့် လမ်းပျောက်သွားတတ်သည်။ လူယောင်ဖန်ဆင်းထားသော ကျတ်ကုန်းထဲသို့ ရောက်တတ်၏။ တောတောင်ထဲတွင် မျက်စိ လည်ပြီး ဘယ်လိုမှ ပြန်လမ်းသို့မရောက်ဘဲ အစာရေစာပြတ်၍ သေကျေကြသည်။ သစ်ပင်ပေါ်နေပြီး တောခြောက်တာကို တကယ်မှတ်ထင်ပြီး ပြန်ဆင်းမိ၍ ပြန်လမ်းမရှိသူ ဖြစ်တတ် သည်။

အဓိက သတိထားရမည့်အချက်မှာ ဘယ်တောကိုဝင်ဝင် တစ်ယောက်နဲ့တစ်ယောက် နာမည်အော်မခေါ်ကြဖို့ပင်ဖြစ် သည်။ တောထဲ တောင်ထဲ လူအုပ်ကွဲသွားလျှင် တစ်ယောက်နဲ့ တစ်ယောက် အချက်ပေးချင်လျှင် သံရှည်ဆွဲ "အူး" ပြီး ဆက်သွယ် အချက်ပေးတာ အကောင်းဆုံးနည်းဖြစ်သည်။ တောထဲတွင် မျက်စိလည်မှု နှစ်မျိုးရှိသည်။ တစ်မျိုးက နေရာအနှံ့အပြား လျှောက်ရောက်နေခြင်းဖြစ်၏။ နောက်တစ်မျိုးမှာ တစ်နေရာ တည်းကို အဖန်တလဲလဲ ပြန်ရောက်ကာ လည်နေခြင်းပင် ဖြစ် ပါသည်။ ဒုတိယမျက်စိလည်ခြင်းမှာ စပါးကြီးမြွေ အညို့ခံထားရ သလို ဝေးဝေးမသွားနိုင်တော့ဘဲ တစ်နေရာတည်း တဝဲလည်လည် လျှောက်နေတတ်၏။ စပါးကြီးမြွေ၏ ချက်နားတွင် ညှို့ကြိုးနှစ်ခု ရှိသည်။ တိရစ္ဆာန်ကိုဖြစ်စေ၊ လူကိုဖြစ်စေ ခြေရာတွင် ညှို့ကြိုး ထောက်၍ ညှို့လိုက်ပါက အညှို့ခံရသူမှာ ဝေးဝေးမသွားနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ချေ။ တဝဲလည်လည်ဖြစ်နေပြီး ညှို့ထားသူ မြွေရှေ့သို့ ပြန်ရောက်ရလေသည်။ ထိုအခါ စပါးကြီးမြွေက ဆွဲပတ်ပြီး ဆန့်ထုတ်လိုက်တတ်သည်။ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် အရိုးအဆစ်တွေ ပြုတ်ထွက်ကုန်မှသာ ဆွဲသုတ်၍ အကောင်လိုက်မျိုချလေ၏။ အပြေးမြန်သော သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်များကို ညှို့၍ ဖမ်းစားဝါးမျိုတတ်သည်။

တစ်ခါက ဆင်သမားကြီးတစ်ဦးဟာ စပါးကြီးမြွေ အညှို့ခံထားရသလို၊ တစ်နေရာမှာ တဝဲလည်လည်ဖြစ်နေသည်ကို သတိပြုမိပါ၏။ ပဆုံးတစ်ခုကိုချ၍ အဝတ်အစားကို ချွတ်ပုံထားတော့မှ ညှို့ကြိုး လွတ်သွားသည်ဟူ၍ သူတို့တွေကို ပြောပြဖူးပါသည်။ မြွေညှို့ခံရခြင်းကို ရိပ်စားမိသူ တောမုဆိုးတို့သည် သတိဝင်တာနှင့် ဓားကိုအဝတ်ပတ်ပြီး စိုက်ထားပစ်ခဲ့သည်။ မြွေက လူမှတ်၍ ဆွဲပတ်ပြီး ဆွဲဆန့်လိုက်ရာ ဓားက မြွေကိုယ်ကို အပိုင်းပိုင်း ဖြတ်ပစ်လိုက်ပါတော့သည်။ ဒီတော့မှ ကိုယ့်ပဆုံးတွေကိုပြန်ယူ မြွေကြီးပါရသွားခဲ့သည့် တောလိုက်မုဆိုးတွေလဲ ရှိကြသည်။ အသက်ကို ဉာဏ်စောင့်ဆိုတဲ့စကားလို ဖြစ်နေတော့၏။

တောကြီးမာယာတစ်မျိုးမှာ သဘာဝက မရှိကို အရှိလုပ်ခြင်းပင် ဖြစ်၏။ မဟုတ်တာကို အဟုတ်လုပ်ပြီး နာနာဘာဝများက ဖန်ဆင်း မျက်စိလှည့်စားခြင်းဖြစ်သည်။ အချို့မှာ တောနက်များတွင် မျက်စိလည်ကာ ရွာများကို ရောက်သွားတတ်၏။ မနက်လင်းလျှင် သစ်ခေါင်းထဲရောက်လိုရောက် ဖြစ်နေရသည်။ သစ်တုံးခေါင်းအုံးအိပ်လိုအိပ်ရတတ်၏။ သစ်ရွက်သစ်ခေါင်းများကို စားလိုစားရမှုတွေဖြစ်တတ်သည်။ မမြင်သင့်မမြင်ထိုက်မှုများကို မြင်တွေ့ရပြီးလျှင် အသက်ဆုံးရသူများ ရှိပါသည်။ မျက်စိလည်



လမ်းမှားနေလျှင် နေဝင်သည်နှင့် သစ်ပင်မြင့်မြင့်ပေါ်တွင် တက်နေခြင်းမှာ အန္တရာယ်ဘေးအကင်းဆုံး ဖြစ်ပါသည်။ တောတွင်းတိရစ္ဆာန် ဆင်၊ ကျား၊ ကျားသစ်၊ ဝံများသည် နေရောင်ပျောက်မှ အစာထွက်ရှာတတ်ပါသည်။ ညမိုးချုပ်လျှင် အန္တရာယ်ကောင်များနှင့်တွေ့ကာ အချိန်မရွေး ရင်ဆိုင်တွေ့နိုင်သည်။

တောထဲတောင်ထဲတွင် ဆင်ကိုတွေ့လျှင် ရေထဲကို ဆင်းမပေးရန် သတိထားအပ်ပါသည်။ ဆင်မှာ အကောင်ကြီးသော်လည်း နှာမောင်းဖျားလေးသာ ရေပေါ်ဖော်ထား၍ ငါးတစ်ကောင်လို မြန်အောင်ကူးနိုင်သည်။ ရေထဲတွင် လူလွတ်အောင် မပြေးနိုင်ပေ။ တောဆင်နှင့် တောထဲ၌ ရင်ဆိုင်တွေ့ပါက လေအောက်မှ တည့်တည့်ပြေးလျှင် မလွတ်ပေ။ လေညာမှ ကွေ့ပတ်ပြေးရသည်။ အမြစ်များ၍ ပင်ခြေရှုပ်ထွေးသော ညောင်ပန်းပင်မျိုးနှင့် ဝါးရုံပင်များသို့ တက်ပြေးပါက ဆင်အန္တရာယ်မှ လွတ်ကင်းတတ်ပါသည်။ ကျားသစ်နှင့်တွေ့လျှင် လှံပါလျှင်ပါ၊ မပါလျှင် သစ်ချွန်ရှည်ရှည်တစ်ခုကို လူကိုယ်နဲ့ ကပ်ထောင်ထားပါက ကျားသစ် အနားမကပ်နိုင်တော့ပေ။ ကျားနှင့်ရင်ဆိုင်တွေ့လျှင် သစ်ပင်ကြီးကြီးတစ်ပင်ကို ကျောမှီရပ်ပြီး လက်နက်တစ်ခုခုကိုကိုင်ထား ကျားခုန်မအုပ်နိုင်တော့သည်မှာ အသေအချာဖြစ်သည်။

တောကြီးမာယာ သဲကိုးဖြာထဲမှာ တောခြောက်ခြင်းတွေ အမျိုးမျိုး ရှိနေကြပါသည်။ သားရဲတိရစ္ဆာန်ကြီးများက သမင်၊ ဒရယ်ယောင်ဆောင်၍ လာရောက်မြူဆွယ်တာလည်း ရှိတတ်သည်။ နာနာဘာဝက သူတော်စင်ယောင် ဆောင်လာတတ်ပါသည်။ ကျိတ်တွေက ကာယကံရှင်၏ ဇနီးမယား သားသမီးများ

www.burmeseclassic.com

www.burmeseclassic.com



ရှာသူရှာသားတွေယောင် ဆောင်လာတတ်သည်။ လာရောက်ခေါ်ငင်တာတွေလည်း ရှိ၏။ တော်လဲသံမျိုး ကြားရတတ်သည်။ မကောင်းဆိုးဝါးအနံ့တွေကို ရရှိတတ်ပါ၏။ ခေါ်သံအော်သံမျိုးစုံကြားရတတ်သည်။ ဤလိုအချိန်အခါမျိုး ကြုံတွေ့လျှင် အပင်ပေါ်မှအောက်သို့ မဆင်းမိရန် အထူးလိုအပ်ပါသည်။ သစ်ပင်ပေါ်မှဆင်းမိသည်နှင့် အန္တရာယ်ကြုံရ ဆုံရတတ်ပါသည်။ ညဘက် အချိန်တွင် သစ်ပင်အောက်မှ လာခေါ်သူသည် ကိုယ့်မိန်းမ အစစ်ဖြစ်နေလျှင် မယုံရပါ။ ထူးခြားခြင်းမှာ နဝနာဘာဝမကောင်းဆိုးဝါးများသည် အပင်မြင့်ပေါ် ရောက်နေသောသူများကို အန္တရာယ် မပြုနိုင်ခြင်းမှာ အံ့ဩစရာအချက် ဖြစ်ပါသည်။ အသံမျိုးစုံ ကြားရတတ်သည်။ ကျောက်တုံး ကျောက်ခဲကြီးများ အနားကျလာဘိသကဲ့သို့ ထင်ရမြင်ရသည်။ ဆင်သမားကြီး ဦးဉာဏသည် ကျင်ငယ်ရေကို စက်ဝိုင်းသဏ္ဌာန် ပတ်လည်ဝိုင်းကာ စွန့်လိုက်သည်။ ပြီးလျှင် သုံးယောက်သား ကျင်ငယ်ရေစက်ဝိုင်းအတွင်းဝယ် ထိုင်စေလိုက်ပါသည်။

တစ်တော တစ်တောင်လုံးသည် ဆူညံနေရာမှ တဖြည်းဖြည်း ငြိမ်သက်သွားသည်။ ငြိမ်ရာမှ အသံတိုး၍ တိုး၍ ဝေးကွာသွားတော့၏။ အသံတိုးရာမှ အစအနပျောက်ကွယ်ကာ ပကတိတောကြီး တိတ်ဆိတ်မှုအသွင်ကို ဖန်ဆင်းလိုက်ပြန်သည်။ ယခင်တောသဘာဝအတိုင်း မျောက် အော်သံ၊ ချေဟောက်သံ၊ ငှက်သံ၊ ကြက်သံများ ပေါ်ထွက်လာတော့၏။



"ဖေ့အယ်_တောကြီးမာယာသဲကိုးဖြာကြောက်စရာကြီးနော်"

"ဆင်သမားနဲ့ တောဆိုတာ အဆွေသဟာတွေပါ ဘာမှကြောက်စရာမလိုပါဘူးကွာ...တောသဘာဝ မာယာလှည့်ကွက်ချက်တွေကိုသိရှိရင် သတိထား ရှောင်နိုင်ဆောင်နိုင်တာပေါ့"

"ဟုတ်တယ်ဦးဉာဏရေ...တောကြီးမာယာသဲကိုးဖြာရဲ့ နက်နဲမှု လှည့်ကွက်ချက်တွေဟာ သိပ်စိတ်ဝင်စားဖို့ကောင်းတယ်ဗျာ"

တောအုပ်ကြီးဆရာမြတို့သည် အနားယူအပန်းဖြေရာမှ စမ်းချောင်းကလေးဆီသို့ လျှောက်လှမ်းလာခဲ့တော့သည်။ အဝေးရပ်ဆီမှ မြူမင်းလွင်တို့က အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းမှုန်နေပါသည်။ သုံးယောက်ပေါင်းလောင်းကျော် ဆိုသည့်စကားအတိုင်းပင် သူတို့သည် အရှေ့မျက်နှာဆီကိုဦးတည်၍ နဂါးပွက်တောင်ခြေမှ နွားမတောင်ဘက်သို့ဦးတည်ခဲ့ကြတော့သည်။ လေကလေးသည် သစ်ပင်ရိုးတံကျဲကျဲကြားဆီက အေးချမ်းမြ၍ တိုက်ခတ်နေပြန်တော့သည်။

နွားမတောင်သည် နဂါးပွက်တောင်ကဲ့သို့ ကျွန်းရွှေဝါများမပေါက်တော့ပေ။ သစ်မာပင်ကြီးများသာ ရောယှက်ပေါက်ရောက်နေတော့သည်။ သစ်မာအမျိုးတွင် ပျဉ်းကတိုး၊ ပိတောက်၊ ရှားစသောသစ်တို့ပါဝင်သည်။ ပျဉ်းကတိုးနှင့် ရှားသည် ထွားကြိုင်းသန်မာ၍ အထက်သို့ နေရောင်ခြည် လုတက်ယူရသောကြောင့် ဖြောင့်တန်းနေသည်။ ပင်ခြေတွင် ချုံနွယ်များက ပိတ်ကာဆီး၍ အပင်ငယ်ခလေးများ ထူထူထပ်ထပ်ပေါက်နေ၏။ နဂါးပွက်တောင်တွင် စိမ့်စမ်းအနည်းငယ်သာရှိသည်။ နွားမတောင်သည် စိမ့်စမ်းလျှို့မြောင်ပေါ၏။ ရေရှင်နေသည်။ ကြည်လင်သော စမ်းရေစီးပင်တို့ကား တောအလှသဘာဝကို ပြောပြနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟူး…ဒီတောင်ကြီးတက်ရတာ ပင်ပန်းလိုက်တာနော်"

ဦးဉာဏညည်းသံသဲ့သဲ့ကို တောအုပ်ကြီးဆရာမြ ကြားလိုက်ရသည်။ ဦးဉာဏ ညည်းပေလိမ့်မည်။ နွားမတောင်ကို တစ်ချို့က ဖင်ပေါ်တောင့်ဟု ခေါ်ကြသည်။ အထက်မှ တက်သွားသောလူ၏တင်ပါးကို အောက်မှတက်နေသောလူက မြင်နေရသည်။ သို့ဖြစ်ရာ အမည်သညာခေါ်စရာနှင့် လိုက်လျော ညီညွတ်လှသော တောင်ကြီးပါတကား။ တက်ကြွရွှင်လန်း အားသစ်သော ဗလကြီး ပင်လျှင် တရှောင်ရှောင်ဖြစ်လာပြီ။

"ဆရာမြရေ…ဒီလိုတောင်မျိုးသာ တက်နေရရင် ဆက်ပြီးတော့မလိုက်ချင်တော့ဘူးဗျို့"

"ဗလကြီးကလဲကွာ…ခါကာဘိုရာဇီ၊ စာရာမေတီ၊ ခေါ်နူစုမ် (ဝိတိုရိယ)တောင်တွေကို တက်ရောက်ခြေချနေတဲ့ ဗိုလ်မှူးကြီး လှအောင်တို့လို လူမျိုးအတွက် မင့်စကားတွေ ချန်ပြောပါအုံးကွာ"

"တောင်တက်သမားက တောင်တက် သမားပဲ…ဆင်သမားက ဆင်သမားပဲ ဆရာမြ"

"အေး…မင်းပြောတဲ့ ကွဲပြားချက်တွေတော့ရှိတယ်… ဒါပေမယ့် တူညီတဲ့ရည်မှန်းချက်တွေက ရှိနေတယ် ဟေ့… တောင်တက်သမားတွေက သူတို့လိုရာ တောင်ထိပ်ရောက်ဖို့ ရည်မှန်းတယ်…အေးကွာ…တို့ဆင်သမားမုဆိုးတွေက သားကောင် များများရဖို့ ရည်မှန်းတယ်… ရည်မှန်းချက်တွေ တူတယ် မဟုတ်လား"

"ဟုတ်တယ်…ဟုတ်တယ်ဆရာမြ…ဆရာမြက အမောပြေ လေချိုသွေးတတ်သားပဲ"



"ဟဲ…ဟဲ…ဟဲ…မင်းရဲ့ ချစ်ဦးသူလောက်တော့ လေချိုသွေး ဘယ် မီမလဲကွာ"

"ဟား…ဟား…ဟား…ဟား…ဆရာမြက လုပ်ရော့မယ်"

ဆရာမြနှင့် ဗလကြီးတစ်ယောက်ကိုတစ်ယောက် စကား တပြောပြောနှင့် မောရမှန်းပင် မသိတော့ပါ။ ဦးဉာဏမှာမူ သူ၏ ထုံးစံအတိုင်းပင် ဆေးရွက်ကြီးကို ပါးစပ်အပြည့်ထည့်ငုံ၍ လိုက်ပါလာသည်။ ဦးဉာဏသည် ဆင်သမားမုဆိုးပီပီ မျက်စိလျင်လှသည်။

"ဆရာမြ…ဟိုမှာ ဖြူဖွေးဖွေးတွေ့လား"

ဦးဉာဏပြောစကားနှင့် လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်မိပါသည်။

"လား…လား…မြေအတွင်း သစ်ပင်ရှုပ်ရှုပ်အောက်မှာ…"

"ဟာ…ယုန်ကလေး…ယုန်ကလေး"

တစ်တောလုံး တိတ်ဆိတ်နေသဖြင့် ဗလကြီး၏ အသံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးရိုက်ခတ်သွားပါသည်။ ဗလကြီးသည် ခြေမြန်လက်မြန် ယုန်ရှိရာမြေတွင်းဆီ ဆင်းသွားသည်။

"ဟေ့…သားဗလကြီး…မလုပ်ပါနဲ့ကွာ… ယုန်သားသည် အမေကြီးကွ"

ဝါရင့်မုဆိုးကြီးဦးဉာဏပြောမှ မယုံသင်္ကာနှင့် စူးစမ်းကြည့်မိပါသည်။ တောအုပ်ကြီးဆရာမြမျက်လုံးအိမ်တွင် ယုန်ကလေး ဖြူဖြူဖွေးဖွေး ရင်ခွင်အောက်ဝယ် နီနီထွေးထွေး ယုန်သားပေါက်ကလေး ငါးကောင်ကိုတွေ့ရသည်။

"ဦးဉာဏက ဘယ်လိုလုပ်သိနေသလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားစွာ မေးလိုက်မိပါသည်။ ဦးဉာဏစကားကြားရမှ ဆရာမြ ဗဟုသုတတိုးလာပြန်သည်။ ဟုတ်လည်းဟုတ်ပေသည် တကား။

"ဆရာမြရဲ့...ယုန်ဖြူဖွေးဆိုတာ လူရိပ်မြင်တာနဲ့ လစ်ခနဲ ပြေးတတ်တာမဟုတ်လား...ဒီကောင်ဟာ ကျုပ်တို့မြင် ရုံတင်မကဘူး...သား ဗလကြီးသွားပြီး ရိုက်မယ်လုပ်ပေမယ့်လည်း မပြေးဘူး ဒါဟာ သားသမီး ဖောကြောင့် ယုန်ဘွင်းမြေက မခွဲမခွာတာလေ ဒီတော့ ဒီကျင်းထဲမှာ ယုန်သားမွေးပြီး ယုန်မိခင်ဖြစ်နေပြီလို့ သိရမယ်...မှတ်ရမယ်ဆရာမြ"

"ဟဲ...ဟဲ...ဆင်သမားမုဆိုးနဲ့ စုံထောက်တစ်ခြေထောက်ထဲ မဟုတ်လား"

ယုန်သားတွင်းမှ ဖြတ်ကျော်လာခဲ့ကြသည်။ သန်းပင်၊ ရုံးပင်များပေါက်၍ မြေပြန့်မြက်နုနုများပေါက်ရာ စမ်းချောင်း ဘေးသို့ ရောက်လာတော့သည်။ စမ်းရေသည် ကြည်လင်နေ၏။ စမ်းချောင်းထဲတွင် ငွေသားရောင်ငါးကလေးတွေ ကူးခတ်နေကြသည်။ ဆရာမြသည် မောလာသဖြင့် မျက်နှာသစ်လိုက်သည်။ ပြီးတော့ ရေအေးအေးလေးကို တဝသောက်လိုက်သည်။ ဦးဉာဏသည် ယင်းမာပင်ကြီးအောက်တွင် ငုတ်တုတ်ထိုင်နေသည်။ ဗလကြီးမှာမူ စမ်းချောင်းထဲမှငါးများကို ကျောက်ခဲအကြီးအကြားမှ အသာချွာ၍ဆင်သမားမုဆိုးစစ်စစ်မှ တင်ငါးဇာတ်ရောနေတော့သည်။

"ဆရာမြ...ငါးတွေက အကြီးကြီးတွေဗျို့"

"ဟေ့...ဗလကြီး...ဗလကြီးလုပ်ရော့မယ်...မင်းနှယ်ကွာ...တောထဲ ဆင်သမားမုဆိုးလာလုပ်ကာမှ စမ်းချောင်းမြင်တော့



ကွန်ပစ်ပြီး... ငါးဖမ်းချင်ပြီလားကွာ...မင်းရဲ့ ဦးတည်ချက်က မမှန်ဘူး"

"ဟဲ...ဟဲ...ဟဲ...ဆရာမြကလဲ...သားကောင်မရလည်း ငါးဖမ်းပြန်ရမှာပေါ့ဗျာ"

"ဟေ့ကောင်...မင်းပါးစပ်ပုပ်ကြီးနဲ့ လာမပြောနဲ့ကွာ သွား... သွား...ငါးမရ ရေချိုးပြန်မယ်ပဲ ကြားဖူးပါတယ်ကွာ"

"ဆရာမြ...ချေအော်သံကြားရပြီ...ဖက်လိပ်ဆွဲမယ်နော် ဆရာမြ"

"ဦးဉာဏကြိုက်သလိုလုပ်ဗျာ...ဒီတော ဒီတောင်ရိုးမက ဦးဉာဏ ခြေရာလက်ရာတွေပဲ"

ဆရာမြထံမှ စကားပြန်ရလျှင် စိမ်းနုနုရေစပ်သစ်ပင်ဆီက သစ်ရွက်နှစ်ရွက်ကို ခူးယူလိုက်သည်။ သစ်ရွက်နှစ်ရွက်ကို ရင်ချင်းကပ်ကာ ဖက်လိပ်ဆွဲနေပေပြီ။ ဖက်လိပ်ဆွဲသည်ဆိုသည်မှာ ဆင်သမားမုဆိုးစကားသုံးဖြစ်သည်။ ဖက်ရွက်နှစ်ခုပူးကာ သားကောင်၏အသံတုကို ဖန်တီးကာမှုတ်ရခြင်း ဖြစ်သည်။ ဖက်ဆွဲရာတွင် အသံမှန်မှန် ပထမသံရှည်ဆွဲရသည်။ တဖြည်းဖြည်းနှင့် သားကောင်ငယ်၏ အသဲကွဲအော်သံကို ခပ်ပြင်းပြင်း မှုတ်ရသည်။ သားကောင်ငယ် အန္တရာယ်တစ်ခုခုနှင့် တွေ့နေ၍ အော်သံခေါ်သံမျိုးကို ဖန်တီးရပါသည်။

"ဟက်...ဟက်...ဟူး...ဟူး...ဝူး"

"ဟက်...ဟက်...ဟူး...ဝူး"

www.burmeseclassic.com

www.burmeseclassic.com



ဦးဉာဏ၏ ဖက်ဆွဲသံသည် တောတခိုတောင်လှိုင်းအကြားလွင့် မျောသွားတော့သည်။ ဆရာမြသည် တောပစ်ရိုင်ဖယ်သေနတ်ကြီးကို ကျည်အိမ်တပ်ထားလိုက်သည်။ ပခုံးထက်တွင် တနင့်တပိုးနေရာယူခဲ့သော အချစ်တော်သေနတ်ကြီးကို ရင်ငွေ့ကြားဝယ် နွေးထွေးထားလိုက်သည်။ ဗလကြီးမှာ ချောင်းတစ်ခိုချောင်းတစ်လျောက်အတွင်းဝယ် တံငါသည်ကြီး စစ်စစ်ဖြစ်နေပြီ။ ဦးဉာဏမှာ ချေငယ်၏အသံတုကို ဖန်ဆင်း၍ နာရီဝက်ခန့်ကြာအောင် ဖြည်းတစ်ခါမြန် တလှည့် ဖက်ဆွဲနေသည်။ ဆရာမြတို့ တောလိုက်အတွေ့အကြုံအရ ဖက်ဆွဲခြင်းသည် သားကောင်ရရှိဖို့ ၉၀ ရာခိုင်နှုန်းကိန်းသေဖြစ်သည်။သားကောင်၏ မိခင်သည် ဖက်ဆွဲသံကို ကြားလျှင်မူ အဘယ်သို့သော အတားအဆီးအပိတ်အပင်ရှိပါစေ။ အပြေးလာရောက်တတ်သည်။ လူမပြောနှင့် အဟိတ်တိရစ္ဆာန်ပင်လျှင် မိခင် စိတ်ဓာတ် ကြီးမားပြင်းထန်လှပါသည်။ တောလိုက်ဆင်သမားများသည် တောမာယာကိုသုံး၍ သားကောင်ကို မြူဆွယ်ကြောင်နေရသည်။ဦးဉာဏပြင်းပြင်းထန်ထန်အသည်းကွဲအော်သံမှာ တကယ့်သားကောင်ငယ်၏ဖြစ်ရပ် အမှန်အသံကဲ့သို့ ဖြစ်နေတော့သည်။ သိပ်မကြာပါချေ။ နွေခေါင်ခေါင်ရွက်ကြွေတောဝယ် မြောက်အစပ်ဖက်ဆီက တကျွမ်းကျွမ်း ခြေသံ ပြင်းပြင်းနှင့်ဆင်းလာချေပြီ။ ဦးဉာဏသည် ခေါင်းကလေးစောင်းငဲ့ကာ မျက်ရိပ်ပြလိုက်သည်။ ဆရာမြသည် သေနတ်မောင်းကို အသာအယာတွန်းတင်လိုက်သည်။ ခလုတ်ကို “လုံ၊ တ၊ တွဲ” ရှိနေရာမှ



လုံခြုံမှုခလုတ်ကိုရွှေ့၍ တစ်တောင့်ချင်းနေရာသို့ ပြောင်းလိုက်ပါသည်။

“ဦးဉာဏ ဆက်မှုတ်ပေး...မှုတ်...လိုက်လာပြီ...လိုက်လာပြီ”

ဆရာမြတိုးတိုးညှင်းညှင်းအဆံပြုလိုက်သည်။ ဦးဉာဏဖက်လိပ်ဆွဲသံမှာ သားကောင်ရင်အသည်းကိုညို့ယူနိုင်သည်။ နွေရွက်ကြွေခြောက်များပေါ်ဝယ် တဂျွမ်းဂျွမ်းခြေချသံကြီးမှာ အထင်းသားကြားနေရသည်။ အသံသည် ဆရာမြတို့တောလိုက်ဆင်သမားတစ်စုအနီးကိုက် ၂၀၀ အကွာသို့ ကသောကမျောပြေးဆင်းလာတော့သည်။ ဆင်သမားဗလကြီးပင်လျှင် ဆရာမြထံပါးသို့ လာရောက်အားပေးဖော်ပြုနေတော့၏။

“ဆရာမြ...ကျုပ်ငါးတွေလဲရခဲ့တယ်...ဟဲ...ဟဲ...ဟဲအခုလည်း သားကောင်ရပြန်တော့မယ်”

“ရှူး...ရှူး...ဗလကြီးစကားမပြောနဲ့ ငြိမ်ငြိမ်နေကွာ”

ဆရာမြ လေသံပျော့ပျော့လေးပြောလိုက်သည်။ ဦးဉာဏဖက်လိပ်ဆွဲသံမှာ သားကောင်၏ ရင်အသဲနှလုံးကို ပရိယာယ်ကြွယ်ဝစွာ ဖမ်းစားနိုင်၏။ ဖက်ဆွဲသံကို တိခနဲဖြတ်ပစ်လိုက်သည်။ သားကောင်၏ ခြေသံသည်လည်း ရပ်တန့်သွားသည်။ ဖက်ဆွဲသံကို ဆက်၍ဆက်၍ ဆွဲလိုက်လျှင် ရပ်တန့်နေသော သားကောင်ခြေသံသည် သွက်လက်စွာလှုပ်ရှားနေပြန်သည်။

တဖြည်းဖြည်းသားကောင်နှင့် ဆရာမြတို့၏ တောမာယာကြော့ ကွင်းတို့ တွေ့ထိမှုပိုမိုနီးလာလေလေ သားကောင်သည် ဆရာမြပစ်ကွင်းအတွင်း၌ အသံသာကြားနေရပြီး ရုပ်ကိုမမြင်ရ

www.burmeseclassic.com

www.burmeseclassic.com



သေးချေ။ ထိုအခါ အကြောက်ပိုနေသော ဗလကြီးသည် ဒူးတုန်နေလေပြီ။

"ဆရာမြ...ဆရာမြတော...တောခြောက်ပြန်ပြီ ထင်တယ်ဗျ"

"မဟုတ်ပါဘူး...ဗလကြီးရာ...ငြိမ်ငြိမ်နေစမ်းပါကွာ"

ဆရာမြက ဗလကြီးကို လှမ်းပြောလိုက်သည်။ ဦးဉာဏသည်ပင်လျှင် သားကောက်ကို နားမလည်နိုင်အောင်ဖြစ်လာသည်။ မြင်ကွင်းတွင် ဝုံဝုံကြွားကြွား တင့်တင့်ထွားထွား မြင်နေကျ သားကောင်မှာ ယခုလုံးဝ ကိုယ်ပျောက်နေပြီ။ ဆရာမြသည် အသံကြားရာအရပ်ဆီသို့ နာခံရင်း တောပစ်ရိုင်ဖယ်သေနတ်ကြီးကို ပစ်ကွင်းဝင်အောင် ချိန်ထားလိုက်ရသည်။ ဦးဉာဏ၏ မျက်နှာဝယ် ချွေးသီးချွေးပေါက်တို့က ဝေ့သီနေ၏။ ဖက်ဆွဲသံကို အမြန်ပင်းပြင်း မှတ်ရသည်ကလည်းတစ်ချက်၊ သားကောင် ရုပ်လုံးမမြင်ရဘဲ အသံကြားနေရသည်ကတစ်ချက်ကြောင့် ဆရာမြကဲ့သို့ပင် စိတ်လှုပ်ရှားနေဟန်တူ၏။

သားကောင်ခြေသံ နီးသထက်နီးလာပေပြီ။ ဆရာမြ ရင်ခုန်သံသည် မြန်သထက်မြန်လာ၏။ အားကိုးရသော တပည့်ကျော်ဗလကြီးမှာ ဆရာမြတို့အနီးတွင် သားကောင်ရုပ်ဖျောက်နေသည်။ ခြေသံမှာ ကြားနေရပြီး ခန္ဓာပျောက်နေ၏။ ပစ်ကွင်းထန်းတစ်ဖျားအထိ သားကောင်ရုပ်ပုံလွှာကို လုံးဝမမြင်ရပေ။ အသံသာကြားနေရသည်။ ဆရာမြသည် သားကောင်ရှိရာကို သာမှန်းဆ၍ လိုက်ချိန် ချိန်နေရတော့၏။

"အမယ်လေး...ဆရာမြ မုဆိုးသိတ်ကြီးဗျို့"

"ဟုတ်တယ်ဆရာမြ...ပစ်...ပစ်"



အနီးနားဝယ်ရောက်လာမှ ကလေးငယ်၏ ကိုယ်လုံးနီးနီးလောက်ရှိသော မြွေမည်းမည်းကွက်ကွက်ကြီးသည် ပါးပျဉ်းကြီးထောင်ကာ မတ်ကြည့်နေသည်။ ဆရာမြလှမ်းမြင်လိုက်ရသည်နှင့် အူထဲအသည်းထဲက ယားနေသည်။ ဦးဉာဏသည် ဖက်လိပ်ကို ရုပ်ပစ်လိုက်ပြီးနောက် မျက်ကလူးဆန်ပြာဖြစ်နေတော့သည်။ မြွေကြီးသည် ဆရာမြတို့ရှိရာသို့ ပါးပျဉ်းထောင်ကာ ကြည့်လိုက်၊ ခေါင်းထိုးကာ ပြေးဆင်းလာလိုက်နှင့် လှုပ်ရှားနေ၏။ ဆရာမြသည် လှုပ်ခတ်နေသော စိတ်တို့ကို စူးစူးစိုက်စိုက်ပြန်၍ စုစည်းလိုက်ပါသည်။ အသက်ကို မှန်မှန်ရှူရှိုက်နေလိုက်ရ၏။

မြွေကြီးပြေးဆင်းလာရာအရပ်ကိုရည်မှန်း၍ ချိန်သားပစ်ကွင်း အတွင်းဝင်အောင် ရွှေ့ကာချိန်နေရပါသည်။ ဆရာမြ ချိန်ကွင်း ပစ်မှတ်အောက်ဝယ်မြွေကြီးသည် ပါးပျဉ်းထောင်ကာ စိုက်ကြည့်နေပါသည်။ ဆရာမြအချိန်ရရှိုက်လုံ့လစိုက်ပါသည်။ မြွေပါးပျဉ်းဆီသို့ တည့်တည့်ကြီး ချိန်ရွယ်ကာ မောင်းခလုတ်ကို ဖြည်းညှင်းစွာ ဆွဲချလိုက်ပါတော့သည်။

"ဒိုင်း"

တစ်တောတစ်တောင်လုံးသည် သေနတ်ကြီး မြည်ဟိန်းလွှမ်းဖုံးသွားတော့သည်။ ပါးပျဉ်းထောင်နေသော မြွေကြီးသည် သေနတ်သံနှင့်အတူ အဝေးသို့ "ပက်ခနဲ" လန့်ကျသွားတော့၏။ တိတ်ဆိတ်နေသော တော တစ်ခုလုံးကို ဆူညံသံများက တစ်ပြိုင်နက်ဖြိုခွင်းလိုက်ပါသည်။ မြွေကြီး၏အမြီးသည် နီးစပ်ရာ သစ်ပင်တို့ကို ရှိသမျှအားဖြင့်ရိုက်သည်။ မြွေခန္ဓာ ကိုယ်ကြီးဖြင့် အထပ်ထပ်ရစ်ပတ်သည်။ "တဝုန်းဝုန်း၊တရုန်းရုန်း" ရိုက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



သံသည် တဖြည်းဖြည်းငြိမ်သက်သွားသလို မြွေကြီးသည်လည်း ခေါင်းတွင် ဒဏ်ရာကြီးနှင့် အတူ ငြိမ်သက်သွားလေပြီတကား။

“ဗလကြီး...ဟေ့သားဗလကြီး...မုဆိုးတံကြီးရပြီဟေ့... လာတော့ကွာ...လာတော့ဟေ့”

“ဖေ့အယ်...ဘာမြွေကြီးလဲဗျ”

“တောကြီးမြွေ...စပါးအုံးမြွေကြီးမျိုးပဲ”

ဆင်သမားကြီးဦးဉာဏ၏ အောင်မြင်ဝင့်ကြွားသံကြီးကို ကြားသိ လိုက်ရသည်။ ဗလကြီးသည် သားကောင်မြွေကြီးနေရာသို့ အပြေးအလွှား ရောက်ရှိသွားသည်။

“ဆရာမြရေ...သိတ်ကြီးက ရှည်လဲရှည်...ကြီးလဲကြီးပါဗျာ”

တကယ်တော့ ဆရာမြတို့တောလိုက်ဆင်သမားတစ်စုသည် သားကောင်ကိုရှာဖွေဖမ်းဆီး ပစ်ခတ်သူများသာဖြစ်သည်။ နွားမတောင်ပေါ် မှ ဖြစ်ရပ်ဆန်းကား တောမာယာကြောင့်ကွင်း ကျုံးသွင်းသလို ဖြစ်ခဲ့ရတော့၏။ တောမာယာကို ဉာဏ်ကစားခဲ့သလို တောကြီးမာယာ၏ သဲကိုးဖြာကား ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကောင်းလှပါသည်။

ꩩꩩꩩꩩꩩ

# မေတ္တာရေစီး မိခင်ကြီး

ပုံတောင် ပုံညာတောင်တန်းကြီးသည် မိုးပုလဲတို့ကို လည်တွင်ဆင်မြန်းထားလေပြီ။ ရှစ်ခွင်တိုင်းတို့၌ မိုးသားထုက အုံမှိုင်းညို့ဆိုင်းနေသည်။ လေပြည်နုကလေးတို့က အဝေးရပ်ဆီမှ တစ်သွေးတစ်သား။ တစ်နွေလုံးခြောက်သွေ့နေသော သစ်တောကြီးသည် ယခုအခါတွင် မြရောင်ဝတ်စုံကို လွှမ်းခြုံထားတော့၏။ တောတိရစ္ဆာန်တို့၏ စားကျက် မြက်ခင်းတို့ကလည်း စိမ်းစိုသစ်လွင်နေသည်။ ဆင်သမားတစ်စုသည် ချုံကိုတိုး၍ သားကောင်ကိုရှာဖွေနေကြသည်။ဝါးမျှင်တောင်သည် ကသောင်းတောင်ထက်မြင့်၏။ တောနက်သည်။ တောကြမ်း၏။ ရွာခံသားတို့သည် ဤတောကိုရှောင်ကြသည်။ ဝါးမျှင်တောင်ကား တောမာယာများ၏။ တောခြောက်ခြင်း၊ ကျွတ်ကုန်းဖန်ဆင်းခြင်း၊ သစ်ကြီးဝါးကြီးများက လှည့်စားခြင်းကို အမြဲခံကြရသည်။

“ဆရာမြ...လက်သရမ်းလှချည်လားဗျာ...ဟိုဝါးရုံတွေ ဓားနဲ့ခုတ် ဒီသစ်ပင်တွေ ဓားနဲ့ထစ်နဲ့...ဝါးမျှင်တောင်နတ်ကမကြိုက်လို့ ဖမ်းစားနေဦးမယ်”

ဆင်သမားလက်သင်ဗလကြီးက သူ၏ဆရာလုပ်ရပ်ကို ဝေဖန် လိုက်သည်။ ဗလကြီးအမြင်နှင့်အထင်က ဟုတ်ပေလိမ့်မည်။ ဝါးမျှင်တောင်သို့တောတက်မည်ဆိုကတည်းက ဗလကြီးနှင့် ဆင်သမားကြီး ဦးဉာဏတို့ အင်တင်တင် ဖြစ်နေကြပါသည်။ ဝါးမျှင်တောင်ကိုသူတို့ လုံးဝမလိုက်ချင်ကြပေ။ တောအုပ်ကြီး ဆရာမြ အတင်းအဓမ္မခေါ်သဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...ဗလကြီး...တို့တစ်တွေ တောလိုက်လာတာကြာပါပြီကွာ...အခုထိ ငါ့စိတ်ဓာတ်ကိုမသိကြသေးဘူးနော်... မှတ်ထားကွဲ့...တောထဲတောင်ထဲလက်ကမြင်းပြီး ဟိုခုတ်ဒီခုတ် လုပ်နေတာအညောင်းခံပြီး ဘယ်လုပ်ချင်ပါမလဲကွာ... ဒီလို သင်္ကေတ အမှတ်အသားမလုပ်ထားရင် မျက်စိလည်ကုန်မယ်...မင်းတို့ငါတို့ ဒုက္ခရောက်ကုန်မယ်သိပလား"

"ဟုတ်ပါရဲ့ဆရာမြရေ...သားဗလကြီးဟာ တောတောင်တွေရဲ့ မာယာလှို့ဝှက်ချက်တွေကိုမှ မလေ့လာဘဲ"

ဦးညာဏပြောပြမှ ဗလကြီးငေးမောနေသည်။ ဗလကြီးသည် တောမှာမွေး၊ တောမှာကြီး၊ တောတောင်တွေကို မှီခိုလုပ်ကိုင်စားသောက်နေသော ဆင်သမားဖြစ်ပါလျက် တောအကြောင်းကို သတိမထားဘဲနေခဲ့၏။ ယခုတော့ တောအုပ်ကြီးပြောပြမှ ခေါင်းတညိတ်ညိတ်နားထောင်နေသည်။ မိုးရာသီတောတောင် များသည် ဆောင်းနှင့် နွေကဲ့သို့မဟုတ်။ မြေ ပေါ်ရှိ သစ်ပင်တိုင်းက သစ်ရွက်များနှင့် စိမ်းစိမ်းဝေနေကြပါသည်။ ရှိနေသော လမ်းပင်ပျောက်သွားအောင် တောဖုံးသွားတတ်ပါသည်။

မိုးမိခင်၏ ကြင်နာယုယမှုကြောင့် ရုက္ခမျိုးစုံတို့သည် မြေပေါ်မှာ အားသွန်ကျဲကာပေါက်လာကြသည်။ ဤသည်ကို တောအုပ်ကြီးဆရာမြက ဓားထမ်း၍ဓားခုတ်၍ လာလမ်းကို သိအောင် မှတ်သားထားကြရသည်။ အမှတ်အသား အမှတ်များ မလုပ်ခဲ့ပါမူ လမ်းပေါ်တွင် လမ်းပျောက်သူဖြစ်သွားပေမည်။ ဆင်သမားကြီးဦးညာဏကမူ တောထဲရောက်လျှင် ရောက်ချင်းပင် နှီးဝါးရှာတော့၏။ နှီးဝါးတွေ့လျှင်ခုတ်၍ နှီးဖျာတော့သည်။ ရရှိလာသော



နှီးများကိုခွေကာ ဆင်သမားလွယ်အိတ်ကြီးထဲ ထည့်ထား၏။ တောတိုးလာခဲ့သော လမ်းများတွင် နှီးများဖြင့် သစ်ပင်ပင်စည်အကိုင်း၊ အခက်တို့၌ ချိတ်ထားရစ်ခဲ့သည်။ ဗလကြီးသည် တောတောင်တို့၏ မာယာကျော့ကွင်းထဲကရုန်းထွက်ရန်သင်္ကေတများဟူ၍ နားလည်သွားတော့သည်။

တဝေါဝေါမြည်သံဟိန်းလာသော မိုးသည် တောင်ဘက်ဆီမှ အစ ပျိုးရွာသွန်းတော့၏။ တောသံတောင်သံတို့နှင့် မိုးသံများသည် တောအလယ်တွင် တအုန်းအုန်းမြည်နေ၏။ ကြောက်ရွံ့တတ်သော ဗလကြီးသည် တောအုပ်ကြီးနှင့်ဦးညာဏတို့အလယ်သို့ ဝင်ရောက်နေရာယူလာသည်။ တစ်တောတစ်တောင်လုံးသည် မိုးနှင့်အတူ မည်းမှောင်သွားတော့၏။ မည်းမှောင်သွားသော တောကြီးအတွင်း၌ တောအုပ်ကြီးတို့ယူဆောင်လာသော မိုးကာစများပင် မိုးမလုံတော့ဘဲ စိုရွှဲသွားတော့၏။ သို့ဖြစ်ရာ ဆင်သမားတစ်စုသည် ကျွန်းပင်အောက်တွင် မိုးခိုနေကြရတော့၏။ ဦးညာဏသည် သူ့ဓလေ့အတိုင်း ဆေးရွက်ကြီးကိုဝါးနေ၏။ တောအုပ်ကြီးမှာမူ အချစ်တော်ဆေးတံကြီးထဲသို့ဆေးများထည့်၍ မိုးမင်းကိုဂုဏ်ပြုင်ကာ ဖွာရှိုက်နေတော့သည်။ ဗလကြီးမှာကား ကျွန်းပင်၏အမြင်အကြားဝယ် မြေပြင်ကိုတုတ်ခြစ်၍ ထိုင်နေသည်။

မိုးကလဲ သဲသဲမဲမဲပဲဆရာမြ...ဒီနေ့တော့ ကျုပ်တို့မိုးနဲ့ နပန်းလုံးနေရတော့မှာပဲ...မိုးရန့်ကြောင့် သားကောင်တွေလဲ မိုးခိုနေမှာပဲဗျို့"

"ဟုတ်တယ်ဦးညာဏ...မိုးဦးလေဦးတောဝက်တွေမြူးတဲ့ရာသီဗျ ဟောဒီက ဝါးမျှင်တောင်မှာ တောင်သလဲသီးတွေမျောက်လုတ်သီးတွေ မြင်ရတော့ ဒီတောမှာ ဝက်ပေါမယ်ဗျ

www.burmeseclassic.com



"ဟုတ်တယ်ဆရာမြ...ဟိုနားမှာ ဝက်ထိုးသွားတာ မြေတွေ ပွနေတာယ်...တောဝက်သားဟင်းလေးစားလိုက်ရ..."

"ဗလကြီး စကားဦးမသန်းပါနဲ့ဦး ကွာ...တောတက်လာချိန်မှာ ရှောင်ရန်ဆောင်ရန်လေးတော့ နားလည်ထားမှပေါ့ဗလကြီးရာ"

တောအုပ်ကြီးတို့သုံးဦးသား စကားတွေ အချီအချ ပြောကြားနေကြသည်။ မိုးစဲသွားပေပြီ။ မြူတိမ်ခိုးတို့သည် မိုးမျက်ရည်ကို သွန်ချပြီးလျှင် မည်းမှောင်ရာမှ ကြည်လင်လာသည်။ ကြည်လင်တောက်ပနေသော ကောင်းကင်ကြီးပေါ်ဝယ် သူရိန်နေမင်း၏ ကိုယ်ရောင်တော်က ထွန်းပဝင်းထိန်လာ၏။ ဤအချိန်သည် သားကောင်တို့၏ လှုပ်ရှားမှုကိုစောင့်၍ ပစ်ခတ်ရန် အကောင်းဆုံးဖြစ်သည်။ သားကောင်များကို တောအုပ်ကြီးတို့ ခြေဖွေပေါက်သလို ရှာဖွေရန်မလိုတော့ပေ။ သားကောင်သည် မိမိတို့ ခြေဦးသို့ပင် တိုးဝင်လာတတ်၏။ ထိုအခါ မုဆိုးထိုင် ထိုင်၍စောင့်နေဖို့သာ လိုတော့သည်။ တစ်တောတစ်တောင်လုံးသည် နေအလင်းရောင်ကြောင့် စိုစွတ်နေရာမှ ခြောက်သွေ့စပြုလာသည်။ နေမင်းရောင်ခြည်များသည် ရင့်၍ရဲ၍ ပူလာသည်။ တောတောင်တစ်ခုလုံးသည်လည်း မိုးသံလေသံတို့ပျောက်ကင်းသွားသောအခါ တောသံတောင်သံ ကျေးငှက်တိရစ္ဆာန်တို့အော်သံများ ဝေစည်လာပြန်သည်။

"အက်...အက်...အက်...အက်"

"အွပ်...အွပ်...အွပ်...အွပ်"

"အက်...အက်...အက်...အပ်"

တောအုပ်ကြီးဆရာမြတို့ရှိရာ တောင်ဘက်ခင်တန်းဆီသို့ အသံမြည်လျက် တဖြည်းဖြည်းတက်လာသည်။ ဦးဉာဏက



လက်ဟန်ပြသည်။ ဗလကြီးက တောအုပ်ကြီးထံသို့ အပြေးလာကပ်တော့၏။ တောအုပ်ကြီး ဆရာမြသည် ရိုင်ဖယ်သေနတ်ကို ဖြည်းညင်းစွာမောင်းတင်လိုက်သည်။ လုံခြုံမှုခလုတ်ကို တစ်တောင့်ချင်းနေရာသို့ ပြောင်းရွှေ့ကာ အသံလာရာအရပ်သို့ ထိုးချိန်လိုက်ပါသည်။ ဦးဉာဏမှာမူ လုံကြီးကိုကိုင်ကာ စူးစူးစိုက်စိုက်ကြည့်၍နေသည်။

"ဆရာမြ...ဆရာမြ...သစ်ပင်ပေါ်တက်ဖို့...တောဝက်အုပ်ကြီးဗျ အမယ်လေး...အူတွေအသည်းတွေယားလိုက်တာ"

"ဟုတ်တယ်ဦးဉာဏ...ဟုတ်တယ်"

ပြောပြောဆိုဆို တောအုပ်ကြီးဆရာမြနှင့် ဗလကြီးတို့သည် ရုံးပင်ကြီးပေါ်သို့ တက်လိုက်ကြ၏။ ဦးဉာဏမှာမူ ထန်းပင် ခိုင်ခိုင်ကြီးဆီသို့ တွယ်ဖက်တက်နေသည်။ တောအုပ်ကြီးနှင့် ဗလကြီးက ရုံးပင်ထိပ်ဖျား တွင် ကြောက်ဒူးတုန်နေသည်။ တောအုပ်ကြီးသည် သေနတ်ကိုလွယ်လျက် ရုံးပင်ခွအကြားတွင် ထိုင်နေလိုက်သည်။ ဦးဉာဏမှာ ငူငူငေးငေးကြီးကြည့်ကာ တောအုပ်ကြီးတို့ရှိရာသို့ အသံခပ်အုပ်အုပ်နှင့် ပြောနေသည်။

"ဆရာမြရေ...ဒီတောဝက်အုပ်ကြီးကိုတော့ မပစ်လိုက်ပါနဲ့ဗျာ...ဆင်သမားသုံးယောက် ခေါင်းနဲ့ကိုယ် အိုးစားကွဲ ကုန်မယ်ဗျို့"

"ဟုတ်တယ်ဆရာမြ...ဒီတောဝက်တွေက အနံ့ခံမကောင်းပေမယ့် တစ်ကောင်ထိရင် သိပ်မျိုးချစ်စိတ်ပြင်းထန်တဲ့ကောင်တွေဗျ...သူ့ကိုရန်မူတဲ့သူဆို ဝိုင်းတွယ်တတ်တယ်...ဆရာမြ ယောင်လို့တောင် သေနတ်နဲ့ မချိန်လိုက်ပါနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



ဆင်သမားကြီးဦးညာဏနှင့် ဗလကြီး၏ ပြောစကားကြောင့် တောအုပ်ကြီးသည် ဝက်အုပ်ကြီးအပေါ်မှ စီးကြည့်နေရသည်။ မည်းပြောင်နေသော တောဝက်အကောင်(၃၀) ခန့်သည် "တအက်_အက်" မည်ကာ မြောက်ဘက်သို့ ဖြတ်သန်းသွားနေသည်။

ရှေ့ဆုံးမှ ဝက်ထီးကြီးငါးကောင်သည် အစွယ်အဖွေးသားဖြင့် ဦးဆောင်ချီတက်လာသည်။ မြောက်ဘက်တောင်ကုန်းတွင် တောင်သလဲသီးနှင့် မျောက်လုတ်သီးမှည့်တွေက မြေပြင်တွင် ကြွေကျနေ၏။ ထိုအသီးများကို တောဝက်များစားရန် အုပ်လိုက်အစုလိုက်လာကြခြင်းဖြစ်သည်။ တောဝက်သည် အသက်ပြင်း၏။ သေနတ်ဒဏ်ရာချက်ကောင်း မထိလျှင် အဆီပိတ်၍ တော်တော်နှင့် မသေနိုင်ပေ။ တောဝက်သည် အစွယ်ပက် အားတိုးအားကောင်း၏။ ဝက်ပက်လိုက်ပြီဆိုလျှင် အစွယ်ရာကလွှနှင့်ဆွဲချလိုက်သလို တိခနဲပြတ်သွားပေမည်။ ဝါရင့်ဆင်သမားကြီး ဦးညာဏတို့သည် တောဝက်အုပ်တွေ့လျှင် ရှောင်တတ်ကြသည်။

သင်းကွဲသောတောဝက်တစ်ကောင်၊ နှစ်ကောင်ဆိုလျှင် ဆင်သမားတို့အတွက် လာဘ်ကြီးတစ်ပါးဖြစ်၏။ တချို့က ဆင်သမားရတနာပုံဆိုက် သည်ဟုဆိုကြ၏။ ဆင်သမားတစ်စုသည် တောဝက်အုပ်ကြီးထွက်သွားပြီး အတော်ကြာမှ သစ်ပင်ပေါ်မှ ဆင်းပြီးလျှင် တောဝက်အုပ်လာလမ်း သွား လမ်းကို ရှောင်ဖယ်ပြီး အနောက်စူးစူးအရပ်ဆီသို့ ဦးတည်ထွက်ခွာလာခဲ့သည်။ တစ်တောတစ်တောင်လုံးသည် လင်းထိန်နေ၏။ တချို့သော သစ် တောက်ဖြတ်လျှင် မှက်၊ ခြင်၊ ဖြုတ်တို့က လိုက်ကိုက်နေကြသည်။ တောမှက်၊ တောခြင်၊ တောဖြုတ်တို့မှာ အကိုက်ခံရလျှင် အဖုအပိန့်ထ၍



ယားယံလာသည်။ တောအုပ်ကြီးတို့သည် ချုံကိုဓားနှင့်ရှင်း၍ တောနက် ပိုင်းထဲဆင်းလာခဲ့တော့သည်။ ဦးညာဏမှာမူ သူ၏ ဝါးနီးတွေကို အမှတ်အသားလုပ်၍ နီးစပ်ရာသစ်ပင်တို့၌ ချည်နှောင်နေတော့၏။ မိုးကောင်းကင်ကြီးတစ်ခုလုံးသည် အပြာရောင်သန်းနေသည်။ တိမ်တောင်တိမ်လိပ်များက ပုံတောင်ပုံညာတောင်တန်းကြီးကို လှဝတ်စုံလွှမ်းခြုံပေးနေတော့သည်။

"ဟူး...ဆရာမြ ထမင်းဆာလှပြီဗျာ...ထမင်းစားကြရအောင်"

"ဟဲ့...သားဗလကြီး ဆာတတ်ရန်ကောကွာ... ခဏလောက်နေပါဦးလား"

"ဖေ့အယ်...ဗိုက်ကတဂွီဂွီတဂေါ်ဂေါ်ဖြစ်နေပြီဗျ...မနက်ပိုင်းက ငါးခြောက်ဖုတ်ဆီဆမ်း...ရေနွေးကြမ်းလေးပဲ သောက်လာခဲ့တာလေ"

"အေး...အေး...ဟုတ်ပါရဲ့...ဦးညာဏ ဗလကြီးဆာတယ်ဆိုရင်... ထမင်းထုပ်ဖြေကြရအောင်ဗျာ...စမ်းချောင်းကလေးလည်း အဆင့်သင့်ပဲဗျ...ကဲ ထမင်းထုပ်တွေ ယူခဲ့ကြဟေ့"

တောအုပ်ကြီးသည် ကြည်လင်တောက်ပနေသော စမ်းချောင်းကလေးထဲသို့ ဆင်းသွားပြီး မျက်နှာသစ်သည်။ ခြေလက်များကို စင်ကြယ်စွာဆေးလိုက်သည်။ တောအုပ်ကြီးက ဦးညာဏနှင့် ဗလကြီးကို ခြေလက်ဆေးကြောရန် ခေါ်လိုက်သည်။ အားလုံးကိုယ်လက်သန့်စင်ပြီးလျှင် ထမင်းဝိုင်းကလေးစားရန်အသင့်ဖြစ်နေပြီ။ ဦးညာဏမှာမူ စားဦးစားဖျားထမင်းတွေကို တောစောင့်နတ်၊ တောင်စောင့်နတ်များကို ပသတင်မြှောက်နေသည်။ ပါးစပ်မှလည်း

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဆုတောင်းနေသည်မသိ။ ဗလကြီး တစ်ယောက်သာလျှင် ကျွန်းဖက်ခင်းထားသောအပေါ်တွင် ထမင်းထုပ်သုံးထုပ်ကို ဖြေချနေသည်။ ဗလကြီးနှင့် ဦးညာဏတို့၏ ထမင်းထုပ်တွင် ငါးပိထောင်း၊ ကြက်ဥကြော်၊ ငရုတ်သီးထောင်း ပါလာ၍ ဆီရွှဲရွှဲဆမ်းထား သည်။ တောအုပ်ကြီးထံတွင် ငါးခြောက် ကြော် သရက်ချဉ်ဆီစိမ်ကလေး ပါလာသည်။ ဆင်သမားသုံးဦး သူ့ဟင်းကိုယ့်ဟင်းဖလှယ်၍ အားပါးတရ စားလိုက်ကြတော့သည်။

"ဆရာမြ...သရက်ချဉ်ဆီစိမ်ကလေးက ခံတွင်းသိပ်မြိန်တာပဲဗျာ"

"ဦးညာဏနှင့် ဗလကြီးရဲ့ ငရုတ်သီးထောင်း၊ ငါးပိထောင်းကလဲ ပိုစားလို့ကောင်းတာပါပဲဗျာ"

"ဆရာမြငါးခြောက်ကျော်ကလည်း ကျွတ်ကျွတ်ကလေးနော်...အဲဒါမျိုးဆို ဗလကြီးတို့က ဝါးချက်က မြန်မြန်ဆန်ဆန်ပဲ ဟဲ...ဟဲ...ဟဲ"

ဆင်သမားထမင်းဝိုင်းကလေးသည် ဟင်းအဆာ အမယ် မများသော်လည်း စားလို့ကောင်းသည်။ ထမင်းနှင့်ဟင်းက လိုက်ဖက်လှသည်။ တော နင်းလာခဲ့သည်မှာ မောမောနှင့် ဝမ်းဟာချိန်စားလိုက်ရသဖြင့် အတော်ဗိုက်လေးသွားသည်။ တောအုပ်ကြီးသည် စမ်းချောင်းဘက်ဆီသို့ သွားကာပလုတ်ကျင်းပြီး ရေကိုတဝသောက်ချလိုက်သည်။ ဦးညာဏကြီးမှာမူ သစ်တုံးတစ်တုံးပေါ်တွင် ခေါင်းတင်ကာ မုဆိုးစည်းစိမ်ယူနေတော့သည်။ တောအုပ်ကြီးသည် ဦးညာဏအနီးတွင် ထိုင်ချလိုက်ပြီး ဆေးတံထဲသို့ ဆေးဖြည့်ကာ စုံထောက်ကြီးဦးစံရှားကဲ့သို့



အတွေးကြွယ်နေလေ၏။ ဗလကြီးမှာ လူငယ်ပီပီ သူ့ဖခင်လုံကြီးကိုထမ်းကာ တောထဲဆင်းသွားသည်။ တောအုပ်ကြီးက စိတ်ပူသဖြင့် ဗလကြီးကိုလှမ်း၍ သတိပေးလိုက်သည်။

"ဟေ့...ဗလကြီး...အဝေးကြီးမသွားနဲ့နော်...တော်ကြာ မင်းက... တောမာယာမသိဘဲနဲ့ မျက်စိလည်နေဦးမယ်...ဟေ့"

"ဟုတ်ကဲ့ပါ ဆရာမြရေ...ကျုပ်အခင်းကြီးသွားရင် ဒီနားတင်လေးပါပဲ...သားကောင်ခြေရာလေးဘာလေး တွေ့မလားလို့ လိုက်ရှာနေတာ"

"အေး...ကောင်းတယ်ဟေ့...ဝေး ဝေးတော့မသွားနဲ့"

တောအုပ်ကြီးသည် ဆေးတံကြီးကိုခဲနေသော်လည်း သေနတ်ကိုတော့ အသင့်အနေအထားဖြင့် ကိုင်ထား၏။ အထက် မိုးကောင်းကင်ကြီး တစ်ခုလုံးသည် မိုးရိပ်များပျောက်၍ ကြည်လင်နေသည်။ အရှေ့ဘက်ဆီသို့ လေပြေလေးတိုက်ခတ်နေသည်။ စမ်းချောင်းကလေးကလည်း ရေကျသံတို့ဖြင့် ချစ်စဖွယ် တေးဂီတအသွင်ဆောင်နေသည်။ ဆင်သမားကြီး ဦးညာဏသည် တမှေးတရေးအိပ်နေကလေးမှာပင် ဟောက်သံပြင်းလာသည်။

တောအုပ်ကြီးဆရာမြသည် ပုံတောင်ပုံညာတောကြီးအတွင်း လှပသော တောတောင်ပန်းရန့်များကို ကြည့်မဝနိုင်အောင်ဖြစ်နေသည်။ ဆေးတံကိုကိုင်ကာ ဖွာမည်အပြုတွင် –

"အမလေး...ဆရာမြ...ဆရာမြ...ဖေ့အယ်ကယ်ပါဦး"

တိတ်ဆိတ်နေသော တောကလေးကို ဗလကြီး၏ထိတ်လန့်တကြားအသံနက်ကြီးကပွက်လောညံသွားသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ဦးညာဏပင်လျှင် ဆတ်ခနဲလန့်နိုးလာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တောအုပ်ကြီးသည် လုံခြုံမှုခလုတ်ကိုပိတ်ထားသော ရိုင်ဖယ်သေနတ်ကို တစ်တောင့်ချင်းနေရာသို့ လက်မနှင့်တွန်းပို့ ထားလိုက်သည်။ သေနတ်မောင်းခွဲကွင်းပေါ်သို့ လက်ညှိုးကလေး အသာတင်ကာ ဗလကြီးအသံကြားရာဘက်သို့ ခပ်သုတ်သုတ်ပြေးလာခဲ့သည်။ ဦးညာဏသည် လှံကြီးမရှိတော့သဖြင့် ဓားလိုက်ဓားမြှောင်ကို ဓားအိမ်မှထုတ်ကာ တောအုပ်ကြီးနောက်တွင် ကပ်ပါလာသည်။ ဗလကြီးတောင်ကုန်းပေါ်မှ လှံကြီးကိုင်လျက် မောကြီးပမ်းကြီးပြေးဆင်းလာသည်ကို မြင်နေရ၏။

"ဟေ့...ဗလကြီး ဘာဖြစ်တာလဲကွ"

"ပျားဖွတ်စားနေတဲ့ လူဝံကြီးကျုပ်နောက် လိုက်လာပြီဗျ...အမလေး ကယ်ပါဦးဆရာမြ...ဖေ့အယ်ရာ လုပ်ပါအုံးဗျာ"

တောအုပ်ကြီးဆရာမြနှင့် ဦးညာဏအနီးသို့ ဗလကြီး ရောက်လာသည်။ ချွေးတွေကျွဲနေသည်။ မောဟိုက်ကြောက်ရွံ့နေဟန်တူပါသည်။ ဗလကြီးမျက်လုံးအိမ်တို့သည် အလွန်စိုးထိတ်နေသောရုပ်ပုံလွှာကိုဖော်ပြနေကြ၏။ တောအုပ်ကြီးသည် သေနတ်ကိုတင်းတင်းဆုပ်၍ ဗလကြီးပြေးဆင်းလာရာလမ်းသို့ ထိုးချိန်ထားလိုက်သည်။ အရပ်လေးပေခန့်မြင့်မားပြီး မဲပြောင်ရှည်လျားအမွေးအမှင်ထူသောလူဝံကြီးသည် ရင်ဘတ်ကို လက်နှစ်ဖက်ယှက်သန်း၍ ဘေးတိုက်ကြီး ကိုယ်ဟန်ဖြင့် တောအုပ်ကြီးတို့ကို ရင်ဆိုင်တိုက်ခိုက်ရန်လာနေပေပြီ။ ဦးညာဏသည် ဗလကြီးထံမှ လှံကြီးကိုအသာယူ၍ တောအုပ်ကြီးနှင့် ဘေးချင်းယှဉ်လျက် ရပ်နေပါသည်။

"ဆရာမြ...နည်းတဲ့လူဝံကြီးလားဗျာ...လက်တစ်ဖက်ကရင်ဘတ်ကို အုပ်ပြီးလာနေပြီ...လာနေပြီဗျ"



"ဟုတ်တယ်ဦးညာဏ...ဟုတ်တယ်"

"ဆရာမြ...လူဝံကြီးရဲ့ရင်ဘတ်မှာ အမွေးဖြူ ဝိုင်းဝိုင်းကြီးရှိတယ် မဟုတ်လား အဲဒီအမွေးဖြူဝိုင်းကိုထိအောင် ချိန်ပစ်လိုက်ပေရောဗျို့"

တောအုပ်ကြီးဆရာမြသည် သေနတ်ကို ချိန်သားတကျရအောင် ရှာဖွေနေသည်။ လူဝံကြီးမှာ ဆင်သမားသုံးဦးကိုမြင်လျှင် အစွယ်အဖွေးသားနှင့် တဂီးဂီးအော်မြည်လျက် လက်နှစ်ဖက်ကိုဘေးတိုက်ကပ်ထားပြီး လက်သဲစွယ်အားကိုးဖြင့် တရွေ့ရွေ့ လာနေသည်။ အနီးအနားတွင်ရှိသော ဗလကြီးသည် ဒူးတဆတ်ဆတ်တုန်နေ၏။ တောအုပ်ကြီးသည် ဆင်သမား ဝါရင့်ဦးညာဏ ပြောသည့်အတိုင်း လူဝံကြီး၏ ရင်ဘတ်အဖြူမွေးများဆီသို့ နောက်ချိန်ပေါက်မှ ရှေ့ချိန်သီးကို အတည့်ယူကာ လက်ညှိုးကို အသာ အယာကွေးလိုက်သည်။ တစ်ဖန်အားထည့်၍ အသာညှစ်ဆွဲလိုက်ပြန်သည်။

"ဒိုင်း...ဒိုင်း"

သေနတ်သံနှစ်ချက်သည် ရှေ့ဆင့်နောက်ဆင့် ကြားလိုက်ရသည်။ တောအုပ်ကြီးအနီးတွင် ရိုင်ဖယ်ကျည်ဆန်ခွံ နှစ်ခုလည်း လွင့်စဉ်သွားတော့၏။ လူဝံကြီးသည် ရိုင်ဖယ်ကျည်ဆန် ဒဏ်ချက်ကြောင့် နောက်သို့ "ဘိုင်းခနဲ" လဲကျသွားသည်။ လူဝံကြီး သည်အသက်ကပြင်းလှ၏။ တဂွီးဂွီးမြည်၍ မြေပြင်ပေါ်မှ အားယူထသည်။ ပြီးလျှင်တစ်ဟုန်ထိုးဝေးရာသို့ ထွက်ပြေးသွားလေသည်။

"အမလေး ဆရာမြရယ်...ကျုပ်အသက်တော့ အမေမွေးတဲ့အသက်မရှိတော့ပါဘူး...ဆရာမြပေးတဲ့ အသက်ပဲရှိပါတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...သား ဗလကြီးလုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းပဲ"

တောအုပ်ကြီးတို့အုပ်စုသည် လူဝံကြီးလဲကျ သွားသောနေရာသို့ တဖြည်းဖြည်း လျှောက်လာခဲ့သည်။ ဗလကြီးမှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် လိုက်ပါလာသည်။ ဦးဉာဏသည် သူ၏လှံကြီးဖြင့် လူဝံကြီးလဲကျသွားသောနေရာကို ဖွကြည့်နေသည်။

"ဆရာမြ...ဒီကောင်ကြီး ချက်ကောင်းကို ထိသွားတယ်ဗျ...ဝေးဝေး မပြေးနိုင် တော့ဘူး...သွေးတွေလည်း အိုင်ထွန်းနေတာပဲ...မြင်လို့တောင်မကောင်းဘူး"

"ဟုတ်တယ်ဦးဉာဏ...နှစ်ချက်ဆင့်ပစ်လိုက်တာဆိုတော့ စိတ်ချရတယ်...၅၂၃ ရိုင်ဖယ် ယမ်းပြင်းအားကလည်း ကြီးမားတယ်လေ"

"အင်း...ကျုပ်တော့ အဲဒီလူဝံကြီးစတွေ့တော့ ဘီလူးတစ္ဆေကြီးထင်နေတာ"

"ဟဲ့ဗလကြီး လုပ်လိုက်ရင်တော့ ရာဇဝင်စာတင်လောက်ပါရဲ့"

တောအုပ်ကြီးဆရာမြ၊ ဆင်သမားဦးဉာဏ၊ ဗလကြီးတို့သည် လူဝံကြီး၏ သွေးစက်များအတိုင်း ခြေရာခံလိုက်ခဲ့ကြသည်။ တောအုပ်ကြီးသည် သေနတ်ကို အသင့်အနေအထားကိုင်၍ မျက်စိလျှင်လျှင်ထားကာ သွေးစက်လမ်းအတိုင်း တဖြည်းဖြည်းလိုက်လာခဲ့သည်။ လူဝံကြီးမှာ အသက်ပြင်းလှသည်။ တောင်ကုန်းကိုဖြတ်၍ ချောင်းကိုပတ်ကာ သွေးစက်စက်ကျဒဏ်ရာကြီးဖြင့် သွားနေဆဲပြေးနေဆဲပင်တည်း။ တောအုပ်ကြီးဆရာမြသည် သွေးခင်းလမ်း



အတိုင်း ကမူတစ်ခုကိုကျော်၍ ဂူတစ်ခုထဲသို့ ဝင်လာခဲ့ကြရသည်။ ဂူအတွင်းသို့ဝင်ခဲ့ရာ သတိထား၍လာခဲ့ကြရသည်။ အလင်းရောင်သည် ဂူအတွင်းလင်းနေသည်။

"ဟင်...အလ...လာ"

တောအုပ်ကြီးဆရာမြတို့သည် မယုံကြည်နိုင်သော မြင်ကွင်းကို တွေ့လိုက်ရသည်။ တောအုပ်ကြီးဆရာမြ၏ တစ်ကိုယ်လုံးသည် ကြက်သီးတဖြန်းဖြန်းထသွားသည်။ တောအုပ်ကြီးဆရာမြ နှစ်ချက်ဆင့်၍ ပစ်ခတ်လိုက်သော လူဝံကြီးသည် လဲကျသောနေရာမှာပင် ပွဲချင်းပြီးသေနိုင်ပါသည်။ သို့သော် အမေစိတ်ဓာတ်၊ မိခင်စိတ်ဓာတ်၊ နှလုံးသားစိတ်ဓာတ် အပြည့်အဝရှိသော လူဝံမကြီးသည် သူ့သားနှစ်ကောင်ရှိရာသို့ ခရီးဝေးကို အပြေးပြန်လာခဲ့၏။ လူဝံမကြီး၏ လက်တစ်ဖက်က ပျားအုံကြီးတစ်ခုကိုကိုင်ထားသည်။ လက်တစ်ဖက်က ပြင်းထန်လှသောဒဏ်ရာကြီးကို လက်နှင့်ဖိထားသည်။ လူဝံမကြီး မျက်လုံးကြီးမှာ ပြူးကြောင်ကြောင်ကြီးဖြစ်နေသည်။ ဂူနံရံကို မှီ၍ အသက်ပျောက်နေချေပြီတကား။ သူ့မိခင်လူဝံမကြီး၏ ရင်သားနို့အုံကို လူဝံလေးတစ်ကောင်က စို့နေသည်။ လူဝံလေး တစ်ကောင်မှာမူ လူဝံမကြီး၏လက်ထဲကပျားအုံမှ ပျားရည်ကို စားနေသည်။ တောအုပ်ကြီးဆရာမြ မျက်လုံးအိမ်မှ မျက်ရည်ဥတို့သည် စို့စွတ်လာသည်။ တောအုပ်ကြီးသည် ယောကျ်ားတစ်ဦးလည်းဖြစ်ပါသည်။ သို့ပေမယ့်....

မေတ္တာတို့သည် ရေစီးကဲ့သို့ ထာဝရအစဉ် စီးမျောနေကြ၏။ မေတ္တာပင်မရေစီးသည် မိခင်တိုင်း၏ နှလုံးသားမှ မြစ်ဖျားခံသည်။ မေတ္တာ ရေစင်ရေစီးမှာ ဖြူဖွေးသန့်စင်၏။ လှပဆန်းကြယ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးသာယာဖွယ်ဖြစ်၏။ တောအုပ်ကြီးဆရာမြ၊ ဆင်သမားကြီးဦးညာဏ၊ ဗလကြီးတို့သည် မေတ္တာရေစီးဆင်းနေသောနှလုံးသားလှူဝံမိခင်ကြီးကို ဂုဏ်ပြုသောအားဖြင့် သူ့ခန္ဓာကြီးကို မြေမြှုပ်သင်္ဂြိုလ်၍ ဦးညွှတ်ရှိခိုး အလေးပြုလိုက်ကြပါသည်။

❀ ❀ ❀ ❀ ❀

# ငြိမ်းချမ်းပါစေဆင်ကြီးတွေ

ရာသီမှာ မင်းလွင်ဦးသို့ရောက်ပြီ။ ရွက်ဟောင်းတို့နေရာတွင် ပုရစ်ဖူးကလေးများ အစားထိုးလာကြသည်။ စိမ်းမြမြ ကြည်လဲ့လဲ့နှင့် ရှုမဝနိုင်သော တောအုပ်ပျိုကို မြင်ရသောအခါ ဘဝင်ချမ်းမြေ့ကြရ၏။ နွေရာသီ တွင် ပုံတောင်ပုံညာတောင်တန်းကြီးများသည် မြူခိုးဝေမှောင်နေ၏။ ပုံတောင်ပုံညာတောင်ပေါ်တွင် တောရိပ်ဝန်းကျင်တစ်ကြော၌ စိမ့်စမ်းရေထွက်ပေါက်တို့မှာ ပူပြင်းသောနွေနှင့် အားပြိုင်၍ စိမ်းမြစိုပြည်အားသစ်ဝေနေသည်။

ဦးညာဏ၏ ဆင်မကြီးမယ်စန္ဒာမှာ ဆင်ကလေးမွေးခဲ့သည်။ မယ် စန္ဒာ၏ သားဆင်ပေါက်ကလေးကို ဆင်ကျုံးသွင်း မှိန်းသင်ရန်အရွယ်သို့ တိုင်ပြီ။ ဒီနှစ်နွေတွင်ဆင်များ လေ့ကျင့် သင်ကြားပေးရာဆင်သင်တန်းကျောင်းသို့ ပို့ရတော့မည်။ ဦးညာဏနှင့် ဗလကြီးတို့သားအဖသစ်ချသစ်သယ်လုပ်ငန်းတွေ လှိုင်သဖြင့် မယ်စန္ဒာသားကလေးကို ဆင်ကျောင်းသို့ မပို့နိုင်သေးပေ။

"ဗျို့...ဦးညာဏ...ဦးညာဏ...လုပ်ငန်းခွင်က ပြန်လာပြီလား"

"လာဗျို့...ကိုဝိစာ...ထမင်းဝင်စားပါဦးလား...ဟင်းကတော့ လက်ပံခေါင်းချဉ်ရေကျိုနဲ့ စပ်သီးထောင်းတယ်ဗျာ"

"ဗလကြီးနှင့်ဆင်မှူးကြီး ခြေထောက်နာတာပျောက်သွားပလား"

"ဟိုတစ်နေ့ကဆင်ဆရာဝန် ဝင်လာလို့ ဆေးထိုးဆေးတိုက်လို့ သက်သာသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အေး...အေး...ဒါနဲ့ ဦးဉာဏ...ဆင်မကြီးသားကို မှိန်းသင်ကျူးသွင်းဖို့ တောအုပ်ကြီးဆရာမြက ဘီးစိတ်ရေဖြူဆင်စခန်းလာပို့ရမယ်တဲ့"

"တို့သိပါတယ်...ပီစာ...သစ်ချသစ်သယ်က လက်မအားတာနဲ့... မနက်ဖြန်သဘက်ခါလောက် သွားပို့လိုက်မယ်... သားဗလကြီး နင့်ဆင်ပါ အပို့ပါမယ်နော်"

"ဟုတ်ကဲ့ ဖေ့အယ်"

ပုံတောင်ပုံညာ မျောက်ချောဆင်စခန်းကလေးမှာ မြူခိုးငွေ့ငွေ့ကြား လွမ်းဖွယ်သဏ္ဌာန် ဖန်ဆင်းနေပါသည်။ ဆင်ကျူးသွင်းအစီအရင်သည် ဆင်သမားတိုင်း မလုပ်မနေရ အလုပ်တစ်ခုဖြစ်သည်။ ကျူးသွင်းမှိန်းသင်ရန်မှာ ဆင်မများကိုဦးစီးရသော ဆင်သမားတို့ ရင်နာရသောပွဲလည်းဖြစ်သည်။ ငယ်စဉ်တောင်ကျေးငယ်ငယ်လေးဘဝမှ မိမိဆင်မ တယုတယကျွေးမွေးလာ၍ ဆင်လားမြောက်သောအခါ ဆင်သင်တန်းကျောင်းသို့ ပို့အပ်ရတော့သည်။ ဦးဉာဏကြီးသည် ဆင်မကြီးမယ်စန္ဒာသားကို ခွဲခွာကျောင်းပို့ရတော့မည်ဖြစ်၍ ရင်အတွင်းဝယ် လွမ်းဆွေ့ကြွယ်နေပါသည်။

ရှေးမြန်မာဘုရင်များလက်ထက်ကစ၍ ဆင်ဖမ်းကျူးသွင်းအစီ အရင်များရှိခဲ့သည်။ ဆင်သည် ဘုရင်မင်းမြတ်တို့ရအပ်သောရတနာတစ်ပါးဖြစ်၏။ ထို့ကြောင့် နှစ်စဉ်တန်ဆောင်မုန်းလများတွင် အောက်မား ဆင်ဖမ်းအစုအသင်းတို့သည် တောတွင်းသို့ဝင်၍ တောဆင်ရိုင်းများကို ဖမ်းလေ့ရှိကြသည်။ ဆင်ဖမ်းကျူးသွင်း အစီအရင်ကို ကုန်းဘောင်မင်းဆက်အထိ ကျင်းပပြုလုပ်ခဲ့ကြသည်။



မျက်မှောက်ကာလတွင်မူ မြန်မာ့သစ်ထုတ်လုပ်ရေးမှ တောတောင်များအတွင်း ဆင်ဖမ်းကျူးသွင်းလုပ်ငန်းများကို ပြုလုပ် နေဆဲဖြစ်သည်။ ပုံတောင်ပုံညာတစ်ကြော ဘီးစိတ်ဒေသ တွင် ဆင်ကျူးသွင်းမှိန်းသင် လုပ်ငန်းစခန်းရှိသည်။ ထိုစခန်းသို့ လူနှစ်ယောက်၊ ဆင်နှစ်စီးနှင့် ဆင်ပေါက်ကလေးတို့ လှမ်းခဲ့ကြသည်။

"ဟေ့...သားဗလကြီးမယ်စန္ဒာသားပေါက်လေး ဘယ်ကျန်ခဲ့သလဲ မသိဘူး...စောင့်ပါအုံးကွာ"

"ဒီကောင်ကြီးဝါးရုံနုနုတွေ့တာနဲ့ ဝါးစားကျန်ရစ်ခဲ့ပြီထင်တယ်... ဟော...ဟော...လာပြီ...လာပြီ"

မြောက်ဘက်သစ်မာတောအတိုင်း ဦးဉာဏတို့သားအဖဆင်ကိုယ် စီနှင့် ပုံတောင်ပုံညာတောင်တန်းကြီးပေါ်သို့ တက်ခဲ့ကြသည်။ မိအယ်ရွာမှတစ်ဆင့် တေးစံရွာ၊ တေးစံရွာမှ အနောက်မြောက်ဆီသို့ ခရီးဆက်ခဲ့သည်။ ငါးဖယ်ရိုးချောင်း၊ တင်ပုန်းချောင်း၊ ပေပင်ချောင်း၊ ရေဖြူချောင်း၊ စလင်းချောင်းတို့ကို ဖြတ်ခဲ့ရသည်။ စိမ့်ရေစမ်းရေတို့ဖြင့် ရှုမောဖွယ်ဖြစ်၏။ တောနက်လေ သစ်ပင်ဝါးပင်တို့ အုံ့မှိုင်းလေဖြစ်၏။ "သမင်က တောက်၊ ချေကဟောက်၊ မျောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေ" ဆိုသည့်အတိုင်း တောတိရစ္ဆာန်နှင့် တောကျေးငှက်တို့၏ မာဂဓတေးသံစဉ်ကိုနာခံရင်း ဆင်နှစ်ကောင်နှင့်ဆင်သားပေါက်တို့ လျှောက်လှမ်းခဲ့ကြသည်။ ညိုမှိုင်းမြင့်မောက်သော အောင်တော်သာတောင်ကြီးကို တွေ့ရသည်။ ထိုမှဆက်၍ ရင်ရိုင်ချောင်းနှင့် ထင်းချောင်းတို့ကို ဖြတ်ကျော်ခဲ့ရသည်။ ဘီးစိတ် ဆင်ကျူးသွင်း မှိန်းသင့်စခန်းသည် လူသူဝေးကွာချောင်ကျသောစခန်းဖြစ်၏။ ဘီးစိတ်စခန်းမှာ ဆင်ပေါက်ကလေး

www.burmeseclassic.com



များ ကျုံးသွင်းလေ့ကျင့်မှုကို အနီးကပ်မြင်တွေ့နိုင်ပါသည်။ ဆင်သမားအခေါ်မှာ "ကျုံးသွင်းမှိန်းသင်ခြင်း" ဟုခေါ်သည်။ ဆင်များကိုလေ့ကျင့်ပညာပေးရာ သင်တန်းကျောင်းဟုလည်း လွယ်လွယ်ပြောကြသည်။ အမိရင်ခွင်မှ ခွဲခွာချိန်ကြသော ဆင်ပျို့ဆင်ပေါက်ကလေးများကို ဖမ်းယူလေ့ကျင့်ပေးခြင်းဖြစ်သည်။ ဆင်ကလေးငယ်စဉ်ကပင် ဆင်ဦးစီးဦးညာဏကြီးတို့သည် လက်ဖြင့်ပွတ်သပ်ခြင်း၊ မန်ကျည်းမှည့်နှင့် ဆားလုံး၍ ခွံ့ခြင်းများပြုလုပ်ကာ လူနှင့် ယဉ်ပါးအောင်ပြုလုပ်ရသည်။ ငါးနှစ်သားအရွယ်သို့ ရောက်သောအခါ ဆင်ပျို့ဆင်ပေါက်သည် အလုံးအရပ် ပြည့်ပြည့်ဖြိုးဖြိုးနှင့် အားခွန်ဗလ မြူးကြွသန်မာဖြတ်လတ်သော အရွယ်သို့ ရောက်ပြီဖြစ်သည်။ ဤအချိန်သည် ကျုံးသွင်း၍ မှိန်းသင်ကျင့်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။

"သားဗလကြီး ဒီဆင်ကျုံးမှာ ငါ့မိတ်ဆွေဖိုးထင်ရှိတယ်ကွ။ အဲဒီတဲတန်းကို သွားကွာ"

"ဖေ့အယ်... ဆင်မမယ်စန္ဒာသားကို ဘယ်တော့ ကျုံးထဲသွားပို့ မလဲ"

"ဟိုတဲတန်းရောက်မှ ကြည့်စီစဉ်ကြ တာပေါ့ကွာ... ထမင်းလဲဆာ ပြီ"

"ဖေ့အယ်...ကြိုက်သလိုလုပ်ပါလေ"

ဆင်ကျုံးသည်ညီညာပြန့်ပြူးသောနေရာ အစဉ်အမြဲအရိပ်ရသောနေရာ၊ ရေနှင့်မနီးမဝေးနေရာတို့ဖြစ်ရသည်။ ဆင်ကျုံးကို သစ်တုံးများဖြင့် ဆင်တစ်ရပ်ခန့် အခိုင်အမာပတ်လည်စိုက်၍ထားရသည်။ ဆင်လေ့ကျင့်သာရုံ သင့်လျော်သောအကျယ်ထားရသည်။ ဘီးစိတ်ဆင်စခန်းရှိ ဆင်ကျုံးကို လူနှစ်ဖက်ခန့်ရှိသော သစ်ပင်ကြီး၏အခြေ၌ ပြုလုပ်ထားသည်။ ဝင်ပေါက်ကို မောင်းခလုတ်များဖြင့် အလွယ်တကူပိတ်ရန် စီစဉ်ထားသည်။ ဆင်ကျုံး၏အရှေ့ဘက်ထိပ်တွင် ဥတိန္နနတ်ကွန်းကိုလည်း ပြုလုပ် ပူဇော်ထားသည်။ ဆင်ကိုနိုင်သော ဆင်တို့၏အရှင်သခင်ဖြစ်၍ ရှေးရိုးရာမပျက် ပူဇော်ထားသည်ကို တွေ့ရသည်။ ဆင်ကလေးကျုံးသွင်းလေ့ကျင့်မည်ဆိုလျှင် ဥတိန္နနတ်ကို ကန်တော့ပွဲပေး၍ ပသရသည်။

"ဟေ့ ဖိုးထင်...ငါ့ဆင်ပေါက်အတွက် ငှက်ပျောပွဲအုန်းပွဲတွေ လုပ်ထားရဲ့လားကွ"

"နင်တို့သားအဖ လာမယ်ကြားကတည်းက ကြက်သားဟင်းချက်ပြီး ကန်တော့ပွဲတွေအားလုံး ပြင်ထားပြီးပြီ...အေးအေးဆေးဆေး ရေချိုးထမင်းစားနှင့်ကြ...ငါကျုံးဘက်ခဏသွားလိုက်အုံးမယ်ဟေ့"

ဖိုးထင် ဘီးစိတ်ဆင်ကျုံးအတွင်းက မှိန်းသင်ခံဆင်ပေါက်ဆီကိုသွားပြီ။ ဗလကြီးနှင့် ဦးညာဏကြီးတို့သည် ဖိုးထင်မိန်းမပြင်ပေးခဲ့သော ထမင်းကို ပူပူနွေးနွေးအားပါးတရ လွေးလိုက်ကြပါတော့သည်။ ဆင်သမားကြီးဦးညာဏ ဆင်မမယ်စန္ဒာနှင့် ဆင်သားပေါက်ကလေး ဒီတစ်ခါ ရှင်ကွဲကွဲရတော့ပေမည်။ မိခင် ဆင်မကြီးနှင့်ခွဲ၍ ကျုံးသွင်းရသောအချိန်သည် သားနှင့်မိခင်ရာသက်ပန်ခွဲရတော့မည့် အချိန်ပင်ဖြစ်သည်။ ထိုအခါတွင် ဆင်ဦးစီးများရင်နာရသောအချိန်ဖြစ်သည်။ ဦးညာဏကြီးတို့သားအဖသည် ဆင်ကိုယ်စီစီး၍ ကျုံးစခန်းသို့ အရောက်လှမ်းခဲ့ကြ၏။

www.burmeseclassic.com



ဖိုးထင်တို့အုပ်စုဆင်သမားအဖွဲ့အား ဘီးစိတ်ဆင်စခန်းဦးတွင် အသင့်စောင့်ကြိုနေကြသည်။ အမိန့်ကောက်တရောက်ကောက် လိုက်လေ့ရှိသော ဆင်ငယ်ကို မိခင်ဆင်မကြီးနှင့်အတူ ဆင်ကျုံး ရှိရာသို့ခေါ်ခဲ့ရ၏။ အခြားလေ့ကျင့်ရေး ဆင်ပေါက်ကြီးနှစ်စီး သုံးစီးက အသင့်စောင့်နေကြ သည်။ ဗလကြီးဆင်နှင့် ဆင်သမား ဦးညာဏ ဆင်မမယ်စန္ဒာဝင်လာချိန်တွင် ရူးရူးရှရှ ဆင်များ ဝိုင်းအော်လိုက်ကြသည်။ ဆင်မမယ်စန္ဒာပင်လျှင် ရောယောင်၍ အော်လိုက်ပြန်သည်။ ဘီးစိတ်တောတစ်ခိုလုံးသည် ဆင်အော်သံတွေ လွှမ်းဖုံးသွားတော့၏။

ဆင်ကြီးများပေါ်တွင် ဆင်ဦးစီးများ ကိုယ်စီကိုယ်ငှ ရှိနေ ကြသည်။ ထိုဆင်များသည် လိုအပ်သလိုစီစဉ်ပေးကြရသည်။

"ကိုညာဏကြီး ခင်ဗျားဆင်မကို ကျုံးနားအသာခေါ်လာခဲ့"

"ကိုဖိုးထင်ဆင်ကို မခဲအော်စေတော့နဲ့ ဗျို့...မယ်စန္ဒာလန့် သွားလိမ့်မယ်"

ဦးညာဏ ဆင်မမယ်စန္ဒာသားကလေး ဆင်ပေါက်ငယ်ကို ကျုံးနားသို့ရောက်သောအခါ ဆင်ပေါက်ကြီးတစ်စီးက အစွယ်နှင့် ထောက်၍ ကိုယ်နှင့်ကာပြီး ဆင်ပေါက်ငယ်ကလေးအား ကျုံးထဲ သွင်းရ၏။ ကျုံးထဲရောက်လျှင် ဆင်ကျင့်သူတို့က အသင့်ကျစ် ထားသော ဝက်ဆီသုတ်ထားသည့် လျှော်လွန်ကြိုးဖြင့် ကွင်းလျှော ပြုကာ ဆင်ကလေး၏လည်ပင်းနှင့် ဝမ်းဗိုက်အောက်ခြေလက် တို့ကို အမြန်ထုတ်ရသည်။ တစ်ဖက်ကြိုးစကို သစ်တိုင်များ သစ်ပင်များသို့ရစ်ပတ်၍ ဆင်ကလေးကို လူအားဖြင့်ဆွဲရသည်။

"ဝူး...ဝူး...ကျည်...ဝူး...ဝူး"



ဆင်ပေါက်ငယ်ကလေးက အော်၍ရုန်းသည်။ ဤအဖြစ်ကို မြင်ရသော မိခင်ဆင်မကြီးခမျာ ကြေကွဲဝမ်းနည်းစွာအော်သည်။ ဆင်မကြီး၏ အော်သံသည် တစ်တောတစ်တောင်လုံးကို ပဲ့တင် ထပ်သွားသည်။ မိခင်၏ ကြင်နာမှုမေတ္တာတရားကို မြင်သာသည်။ သို့သော် အခြားဆင်ပေါက်ကြီးများက မိခင်ဆင်မကြီးကို တွန်းထိုး ၍ ဝေးရာသို့ခေါ်သွားကြသည်။

ဆင်ကလေးမှာ မလှုပ်သာမလွန့်သာ ကြိုးအထပ်ထပ် ဆိုင်းထားသည်။ ဆင်တုတ်ခေါ် သောသံချွန်ကပ်ဝါးဖြင့်ထိုးခြင်းကို ခံရသည်။ နှာမောင်းရမ်းလျှင် မရမ်းအောင်၊ ခြေလှုပ်လျှင် မလှုပ် အောင်၊ မရုန်းအောင် ဝါးချွန်ဖြင့်ထိုး၍ ဆုံးမခြင်းကိုခံရသည်။ ဆင်ကျင့်လုပ်သားတို့က ဝိုင်းဝန်းဆုံးမကြသည်။ ငယ်သံပါအောင် အော်သော်လည်း ဆင်အမေသည် မလာနိုင်တော့ပေ။ တစ်ရက်မျှ ကြာလျှင် ဆင်ကလေးမှာ အစာငတ်ရေငတ်နှင့် အားပျော့လာ သည်။ ထိုအခါမှ ဆင်ကျင့်သူက ရေအနည်းငယ်ပေးသည်။ အစာအနည်းငယ်ကျွေးသည်။ သခင်မှန်းသိအောင်ပြုရသည်။ ဆင်ကလေး၏ ကျန်းမာရေးအခြေအနေကိုလည်း စစ်ဆေးရသည်။ ပွတ်သပ်ချော့မြူခြင်းများလုပ်ရသည်။

ဆင်ငယ်အား ကျုံးအပြင်ထုတ်၍ ငုတ်တိုင်တွင်ချည်ကာ လေ့ကျင့်မှုများ ပြုလုပ်ရပါသည်။ လုပ်ငန်းခွင်တွင် ဆင်ဦးစီးနှင့် ဆက်သွယ်နားလည်နိုင်ရန် ဝေါဟာရများကို သင်ပေးရသည်။ သံချွန်ပါသော ဝါးတုတ်ဖြင့် ထိုး၍ ထိုး၍ အသိပေးရသည်။ ဆင်နှင့် လူသွားပြောသော ဝေါဟာရတို့မှာ စိတ်ဝင်စားစရာဖြစ်သည်။ ထိုဝေါဟာရများကို ဆင်သမားတိုင်းနားလည်ကြသကဲ့သို့ ဆင်တိုင်း

www.burmeseclassic.com



သား၌ခြေမြဲဆက်နားလည်ခဲ့ကြသည်။ တစ်ရွာတစ်ပုဒ်ဆန်း တစ်ကျောင်းတစ်ဂါထာဆိုသလို အခေါ်အဝေါ်လေးကွဲတတ်ကြ၏။

ဆင်သမားနှင့် ဆင်တို့ပြောစကားဝေါဟာရများမှာ ဆင်ကျုံးက သင်ပေးလိုက်ကြပါသည်။ "ယားယား" ဆိုသည်မှာ မလုပ်နဲ့ ရပ်လိုက်ဟူ၍ဖြစ်သည်။ "မက်မက်" ကတော့ ဝပ်ပေးထိုင်ပေးဟူ၍ ဆို၏။ "ထထ" မှာ ထတော့ မတ်တပ်ရပ်တော့ဟူ၍ အဓိပ္ပာယ်ရပါသည်။ "ထဲ့ထဲ့" ဆိုသည်ကား ထူးကွင်းထဲခြေထည့်ရန် အဆိုအမိန့်စကားဖြစ်သည်။ "စုံစုံ" မှာကား ခြေစုံရပ်ရန်တို့ကို စနစ်တကျသင်ပေးရသည်။ ဆင်ကလေး အတော်အကျင့်ရသောအခါ အပြင်တောခြေမှာ လမ်းလျှောက်သင်ကြရတော့၏။ လေ့ကျင့်ပေးမြဲဖြစ်သော ဆင်ကြီးတစ်ကောင်နှင့်တွဲ၍ ကျင့်ပေးရသည်။

လမ်းသွားရာတွင်သင်သောဆင်နှင့် လူသားပြောစကားဝေါဟာရများမှာ "လာလာ" ဆိုသည်မှာ လာပါဖြစ်၏။ "တေးတေး" ဟုဆိုလျှင် သွားပါဟု နားလည်ကြသည်။ "ဟောင်ဟောင်" ဆိုပါက လမ်းသွားရပ်ပါဟူ၍ သိသည်။ မြင်သည်။

ဆင်ပေါက်စ်ယ်ကလေးကို ဦးစီးမည့်သူက ကျင့်ပေးသင်ပေးရ၏။ ဆင်သည်လက်ဦးဆရာကို မှတ်သည်။ သခင်ကိုချစ်တတ်သည်။ သခင်၏ အမူအကျင့် အသံ ကိုယ်နံ့ကို မှတ်သည်။ ဤသို့ စနစ်တကျလေ့ကျင့်ရင်းဖြင့် ဆင်ကလေးသည် ဆင်ယဉ်လောကသို့ဝင်ဆန့်လာနိုင်ပြီဖြစ်သည်။ လေ့ကျင့်ပြီး ဆင်ကလေးကို သက်ဆိုင်ရာ သစ်ထုတ်လုပ်ရေးဌာနက ဖခင်၊ မိခင်၊ မွေးသက္ကရာဇ်၊ နာမည်နှင့်တကွ မှတ်ပုံတင်စာအုပ်လုပ်ပေးရပါ



သည်။ ဆင်နာမည်ပေးပုံမှာလည်း အလွန်လှသည်။ ယခုနှစ်တွင် "အောင်" အမည်တပ်ပေးသောနှစ်ဖြစ်၏။ ထို့ကြောင့် ဆင်ကျုံးသင်ဘီးစိတ်စခန်းအတွင်း ဒီနှစ်ဆင်သင်တန်း ဆင်းနာမည်များမှာ အောင်သန်း၊ အောင်ရှိန်၊ အောင်မောင်း၊ အောင်ကျော်၊ အောင်မိုး၊ အောင်စိုး စသည်ဖြင့်မှည့်ခေါ်ရသည်။ ဆင်ကလေးများသည် သူ့နာမည်ကိုလည်းသူမှတ် သူသိနေသည်။ နာမည်ကို ခေါ်တိုင်းသိ၏။ လေ့ကျင့်ပြီးသောဆင်ကလေးများကို သစ်ဆွဲမခိုင်းနိုင်သေးပေ။ ငါးနှစ်သားမှ ၁၆ နှစ်သားအထိ သစ်တောတွင်း ဆန်အိတ်၊ ဆားအိတ်၊ မန်ကျည်းမှည့်အိတ်များ တင်ခြင်း၊ လူစီးခြင်း၊ စာပို့ဆက်သွယ်ခြင်းများကိုသာ အသုံးပြုသည်။ ၁၆ နှစ်ပြည့်မှ သစ်ဆွဲအလုပ်သင်ဘဝရောက်ကာ ၁၈ နှစ်ပြည့်မှ သစ်ဆွဲ သစ်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ရပါသည်။ ပုံတောင်မြေ တစ်ကြောက ဆင်ကျုံးသွင်း လေ့ကျင့်ခြင်းလုပ်ငန်း ဘီးစိတ် စခန်းမှာ များစွာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။

"ဖေ့အယ်...ဖေ့အယ် ဆင်မမယ်စန္ဒာသူ့သားနဲ့ကွဲလာလို့ အော်နေတယ်...သွားချော့လိုက်ပါဦးဗျာ"

"ဗလကြီးရေ...ငါ့ဆင်မက သူ့သားကို နိုင်ငံတော်အတွက် အရှိန်အင်အားပေးလှူရတာဂုဏ်ယူစရာကွ...နင့် ဆင်ပြောင်ကြီး သတိထား စွယ်စုံကြီးနော်...အခုဆင်စွယ်ဖြတ်ခိုးမှုတွေ ဖြစ်နေတယ်...ရောဒီမှာဆင်အကြောင်းပြန်တမ်းတွေ အခုပဲ တောအုပ်ကြီးဆရာမြလာပေးသွား တာ"

"ဖေ့အယ်...ဒီစာဖတ်ပြီးမှ ထမင်းချက်လိုက်မယ်နော်"

"အေး...အေးပါကွ"

www.burmeseclassic.com

www.burmeseclassic.com



ဖေ့အယ် ဦးညာဏကြီး မယ်စန္ဒာဆင်ထူးကွင်းအသွား ဗလကြီးစာကို စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။

၁၉၉၉ ခုနှစ်၊ ဇူလိုင်လ (၇) ရက် မကွေးတိုင်း သရက် သစ်ထုတ်လုပ်ရေးဒေသ မင်းတုန်းသစ်ထုတ်ရေးနယ် တလိုင်းခြို ဆင်စခန်းမှ နိုင်ငံပိုင်ဆိုင် ဆင်အမှတ် (၂၂၆၅) ရွှေကား (ထီးစုံ) ဆင်၏ အစွယ်နှစ်ချောင်းကို ဇွန်လ (၈) ရက်နေ့ညက မသမာသူများ၏ ဖြတ်တောက်ခိုးယူခြင်းခံခဲ့ရ၍ မင်းတုန်းပြည်သူ့ရဲစခန်းမှ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁) အရ အမှုဖွင့် အရေးယူခဲ့ပြီး၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ဦးအောင်ညွန့်တင်၊ အမှုစစ် ဒုရဲအုပ်သန်းထွန်း၊ ဒုရဲအုပ်တင်မြင့်ဦးစီးသည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက စုံစမ်းထောက်လှမ်းခဲ့ရာ ဇွန်လ ၂၈ ရက်နေ့တွင် သက်သေခံပစ္စည်းများဖြစ်သော “ရွှေကား” ဆင်၏အစွယ် နှစ်ချောင်း ဖြတ်တောက်ရာတွင် အသုံးပြုသည့် လက်ထိုး လွှတစ်ချောင်းနှင့် ပြစ်မှုကျူးလွန်သူများအား ဖမ်းမိလိုက်သည်။ ဖမ်းမိသူများမှာ မြင့်စိုး (ဆင်ဦးစီး) ၂၆ နှစ်၊ လိပ်ပုပ်ဝဆင်စခန်း၊ မင်းတုန်းသစ်တောနယ်၊ ဝင်းစိုး (၂၂) နှစ်၊ မှန်ကျေးရွာ မင်းတုန်းမြို့နယ်နှင့် သန်းထွန်းဝင်း (၂၃) နှစ်၊ မှန်ကျေးရွာ မင်းတုန်းမြို့နယ်တို့ဖြစ်သည်။ ၎င်းတို့အား အရေးယူအပြစ်ပေးရန် စီစဉ်လျက်ရှိသည်။

“ဟ...လာပြန်ပြီ...ဒီမှာလဲတစ်ပုဒ်”

ဗလကြီးသည် ဖတ်လက်စ စာကိုဆက်ဖတ်နေမိသည်။ ဆင်ဝိုင်း စခန်းတဲငယ်အနီးမှ တောကျေးငှက်တို့က နေဝင်တေးကို သီကျူးနေ၏။



၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့ နတ်တလင်းမြို့ အရှေ့ဘက်ရှိ မြောက်တော်တင်းကြီးဝိုင်းသစ်ကွက်တွင် ဇီးကုန်းသစ်ထုတ်လုပ်ရေးနှင့် စာချုပ်ချုပ်ပြီး လုပ်ငန်းခွင်ဝင်နေသော ဦးစောဘော်လူးပိုင်တာတိန်အမည်ရှိဆင်၏ ညာဘက် အစွယ် ၁၈ လက်မ ခန့်အရှည် အလေးချိန် ၅ ပိဿာ ၅၀ ကျပ်သားခန့်ကို မသမာသူတို့ဖြတ်၍ ခိုးယူသွားခြင်းခံခဲ့ရ၍ နတ်တလင်း ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။ ယင်းအမှုနှင့် ပတ်သက်၍ နတ်တလင်းစခန်းမှူး စိန်ဝင်းနှင့် ဒုရဲအုပ်မောင်မောင်မြင့်တို့အဖွဲ့သည် တရားခံများ ဖမ်းဆီးမိရေးအတွက် ကြိုးပမ်းထောက်လှမ်းခဲ့ရာ ဇီးကုန်းမြို့နယ် ဘော်ဘင်ရွာနေ မသင်္ကာသူ ဖြူဝင်းအား စစ်ဆေးခဲ့ရာမှ ၎င်းနှင့် အတူအမှုတွင် ကျူးလွန်ပါဝင်ခဲ့သော ဇီးကုန်းမြို့နယ် ရွာရှောင်ရွာမှ စောမော်ဝင်း(ခ)ပျံလွှား၊ ဖားစောစီးနှင့် ဖားတဲဆိုသူတို့အား ဆက်လက် ဖမ်းဆီးစစ်ဆေးရာမှ အမှုတွင်အသုံးပြုခဲ့သော လွှ၊ ဓား၊ ပလိုင်းနှင့် ဖြတ်ယူခဲ့သော ဆင်စွယ်တို့ကို ဖော်ထုတ်သိမ်းဆည်း ရရှိခဲ့သည်။ တရားခံများအား ပုဒ်မ ၃၇၉/၄၂၉ အရ အရေးယူထားသည်။

ဗလကြီးစာနှစ်ပုဒ်ကိုဖတ်ပြီး ရင်ထဲနှလုံးမကြည် မလင်ဖြစ်သွား၏။ သောက်ရေအိုးစင်ဆီမှ ရေကိုယူကာ တဝသောက်ချလိုက်သည်။ သည် တော့မှ ရင်ထဲအေးသွားသည်။ ဖခင်ဦးညာဏကြီး ပြန်လာမိအချိန်တွင် ထမင်းချက်ကာ ဟင်းအိုးတည်ရပေဦးမည်။ ဗလကြီးစိတ်မချမ်းမြေ့စွာ တဲ၏ မီးဖိုချောင်ထဲဝင်လာခဲ့သည်။ နေမင်းသည် ပုံတောင်ပုံညာတောင်ခါး ပန်းဆီတွင် မေးတင်လျက်ရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆင်သည် မြန်မာ့သစ်လုပ်ငန်း၏ သစ်ထုတ်လုပ်မှုကဏ္ဍတွင် မရှိမဖြစ် လိုအပ်နေသည်။ ဆင်တစ်ကောင်လျှင် တစ်နှစ်သစ်တန် ၂၀၀မျှ ထုတ်လုပ်နိုင်စွမ်းရှိသည်။ သို့ဖြစ်ရာ မြန်မာ့သစ်လုပ်ငန်းမှာ ဆင်မျိုးကောင်းမျိုးသန့် တိုးပွားရေးကို တီထွင်ကြံဆ လုပ်ဆောင်လျက်ရှိကြသည်။ ဆင်၏နှာမောင်း၊ အစွယ်နှင့်ဝှေ့ခြင်း၊ ကြောင်လိမ်ကျစ်မှု၊ အစွယ်ဖြင့်အောင်းမှု၊ လက်ဖြင့်ဆုတ်ဆွဲခြင်းနည်းတို့ဖြင့် ယန္တရားများမရောက်နိုင်သည့် တောင်တက်တောင်စောင်းများတွင် သစ်လုံးများကို ခဲရာခဲဆစ် ထုတ်လုပ်ပေးနေသည်။ ဆင်၏စွမ်းအားသည် မြန်မာ့သစ်လုပ်ငန်းအတွက် အရေးပါအရာရောက်လှသည်။ မြန်မာ့သစ် လုပ်ငန်းအနေဖြင့် ဆင်ဦးရေတိုးပွားရေးကို ဆောင်ရွက်နေချိန်တွင် တစ်ဖက်မှလည်း ဆင်များကို ရက်ရက်စက်စက်သတ်၍ အစွယ်ဖြတ်ချွတ်ယူကြသော မသမာမှုများကိုလည်း ရင်ဆိုင်နေရကြောင်းသိရသည်။ ဆင်၏လုပ်အားစွမ်းပကားကို မထောက်ထားဘဲ ဆင်စွယ်သက်သက်လိုချင်၍ ဆင်များ သတ်ဖြတ်ခံရခြင်းကို မြန်မာ့သစ်လုပ်ငန်းမှ တားဆီးကာကွယ်နေရသည်။ သစ်လုပ်ငန်းဝန်ထမ်းများက ဝိုင်းကြီးချုပ်စနစ်ဖြင့် ထိန်းသိမ်းကာကွယ်သကဲ့သို့ မြို့နယ်အဖွဲ့များ၏ အကူအညီ ဝိုင်းဝန်းမှုဖြင့် ဆင်များကိုစောင့်ရှောက်ရကြောင်း သိရသည်။

မှတ်တမ်းများအရ ၁၉၈၂–၈၃ ခုနှစ်မှ ၁၉၉၇–၉၈ နှေ့အထိ အသတ်ခံရသော ဆင်ပေါင်း ၉၄ ကောင်ရှိပြီဟု သိရသည်။ မသတ်ဘဲ အစွယ်ချွတ်ခံကြရသောဆင်မှာ ၃၉ ကောင်ရှိသည်။ အခိုးခံရသော ဆင်အနေဖြင့်မူ ခုနစ်ကောင်ရှိကြောင်းသိရသည်။ အသတ်ခံရသောဆင် ၉၄ ကောင်အနက် ၇၃ ကောင်မှာ သစ်



လုပ်ငန်းပိုင်ဖြစ်၍ ကျန်ဆင်တို့မှာ ငှားရမ်းအသုံးပြုနေသော ပုဂ္ဂလိကပိုင်ဆင်ဖြစ်သည်။ မသတ်ဘဲအစွယ် ချွတ်ယူခံရသောဆင် ၃၉ ကောင်အနက် ၂၃ ကောင်မှာ သစ်လုပ်ငန်းပိုင် ဆင်ဖြစ်၍ ကျန်ဆင်များမှာ ငှားရမ်းထားသော ပုဂ္ဂလိကပိုင် ဆင်များဖြစ်သည်ဟုဆိုသည်။

အသတ်ခံရသော ဆင်များ၏တန်ဖိုးမှာ သိန်း ၁၅၀၀ ကျော်ရှိပြီဖြစ်သည်။ လုပ်အားပမာဏအသုံးကျမှုနှင့် တိုင်းတာပါက အဖိုးထိုက်လှသော ဆင်ရတနာများဖြစ်သည်။ ဆင်ကိုသတ် အစွယ်ကိုဖြတ်ကြသော မသမာသူများသည် အုပ်စုဂိုဏ်းဖွဲ့၍ ဆင်ကိုသတ်ကြသည်။ တူမီးသေနတ်ဖြင့် ပစ်၍လည်းသတ်သည်။ အဆိပ်မြားဖြင့် ပစ်ခတ်သတ်ဖြတ်တတ်ကြ သည်။ ဤသို့ဖြင့် မြန်မာ့သစ်လုပ်ငန်းမှ ဆင်အချို့သည် အစွယ်ဖြတ်တောက်ခံရခြင်း၊ ဆင်ကိုသတ်၍ အစွယ်ချွတ်ယူခြင်း၊ အနာဒဏ်ရာရစေ ခြင်းနှင့် အင်္ဂါချွတ်ယွင်းစေခြင်းစသည့် မသမာမှုအဖုံဖုံကိုခံစားကြရပြီး ဆင်မျိုးကောင်းမျိုးသန့် ဆုံးပါးစေခဲ့ရသည်။

ဆင်နှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းအတွင်း အများဆုံး အမှုများဖြစ်ပေါ်ခဲ့ကြောင်း မှတ်တမ်းများကဆိုထားသည်။ စစ်ကိုင်းတိုင်းတွင်အမှု ၂၉ မှုဖြစ်ပွားခဲ့ရာ ဆင်သတ်ပြီးအစွယ်မှု ၁၈ မှု၊ ဆင်ကို မသတ်ဘဲ အစွယ်ဖြတ်ခံရမှုရှစ်မှုနှင့် ခိုးယူခံရမှုသုံးမှု ဖြစ်ခဲ့သည်။ ထို့အတူ မကွေးတိုင်းတွင် ခြောက်မှုဖြစ်ပွားခဲ့ရာ လေးမှုတွင် အစွယ်ယူအသတ်ခံရပြီးနှစ်မှုတွင် အရှင်အဖြတ်ခံခဲ့ရကြောင်း သိရသည်။ ပဲခူးတိုင်းအနောက်တွင် ခုနစ်မှုဖြစ်ပေါ်ခဲ့ပြီး ငါးမှု သေ၍ အစွယ်ချွတ်ခံရပြီး ရှင်လျက်ခြောက်မှု ကျူးလွန်ခဲ့ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သိရသည်။ အလားတူပင် ရေဝတီတိုင်းတွင် သုံးမှုဖြစ်ခဲ့ရာ နှစ်မှုအသတ်ခံရပြီး တစ်မှုတွင် ရှင်လျက် အစွယ်ဖြတ်ခံရကြောင်း သိရသည်။

မန္တလေးတိုင်းတွင်မူ သစ်လုပ်ငန်းပိုင်ဆင် ၁၆ ကောင် အသတ်ခံရကြောင်း ရင်နင့်ဖွယ်ကြားသိရသည်။ ပဲခူးတိုင်း အရှေ့တွင် ၁၄ မှုဖြစ်ပေါ်ခဲ့ရာ အသတ်ခံရမှုနှစ်မှု၊ ရှင်လျက် အဖြတ်ခံရမှု ၁၁ မှုနှင့် ခိုးယူမှုတစ်မှုပါဝင်ခဲ့သည်။ ချင်းပြည်နယ်တွင်လည်း သစ်လုပ်ငန်းပိုင် ဆင်သုံးကောင်အခိုးခံခဲ့ရသည်။ ဆင်များသတ်ဖြတ်မှုနှင့် ပတ်သက်၍ ၁၀ နှစ်ခန့် ကာလအတွင်း အမှု ၈၀ ဖြစ်ပွားခဲ့ရာ ၂၂ မှုတွင် ကျူးလွန်သူတရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ ၁၈ မှုတွင် ပြစ်ဒဏ်များချမှတ်နိုင်ခဲ့ရာ ထောင်ဒဏ်ငါးနှစ်မှ ၁၀ နှစ်အထိ ချမှတ်အပြစ်ပေးခဲ့ရသည်။ မြန်မာ့သစ်လုပ်ငန်းမှ အဖိုးတန်ဆင်ရတနာများကို ဖမ်းဆီးသတ်ဖြတ်ခြင်းအတွက် သတင်းပေးသူများအား ထိုက်သင့်သော ဆုငွေများချီးမြှင့် ပေးလျက်ရှိသည်။ တစ်ဖက်တွင်လည်း ဆင်ဝိုင်း၊ အလိုက်ဆင်ခေါင်း၊ ဆင်ဦးစီး၊ ဆင်ပဲ့ချိတ်တို့က အနီးကပ်ကြပ်မတ်စောင့်ရှောက်လျက် ရှိကြသည်။ ဆင်ဝိုင်းများသို့ လူအဝင်အထွက်ကို မှတ်တမ်းများဖြင့် စိစစ်လျက်ရှိသည်။ အလားတူ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့၊ ပြည်သူ့ရဲနှင့် တာဝန်သိပြည်သူများ၏ အကူအညီဖြင့် ဆင်များအသတ်ခံရမှု အစွယ်ဖြတ်ခံရမှုနှင့် အခိုးခံရမှု စသည့် မသမာမှုများကို ကာကွယ်တားဆီးလျက်ရှိသည်။

"ဗလကြီး...ဟေ့ ဗလကြီး နှင့်ဆင်ပြောင်ကြီး စွယ်စုံလုံး ပျောက်သွားမယ်နော်"



"ဆင်စွယ်မပျောက်အောင်...ဗလကြီးညာဏ်ကျယ်နေရတယ်"

"ဘယ်လိုညာဏ်ကျယ်နေတာလဲကွ"

"ဟား...ဟား...ဆင်ပြောင်ကြီးနား ဆင်မယဉ်သာတောင် အကပ် မခံဘဲ...ဗလကြီးအနီးကပ်ပြီး...အစွယ်ကြီးတမြမြ တသသလုပ်နေရတာ အမောပါပဲကွာ...ဟူး"

"အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းကေရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်၊ သုံးယောက်အနက် တွင်မှ၊ ကံကွက် ကြား၍၊ ငမိုက်သားမဆိုလေး၊ နင်ချည်းပင်သေပေ တော့ဟု" ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် ဦးပုညကမှတ်သားဖွယ်ရာ အလင်္ကာသီကုံးရေးသားခဲ့ပါသည်။ တစ်နည်းဆိုရလျှင် အစွယ်လိုချင်၍ ဆင်ကိုမိုက်မိုက်ကန်းကန်း သတ်ဖြတ်ကြသူများကား ငမိုက်သားများဖြစ်ကြသည်ဟု ဦးပုညကသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ယနေ့ကာလတွင်လည်း အစွယ်လိုချင်၍ ဆင်သတ်ကြသည့် ငမိုက်သားများပေါ်ပေါက်လျက်ရှိသည်။ သူတို့ကား မြန်မာ့သစ်လုပ်ငန်းပိုင် အဖိုးတန်ဆင်ရတနာများကို မိုက်မိုက်ကန်းကန်း၊ ရက်ရက်စက်စက် သတ်ဖြတ်ကြသူများဖြစ်ကြသည်။

မြန်မာ့သစ်လုပ်ငန်းသည် နိုင်ငံတော်အတွက် လွန်စွာအရေးပါသည့် သစ်ထုတ်ရေးတွင် ခေတ်မီစက်ယန္တရား ကြီးများဖြင့် ထုတ်လုပ်လျက်ရှိသည်။ သို့သော် မြန်မာ့ရေ မြေ၊ တော၊ တောင်၊ သဘာဝအရ စက်ယန္တရားကြီးများ မရောက်မပေါက်နိုင်သော ဒေသများသို့မူ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့ရသောဆင်များဖြင့် ဆောင်ရွက်နေရဆဲရှိသည်။ ဆင်တို့ဖြင့် တောတောင်များအတွင်းရှိ သစ်လုံးများကို အပတ်တကုတ်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်လုပ်ယူနေရသည်။ ဆင်၏စွမ်းအားသည် မြန်မာ့ သစ်လုပ်ငန်းအတွက် အရေးပါအရာရောက်လှသည်။ ဆင်သည် သစ်ထုတ်လုပ်ရေးကဏ္ဍတွင် မရှိမဖြစ်လိုအပ်သည်။ ဆင်၏ လုပ်အားများကို သစ်ထုတ်လုပ်ရေးတွင် ပိုမိုအသုံးပြုနိုင်လေဖြစ်၏။

ဗလကြီးသည် ဆင်ပြောင်ကြီးကိုစီး၍ အစွယကိုအရိပ်လိုကြည့်နေရသည်။ ဆင်ပြောင်ကြီး၏စွယ်စုံမှာ လေးကိုင်းသဏ္ဍာန်ရှိနေ၏။ ဆင်များတွင် အစွယ်ကိုမြန်မာနည်းဟန်ဖြင့် ငှက်ပျောဖူးစွယ်၊ စွယ်ကားစွယ်၊ စွယ် စုံစွယ်၊ ကြက်နင်းစွယ်၊ မြက်ဖြတ်စွယ်၊ ကြံ့ဆစ်စွယ်ဟူ၍ ရှိပါသည်။ ဆင်စွယ်ကို ဗလကြီးတို့ဆင်သမားတွေက သင်္ကေတတွေနှင့် ထားကြသည်။

"ဖေအယ်...ဆင်စွယ်ကို ဘယ်လိုခွဲခြား သတ်မှတ်သလဲ ကျုပ် ဆင်ပြောင်ကြီးအစွယ် ဘယ်မျိုးထဲပါသလဲဖေအယ်"

"သားဗလကြီးရေ...ဆင်စွယ်မှာ ကျောက်ဖြူသားလို ဖြူဖွေးပြီးမာကျောနေရင်...ကျောက်စွယ်လို့ ခေါ်တယ်...ပွယောင်းယောင်းနဲ့ဖြူဝါ ရောင်ရှိတဲ့အစွယ်ကို ဖော့စွယ်လို့ခေါ်တယ်...ဖော့စွယ်မှာ အက်ကြောင်းတွေ အလျားလိုက်ပေါ်နေတတ်ပြီး ကျိုးလွယ်ကွဲလွယ်တဲ့ သဘောရှိတယ်မင့်ဆင်ပြောင်ကြီးက ကျောက်စွယ်လိုမျိုးကွ ဗလကြီးရ"

"ဖေအယ်...အစွယ်ခြောက်မျိုးအကြောင်း ရှင်းပြပါဦးဗျာ"

"သားဗလကြီးရ မှတ်ထားကွ...ငှက်ပျောဖူးစွယ်ဟာ ကျောက်စွယ် အမျိုးအစားထဲမှာ ပါဝင်တယ်...အစွယ်ဟာ ရှစ်လက်မကနေလေးလက်မ အထိရှည်တတ်တယ်...အစွယ်



ကောင်း ဉာဉ်ကောင်းတဲ့ဆင်မျိုးဖြစ်တယ်.. စွယ်ကားက ဂလန့်စွယ်လို့လဲခေါ်တတ်တယ်...စွယ်စုံကတော့ သားဗလ ကြီးဆင်လိုပါပဲ...ရှေ့ကိုထိုးထွက်လာရာက နှာမောင်းလွန်သော် အတွင်းဘက်ကိုအစွယ်နှစ်ခုလုံး စုဝင်နေတတ်ပါတယ်... သား ဗလကြီး သတိထားမိရဲ့လား"

"ဖေအယ်...ပြောမှသတိရတယ်...ဟုတ်တယ်ဖေအယ်ရေ"

"စွယ်စုံဆင်ဟာ...စိတ်ကောင်းရှိတယ်...စိတ်ကောင်းစိတ်မြတ်အမြဲမွေးတယ်...ဒါပေမယ့်...ဒေါသထွက်လာရင်တော့...ချော့မရအောင်ဖြစ်တတ်တယ်ကွ...ကဲ ကြနင်းစွယ်က တစ်ဖက်နှင့်တစ်ဖက်အစွယ်ထွက်ပုံ နိမ့်မြင့်မညီတွေ့ရတတ်တယ်...ဉာဉ်ဆိုးတဲ့ ဆင်တစ်မျိုးပဲ...မြက်ဖြတ် စွယ်ကတော့ ရှည်လာတိုင်းအများဖက်မှာမြက်နွယ်ဖြတ်ရင်းကျလာပြီးအဖျားက သိုးခြားချွန်မြနေတယ်...ဆိုးတတ်တဲ့ ဆင်မျိုးဖြစ်ပေမယ့်...သူ့ အစွယ်တွေကတော့ကျောက်စွယ်တွေအဖြစ် အတွေ့များပါတယ်...ကြံ့ဆစ်စွယ်ကတော့ တစ်ပြေးညီစင်းလုံးချောနေတဲ့ အစွယ်မျိုး မဟုတ်ဘဲဖုဖုထစ်ထစ်နဲ့ကြံ့ဆစ်တွေလိုဖြစ်ပေါ်နေ တယ်...စွယ်စိုက်ကတော့အောက်စိုက်နေတဲ့ အစွယ်ပါပဲ...စွယ်ကားကတော့ ရှေ့ထွက်နေတဲ့အစွယ်တွေ အပေါ်ကို ကော့နေတာတွေ့ရတယ်...စွယ်ထုတ်ကငှက်ပျောဖူးသဏ္ဍာန် ရှိပေမယ့် အလုံးပိုပြီးတုတ်ပါတယ်...ကဲ သားဗလကြီး သိချင်တဲ့ ဆင်စွယ်တွေအကြောင်းပဲ မှတ်ထားနော်"

"ဟုတ်ကဲ့ မှတ်ထားပါတယ် ဖေအယ်...ဆင်ပြောင်ကြီးသွားကောက် လိုက်ဦးမယ်...ဖေအယ်"

"အေး...အေး...သွားလိုက်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဗလကြီး မြိုင်ခြေတောတန်းထဲဝင်သွားသည်။ သူ့ဆင်ပြောင်ကြီးကို သူစီးရပေဦးတော့မည်။ ဆင်စွယ်တွေက ဘယ်လိုပုံရှိရှိ ဆင်စွယ်မှန်လျှင် အဖိုးတန်လှသည်။ တန်ဖိုးကြီးမှန်း သိသောဝိသမလောဘသားတွေက ဆင်ကိုသတ်ပြီး အစွယ်ဖြတ်ယူဖို့ အကြံကြီးကြံနေကြသည်။ ဆင်စွယ်စုံသည် ဆင်အလှကို တန်ဆာဆင်ပေးလျက်ရှိသည်။ ဆင်ကြီးများသည် မိမိအစွယ်ကြောင့် သက်တမ်းစေ့အောင်မနေကြရဘဲ ရှိနေသည်။ နိုင်ငံတာဝန်တွေကို လုပ်အားအပြည့်အဝမပေးလိုက်ရဘဲ အစိမ်းခြွေကြွေနေကြရဆဲဖြစ်သည်။ ဗလကြီး ကျွန်းတော လေကိုဖြတ်၍ လှမ်းလာခဲ့သည်။ လေညှင်းအေးလေးက ဖြူးပေးနေလိုက်သည်။ ဗလကြီးရင်ထဲအသည်းထဲက တောင်းဆုချွေနေမိသည်။ ဗလကြီးဆုတောင်းမှာ ဆင်ကြီးတွေအတွက်ဖြစ်သည်။ ဗလကြီးနှုတ်ထက် ရွရွရွတ်ဆိုလိုက်၏။

"ဆင်ကြီးတွေ ငြိမ်းချမ်းပါစေ...ငြိမ်းချမ်းပါစေ...ဆင်ကြီးတွေ"

❖ ❖ ❖ ❖ ❖

# ပင်စင်အငြိမ်းစား ဆင်အိုများ

"ဗျို့...ကိုထွားမောင်...ကိုထွားမောင်"

"ဗလကြီး...လာပြီဟေ့...လာပြီ...အေးမြင့်၊ လှအောင်လွှတွေ၊ ရဲဒင်း၊ ပုဆိန်၊ ကုလားမ၊ တံစဉ်တွေ စုံပြီလား...ပစ္စည်းတွေအသေအချာ ယူလာခဲ့နော်"

"ဟုတ်ကဲ့...ကိုထွားမောင်"

ဗလကြီး၏ ဆင်ပြောင်ကြီးသည် သစ်ခုတ်စခန်းရှေ့တွင်ရောက်နေ၏။ ဗလကြီးသစ်ခုတ်သမားတွေကို မှန်ပြတောင်သစ်တွင်းဆီသို့ ဆင်နှင့်ပို့ရမည်။ သစ်ခုတ်ကွက်သည် လေးမိုင်လောက်ဝေး၏။

"ဟဲ့...ဆင်ပြောင်ကြီး...မက်မက် ဒီဆင် မက်ဆိုမက်"

ဆင်ပြောင်ကြီး ဝပ်သွားသောအခါတွင် အေးမြင့်၊ လှအောင်၊ စိန်ထွန်း၊ လှကြိုင်၊ ကိုထွားမောင်တို့ ဆင်ပေါ်တက်လာကြသည်။ ဆင်ပြောင်ကြီးသည် ပစ္စည်းများ လူများကိုတင်ဆောင်ကာ သစ်ကွက်ဆီသို့ လှမ်းလာခဲ့ကြသည်။

"အိုးအီ...အိုးအီ...အိုးအီ...အိုးအီ"

"ဗလကြီး ဘာငှက်မြည်တာလဲဟ"

"ဘုတ်ငှက်လေ ... ဒီရာသီက ဘုတ်မြူးချိန်ဗျ ... ကိုထွေးမောင်ရ"

"သိပါဖူးကွာ...အိုးဝေ...အိုးဝေဆိုတဲ့ ဒေါင်းတွန်သံပဲ ကြားဖူးကျဆိုတော့ အိုးအီအိုးအီ ဘုတ်သံကို ဆန်းနေလို့"

www.burmeseclassic.com

www.burmeseclassic.com



"အမလေး သစ်ခုတ်သမားများ မြို့တိုရွာတိုအနေကြာသွားရင် တောမလေ့မေ့သွားတတ်တယ်နော်…သတိထား"

သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးလုပ်ငန်းမှာ သဘာဝတောများကို ထိန်းသိမ်းစောင့်ရှောက်၍ တစ်ဖက်တွင် သစ်တောစိုက်ခင်းများ ပြုစုပျိုးထောင်မှုကို စနစ်တကျဆောင်ရွက်နေသည်၊ နိုင်ငံတော်မှ ကျွန်းနှင့် သစ်မာများကို သဘာဝတောများမှ ထုတ်လုပ်နေရာ မြန်မာ့ ရွေးချယ်ခြင်းစနစ်အရ သဘာဝတောများကို အလေအလွင့်မရှိ၊ အနှောင့်အယှက်မရှိ ဆောင်ရွက်လျက်ရှိနေသည်။

"ဗလကြီးရပ်တော့ဟေ့…ဒီမှာစခန်းချမယ်…မင့်ဆင်ပြောင်ကြီးလွှတ်ကျောင်းထူးခတ်ထားလိုက်…နင်က တို့နဲ့လိုက်ခဲ့ပေါ့ဟာ"

"အေး…ဆင်သမားက သစ်ခုတ်သမားနောက်လိုက်တော့ ဗဟု သုတရတာပေါ့"

နိုင်ငံတော်မှ ကျွန်းနှင့် သစ်မာများကို သဘာဝတောများမှ ထုတ်ရာ တွင် မြန်မာ့ရွေးချယ်ခြင်းစနစ်အရ နှစ်ပေါင်း ၁၀၀ ကျော်မှ စ၍ ကျွန်းသစ်ကို သင်းသတ်ထုတ်လုပ်ခဲ့သည်။ သင်းသတ်စနစ်သည် ခေတ်အဆက်ဆက်အတွေ့အကြုံများအရ အောင်မြင်သောစနစ်ဖြစ်၏။ ယနေ့ထုတ်လုပ်နေသော သဘာဝကျွန်းပင်များကို သက်တမ်းနှစ်ပေါင်း ၁၂၀ မှ ၁၅၀ အတွင်း ရင်စို့လုံးပတ် ၇ ပေ၊ ၆ လက်မအရွယ်တွင် သင်းသတ်ထုတ်လုပ်လျက်ရှိသည်။ မြန်မာ့ရွေးချယ်ခြင်းစနစ်အရ ကျွန်းသင်းသတ်ခြင်းဖြင့် ခြောက်သွားသောကျွန်းသည် ရေပေါ်တွင်ပေါ်၍ မြစ်ချောင်းများမှ မျှောချ သယ်ဆောင်နိုင်ခြင်း၊ သဘာဝအလျောက် ကျွန်း၏ဂုဏ်အင်္ဂါမပျက်စီးနိုင်ခြင်းနှင့် ကျွန်းစိုမှာလေးလံပြီး ကျွန်းခြောက်သည်ပေါ့ပါး၍ အနာအဆာနည်းပါးစွာ ထုတ်လုပ်သယ်ယူနိုင်ခြင်းအကျိုးများကြောင့် သင်းသတ်ပြီး သုံးနှစ်ခန့်အကြာတွင် သစ်တောဦးစီးဌာနမှ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲအပ်၍ သစ်ထုတ်လုပ်မှုကို လုပ်ကိုင်လျက်ရှိသည်။



"အေးမြင့်နဲ့ လှအောင်…ဒီသစ်ကွက်မှာ ခုတ်လှဲနေခဲ့"

"ကိုထွေးမောင်…ဒီသင်းပင်ကို နိုင်အောင်မလှဲနိုင်ဘူးဗျ"

"နိုင်သလောက် ပြီးသလောက်ခုတ်ပေါ့ကွာ…လူအားပဲ…စက်အားမှ မဟုတ်တာကွာ"

တစ်ဆက်တည်းတွင် ကျွန်းသင်းသတ်ခြင်းနှင့်အတူ ကျန်ရှိသည့် ပတ်ဝန်းကျင်မှ ကျွန်းပင်များကို ဆက်လက်ကြီးထွားရှင်သန်စေရန် အလင်းရောင်ဖွင့်ပြီးဖြစ်နေ၏။ သဘာဝအလျောက် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ခြင်းသည် တောမပြုန်းစေဘဲ မြန်မာ့သစ်တောများ စီမံအုပ်ချုပ်မှုစနစ်မှန် ကန်ကြောင်းကို သက်သေပြလျက်ရှိသည်။ မြန်မာ့သစ်လုပ်ငန်းမှ သစ်တောများတရားမဝင်ခုတ်လှဲထုတ်ယူခြင်းကို တားဆီးကာကွယ်၍ သစ်တောမပြုန်းတီးရေးနှင့် သစ်တောပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဘက်စုံထောင့်စုံမှ စနစ်တကျလုပ်ဆောင်လျက်ရှိသည်။

"ဗလကြီး…ပျင်းနေပြီလား…ရော့…ဆေးလိပ်သောက်ကွာ"

"မင်းတို့ သစ်ခုတ်တာကြည့်ပြီး…ပျော်စရာကောင်းပါတယ်"

"ဆင်သမားက ဆင်စီးသစ်ဆွဲရတာကွ…သစ်ခုတ်သမားက အားနဲ့ အင်နဲ့အသုံးချရတာ…ဘယ်ပျော်စရာရှိမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမလေး ကိုထွားမောင် ဆင်စီးတာလေး အရသာတာ မြင်တာကို ဦးနှောက်သုံးပြီး အသက်အန္တရာယ်နဲ့ ရင်းရတာကို တော့...မမြင်ဘူး"

"ဒါပေမယ့်... တို့သစ်ခုတ်သမားက ပိုပြီးအန္တရာယ်များ တယ်"

သစ်နှင့် ဆောက်ရာတွင် ကျေနပ်မှုမရခြင်းသည် သစ်ကို ခြောက်သွေ့အသားသေစေပြီးမှ သုံးခြင်းမဟုတ်သော ကြောင့်ဖြစ် သည်၊ မလိုလားအပ်သော သစ်ဖြစ်ပေါ်မှုသည် ခြောက်အောင်ထား ရန် ပျက်ကွက်ရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ရေငွေ့ပါဝင်မှုသည် ဆွေးမြည့်ယိုယွင်းခြင်းအတွက် အဓိကတာဝန်ရှိလေသည်။ ထိုမှ သာမက ပလာစတာအက်ခြင်း၊ လေမလုံခြင်း၊ စွဲမြဲထောက်ကန် ထားသော အစိတ်အပိုင်းများရုန်း၍ တုံ့ဆွဲခြင်း၊ ကြမ်းခင်းတုန်ခါခြင်း၊ ဆေးသားအလွှားလိုက်ကွာကျခြင်း၊ တံခါး ပြတင်းများလိမ်ခြင်း၊ ကပ်ခြင်း၊ ကျုံ့ခြင်းများကိုပါ ဖြစ်ပေါ်စေတတ်ပေသည်။ သစ်ကို သွေ့ခြောက်စေပြီးမှ သုံးစွဲဖို့အရေးကြီးသည်၊ ကျွန်းသစ် ထုတ်လုပ် ရန်ပြင်ဆင်သည့် အကြိုလုပ်ငန်းမှာ သင်းသတ်ခြင်းဖြစ်၏။

"စိန်ထွန်းနဲ့ လှကြိုင် သစ်တံဆိပ်ရိုက်ပြီးသားတွေကို သင်း သတ်ထားခဲ့ကြနော်"

"ရဲဒင်းနဲ့ ပုဆိန် အားမြင့်တို့စခန်းကျန်ရစ်ခဲ့ပြီ"

"ကုလားမနဲ့ပဲ လုပ်ပေါ့ကွာ...ရော့ ...ရဲဒင်းအသေးလေး ယူသွား... လှကြိုင်နေခဲ့...တို့နဲ့ လွှဆွဲရအုံးမယ်"

သင်းသတ်ခြင်းဆိုသည်မှာ မြေနှင့် အနီးကပ်ဆုံးရှိ ပင်စည် တစ်ဝိုက်တွင် အခေါက်မှ အသားမာတ်လွှာနှင့် အကာသားအထိ



ပြတ်၍ အနှစ်သား နှစ်လက်မပတ်လည် တစ်ဆက်တည်းပေါ် သည်အထိ ဓား၊ ကုလားမ၊ ရဲဒင်းများဖြင့် ထစ်ခြင်းကိုဆိုလိုသည်။ သစ်ကွက်လုပ်ငန်းဇယားအရ ထုတ်သုံးသစ်ပင်များကိုသာ သင်း သတ်ရပေသည်။ ထိုသို့ထစ်ခြင်းမပြုပါက ရှင်သန်မပျက်ကျွန်း သည် အသက်ရှင်လျက်ရှိသည်။ သင်းသတ်ပြီး ပင်လောင်းများကို တောထဲတွင် သုံးနှစ်ထား၍ ခြောက်သွေ့အသားသေစေရသည်။ တစ်ချိန်က သစ်ပါးလွှာရန် ကျွန်းခြောက်နှင့် မလုံလောက်သဖြင့် အရေးပေါ် ကျွန်းစိုဖြင့် ဖြည့်ဆည်းပေးရမည့် ကိစ္စတစ်ရပ်ပေါ် ပေါက် ခဲ့၏။ ဤတွင် ကျွန်းသင်းသတ်ခြင်းမှာ အကျိုးနည်းကြောင်း အယူ အဆတစ်ရပ် ပေါ် ပေါက်လာခဲ့လေသည်။ ကျွန်းသင်းသတ်ခြင်းဖြင့် ၂၀ ရာခိုင်နှုန်းမျှ သင်းကွင်းကြောင့်ဆုံးရှုံးရခြင်း၊ ကျွန်းအစိုအတိုင်း ခွဲစိတ်လျှင် ခွဲသားပိုထွက်နိုင်ခြင်း၊ သင်းသတ်လိုက်သည်နှင့် ဆက် လက်ထွားကြိုင်းခြင်း ရပ်တန့်သွားပြီး သုံးနှစ်စာ နှစ်ထိုးကုဗဆုံးရှုံး ရခြင်းများရှိသည်ဟု ဆိုကြ၏။ ကျွန်းစိုအတိုင်းခုတ်လှဲ၍ သစ်ပေါင်း ဖိုတွင် ခြောက်သွေ့အသားသေစေပြီးမှသုံးခြင်းသည် ကျွန်းပင် ခြောက်မှ ထုတ်လုပ်ခွဲစိတ်သုံးစွဲခြင်းထက် စရိတ်နည်းသည်ဟု ထင်မြင်ပုံကိုအကြောင်းပြလျက် သင်းသတ်ရန်မသင့်ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

လက်တွေ့စမ်းဆေးကြည့်သောအခါ သင်းသတ်ခြင်းကြောင့် ၁၁ ရာခိုင်နှုန်းမျှသာ လေလွင့်ရသည်ကိုတွေ့ကြရ၏။ ကျွန်းစို သစ်လုံးခွဲခြင်းသည် ကျွန်းခြောက်ခွဲခြင်းထက် ခွဲသားပိုထွက်နိုင် သည်ဆိုသော ယူဆချက်တွင်လည်း သစ်တစ်လုံးခွဲလျှင် ရောင်း တမ်းဝင်သမျှကိုသာ တွက်ချက်ရ၏။ သို့ဖြစ်၍ ကျွန်းစိုမှထွက်

www.burmeseclassic.com

www.burmeseclassic.com



သော ရောင်းတမ်းဝင်နိုင်သည့် ခွဲသားအညှာများကို ထည့်တွက်၍ မရနိုင်ပေ။ ပိုထွက်သည်ဟုလည်း ဆို၍မဖြစ်ပေ။ သုံးနှစ်ဆက် ထားပြီး ကုဗပမာဏတိုးလာသင့်စေသည်ဟု ဆိုရာတွင်လည်း ဩစတြေးလျနိုင်ငံတွင် ကျွန်းသစ်ကို သုတေသနပြုချက်အရ ကျွန်းပင်အရင့်လွန်လာလျှင် အူအနှစ်သားဆွေးထွက်ပြီး အခေါင်းပေါက်လာတတ်ကြောင်းသိရ၏။ ယင်းသို့ တန်ဖိုးယုတ်လျော့သွားရမည့်အစား ကျွန်းပင်များအချိန်သင့်လျှင် ခုတ်လှဲသုံးစွဲနိုင်ရေးစီစဉ်ခြင်းသည် အလျော်ကန်ဆုံးဖြစ်၏။

"စိန်ထွန်း...စိန်ထွန်း...နင်သင်းသတ်တာ ဟိုဆောင်ပုဒ်ကို သတိ ထားပြီးလုပ်နော်"

"ဘာဆောင်ပုဒ်လဲ ကိုထွားမောင်"

"ငါတောင်မေ့နေတယ်ဟာ...ဩော် "ခင်ကျော်ချောင်း ဖြတ်မပြုအပ်" ဆိုထားတယ်လေကွာ"

"ကျုပ်လဲ ကိုထွားမောင်ပြောတဲ့အတိုင်း လုပ်နေတာပါ"

သင်းသတ်ဆောင်ပုဒ်ကို လေးစားကြရ၏။ သစ်ခုတ်သမားတွင် သစ်ခုတ်စည်းကမ်းရှိသည်။ ကောတန်းကိုမကျော် ချောင်းမြောင်းကိုလည်း မဖြတ်ဘဲ တောင်စောင်းအတိုင်း သင်းသတ်သွားကြရ၏။ ကျော်ဖြတ်မိလျှင် မျက်စိလည်ထွက်သွားပြီး သင်းသတ်သင့်သောအပင်များ လစ်လပ်ကျန် ရစ်တတ်ပေသည်။ သင်းသတ်ပြီးသော ကျွန်းသစ်သည် ရေတွင်ပေါ်ခြင်း ကြောင့် ဖောင်တွဲဖွဲ့၍ သယ်ယူပို့ဆောင်နိုင်ကာ စရိတ်သက်သာစေ၏။ ဤအချက်သည် ကျွန်းလုပ်ငန်းတွင် စရိတ်များစွာသက်သာစေခြင်းဖြင့် အထောက်အကူများစွာပြုပေသည်။ သဘာဝနည်းဖြင့် တဖြည်းဖြည်း ခြောက်



သွေ့စေခြင်းကြောင့် အပေါ်ယံကွဲအက်ခြင်းမရှိဘဲ အတွင်းသားလည်း အသင့်အတင့်ခြောက်ပြီးဖြစ်၍ ခွဲသားကိုထပ်မံပြုပြင်ရန်မလိုတော့ဘဲ သစ်သုံးရမည့်နယ်ပယ်အသီးသီးတွင် တိုက်ရိုက်သုံးစွဲနိုင်ကြသည်။

"အေးမြင့်နဲ့ လှအောင် ဘာပြန်လာလုပ်တာလဲ"

"ဟ...ကိုထွေးမောင်ရ ထမင်းစားလာတာဗျ...လူဗျလူ...စက်တောင်မှ ဓာတ်ဆီစက်ဆီထည့်ရသေးရင်... လူဆိုတာတော့ ထမင်းစားရေသောက်ရအုံးမှာပေါ့"

"ဟာ တို့တွေအတော်ခရီးပေါက်ပြီပေါ့။ သစ်ဘယ်နှစ်ပင်ရခဲ့လဲ"

"လေးပင်ပဲ မနည်းကြီးလှဲခဲ့ရတာ ဟူး မောလိုက်တာ"

သင်းသတ်ပြီး စတုတ္ထမြောက်နှစ်တွင် သင်းသတ်ပင်များကို စတင် ခုတ်လှဲကြရသည်။ မိုးကျစတွင် ခုတ်လှဲရန် အကောင်းဆုံးဖြစ်၏။ ပျက်စီးခြင်းမှ ကာကွယ်ရန် ဝါးရုံပင်များပေါ်သို့ လှဲချကြရပေသည်။ ချောင်းပေါ် ကန့်လန့်ဖြတ်ကျအောင်၊ ကျောက်ဆောင်ကျောက်တုံးများအပေါ် လဲကျအောင်လှဲပြီး သစ်ပင်ပေါ်တင်အောင် မခုတ်လှဲရပေ။ ပင်စည်တစ်ခုလုံး မြေပေါ်သို့ တစ်ချိန်တည်း အညီအမျှလဲကျအောင်လှဲကြရ၏။ အထူးသဖြင့် မတ်စောက်ကမ်းပါးယံများတွင် သစ်ပင်ကိုအပေါ်ဘက်သို့လဲအောင်လှန်၍လှဲလျှင် အရင်းပိုင်းခုန်၍သော်လည်းကောင်း၊ ထိပ်ဖျားလည်း ကျ၍လည်းကောင်း၊ သစ်ခုတ်သူကို ထိခိုက်စေတတ်သဖြင့် သစ်ပင်ကို ထောင်လှန်၍ မလှဲရချေ။ မတ်စောက်သော တောင်ကမ်းပါးယံတွင် သစ်ပင်လှဲခြင်းသည် အန္တရာယ်ရန်စွယ်များလှ၏။ လှဲချရာတွင် မြေပေါ်

www.burmeseclassic.com



အတားအဆီးများမရှိပါက အကောင်းဆုံးလဲကျစေမည့်ဘက်ဖြစ်သောကြောင့် မြေနိမ့်အောက် ဆင်ခြေလျှောအလိုက် တစ်ဖက်စိမှ ဒီဂရီ ၃၀ အနေအထားကျအောင် လှဲရပေသည်။ ထို့ပြင် အလေအလွင့်များစေကာမူ သစ်ခုတ်သမားများအား ပုဆိန်ကိုသုံးစေရ၏ ဓားသည် ခုတ်ဓားချက်တွင် ပုဆိန်ထက်နည်းပြီး၊ လွှသည် သစ်အလေအလွင့် အနည်းဆုံးနှင့် အကောင်းဆုံးဖြစ်သည်။

"ကိုထွားမောင် စိန်ထွန်းတစ်ယောက်မမြင်ပါလား"

"သစ်သင်းသတ်ဖို့ လွှတ်လိုက်တယ်"

"စိန်ထွန်းက လွှဆွဲသာမဖြစ်တာ...သစ်ခုတ်တာကတော့ ကျွမ်းကျင်တယ်မျို့"

ကျွန်းပင်များကို ခုတ်လှဲရာတွင် ကျန်ခဲ့မည့်ငုတ်၏ မျက်နှာပြင်မှာ စားပွဲကဲ့သို့ တစ်ပြန့်တည်းကျန်ရစ်စေရမည်။ ငုတ်စားပွဲလှဲနည်းကို သုံးရ၏။ ငုတ်တွင် ကုလားထိုင်ကဲ့သို့ နှစ်ဆင့်ကျန်စေမည့် ငုတ်ကုလားထိုင်လှဲနည်းကိုလည်းသုံး၏။ လှဲရင်း အခန့်မသင့်၍ အခြားအပေါ်တင်သွားလျှင် "သူ ကောင်ထင်" ဟုဆိုကြ၏။ လဲကျသည့်သစ်ကိုင်းများ မြေကြီးကိုထောက်၍ ပြန်ရိုက်သောအရှိန်ကို "လင်းတပျံ" ဟုခေါ်၏။ ရိုက်မိလျှင် အဆင်မသင့်က သေနိုင်လောက်အောင်ပြင်းထန်သည်။ ခုတ်လှဲပြီးသော ကိုင်းလွတ်ပင်စည်ကိုပြစ်ချက်တွက်၍ဖြတ်သင့်သောနေရာတွင် မှတ်၍ ဖြတ် ပိုင်းပေးရပေသည်။ ပင်စည်သည် လုံးဝန်းပြေပြစ်ခြင်း မရှိတတ်ပေ။ ပြစ်ချက်အနာအဆာများတတ်ရာ သစ်ကောက်ခြင်း၊ လုံးပတ်ဖြောင့်ခြင်း၊ အပြင်တိုးလျှိုး၊ ခေါက်ဝင်ရေစီးကြောင်း



ပုံဆိုးပုံပျက်၊ အမျက်အနာစသည်များကင်းလွတ်၍ အလျားအရှည်ဆုံး လုံးပတ်အကြီးဆုံးရနိုင်ရန် ရှေ့ရှုဖြတ်ပိုင်းကြရသည်။

"ဝုန်း...ဂျိုင်း...ဂျွမ်း"

"ဟူး...မောလိုက်တာ...အသက်ရလာတော့ သစ်ခုတ်သမားလဲ သိသာလာတာပဲ"

"ဗလကြီး...ဆင်သွားကောက်တော့...ပြန်ကြမယ်"

"ကိုထွားမောင်တို့ သစ်ခုတ်သမားလဲ... အသက်ရင်း အလုပ်လုပ်ရတာပဲနော်"

"ဆင်သမားနဲ့ သစ်ခုတ်သမားဟာ ဘဝတူတူပါကွ"

"ဒါပေမယ့်...ဆင်သမားတွေက ပိုပြီးပင်ပန်းပါတယ်ဗျာ"

"ဟုတ်တယ်...တို့ဒီသစ်တစ်ကြောပြီးရင် မင်းတို့ဆင်သမားတွေ... သစ်တောထဲ သစ်ဝင်ဆွဲလို့ရပြီပေါ့"

ကျွန်းငုတ်မှ သစ်မျောချောင်းအထိ ဆင်လိမ္မာစွမ်းအားကို အဓိကထား၍ လုပ်ဆောင်ကြရသည်။ သစ်ခုတ်ခြင်းပြီးသောအခါတွင် ဆင်၏လုပ်အားသည် သစ်ထုတ်လုပ်ရာတွင် အဓိကကျလှသည်။ သစ်နှင့်ဆင်သည် မြန်မာ့သစ်လုပ်ငန်းတွင် ဒွန်တွဲလျက်ရှိသည်။ ငုတ်ထုတ်ခြင်းမှာ ဆင်နှင့်ဆွဲထုတ်ကြရသည်။ ငုတ်ထုတ်လုပ်ငန်းကို ငုတ်ရင်းမှ တိုင်းဆိပ်သို့၊ တိုင်းဆိပ်မှ အပ်ဆိပ်သို့ဟူ၍ နှစ်ဆင့်ကို ဆင်နှင့်ဆွဲ၍ ပို့အပ်ရသည်။ ယခုအခါ သစ်လုပ်ငန်းများတွင် ဌာနပိုင်ဆင်ကောင်ရေ ၃၀၀၀ ကျော်ခန့် နှင့် ပုဂ္ဂလိကပိုင်ဆင် ၂၀၀၀ ကျော်ခန့်ထား၍ စုစုပေါင်း ဆင် ၅၀၀၀ ကျော် နှင့် လုပ်ငန်းဆောင်ရွက်ရသည်။

www.burmeseclassic.com



"ဗလကြီး...ဒီသစ်လုံးက တို့ဆင်မနိုင်ဘူးဟ... နင့်ဆင်ပြောင်ကြီးနဲ့မှ ဆွဲနိုင်မှာ"

"ရပါတယ်...ဆင်ပြောင်ကြီးက သစ်မဆွဲရရင် မနေတတ်ဘူးကွ... ဒီဆင်ပြောင်ကြီးက ဒီသစ်လုံးကြီးကြီးမှကြိုက်တာ"

မြန်မာနိုင်ငံ သစ်ထုတ်လုပ်ရေးတွင် ဆင်သည်အဓိက လုပ်ဆောင်နေရသည်။ သစ်တောများကို ခုတ်ထွင်ခြင်းလုပ်ငန်းများတွင် မြန်မာနိုင်ငံ ၏ ရေမြေတောတောင် သဘာဝအရ ဆင်များနှင့်သာ လုပ်ဆောင်ပါမှ ပြီးမြောက်နိုင်သည်။ အဖိုးတန်သစ်များမှာ မတ်စောက်သော တောင်စောင်းများ၊ ချောက်ကမ်းပါးထိပ်များ၊ လျှိုမြောင်များ၊ ကျောက်ဆောင်၊ ချောက်ကမ်းပါးနှင့် ပြည့်နှက်နေ သည့် ခင်တန်းများထဲတွင် ပေါက်ရောက်လေ့ရှိရာ စက်ယန္တရားများ မတတ်ရောက်နိုင်သဖြင့် သစ်ပင်ငုတ်ရင်းမှသစ်ကို ခြေခင်းလက်ခင်းသာကာ သွားလာကောင်းမည့် မြေညီမြေပြန့်ချောင်းစပ်မြစ်ဆိပ်သို့သယ်ရန် ဆင်နှင့်သာ အသုံးပြုကြရသည်။

"ဖေ့အယ်ဆင်မက...ဒီသစ်ကို အောင်းချမှရမှာဗျ"

"သစ်လုံးက...ဆင်ခြေလျှောကြီးမှာ ဖြစ်နေတယ်... နှာမောင်းနဲ့အသာပွေ့ခိုင်း အောင်းလိုက်မှ လျှော့ဆင်းသွားမှာ"

"ဟုတ်တယ်...သားဗလကြီး သစ်ဆွဲလမ်းမရှိဘဲ ချောက်ထဲကျနေတာ ဆင်ခြေလျှောပေါ် တင်မှ ဖြစ်မယ်"

အချို့နိုင်ငံများကဲ့သို့ မြန်မာနိုင်ငံတွင် ကောင်းကင်ကြိုးဖြင့် သစ် ထုတ်လုပ်ရန် ကြံရွယ်ခဲ့ဖူးသည်။ သို့သော် ရေမြေတောတောင် သဘာဝ ချင်းမတူပေ။ အခြားနိုင်ငံများတွင် ရှက်ပြတ်တော ရှက်



ကြွေတောတို့တွင် ပေါက်ရောက်သည်။ သစ်အမျိုးအစားများ တူညီကြ၏။ တစ်ကွင်းတစ်စပ်တည်း ပေါက်ရောက်ကြသည်။ ယင်းတို့ကို အပြောင်လှဲစနစ်ဖြင့် သစ်အားလုံးကို ခုတ်ယူကြသည်။ အရေးပါသော နေရာသုံးနေရာရွေးချယ်၍ ဝါယာကြိုးများဖြင့်သွယ်၍ ကောင်းကင်ကြိုးများစိုက်ထူကာ ထိန်းစင်မှထိန်းပြီး တောင်အောက်သို့ချပေးခြင်း နည်းစနစ်ဖြစ်သည်။

မြန်မာ့သစ်တော၏ သဘာဝပေါက်ပင်များမှာ သီးသန့်မပေါက်ရောက်ပေ။ သစ်မျိုးပေါင်းများစွာ ပေါက်ရောက်သည့် ရှက်ပြတ်ရောနှောတောများသာဖြစ်၍ ရွေးချယ်ထုတ်လုပ်သည့်နည်းစနစ်ကိုအသုံးပြု၍ သစ်ထုတ်လုပ်ရသည်။ သစ်ငုတ်ထုငါ်ရန် ၄၅ ဒီဂရီမျှ စောင်းသည့်တောင်စောင်း၊ ချောက်ကြားများသို့ စက်ယန္တရားများတင်ရန် မလွယ်ကူသောကြောင့် သစ်လုပ်ငန်းတွင် ဆင်တို့အခန်းကဏ္ဍကို အားထားနေရခြင်းပင်ဖြစ်သည်။ အကယ်၍ ထရက်တာတစ်စင်းသည် ၄၅ ဒီဂရီ မတ်စောက်သော တောင်ကြောပေါ်သို့ တက်နိုင်သည်ဆိုဦး၊ တောင်ကြောမကြီးနှစ်ခုကြား ချောက် ကျန်ချောင်းဦးတိုများတွင်း ကျရောက်လျက်ရှိသော သစ်တုံးကို ကြောမကြီးပေါ်သို့အရောက် ဆွဲတင်ရန်ခဲယဉ်းလှသည်။ ကျွန်းသစ်သည် ချောက်ကြိုချောက်ကြား၊ ရေတံခွန်ထိပ်များတွင် ပေါက်ရောက်တတ်ရာ လှဲချလိုက်သည့်သစ်ပင်ကို ရေတံခွန်ထိပ်သို့ ဝန်ချီကြိုးဖြင့် ဆွဲယူရန်မဖြစ်ပေ၊ ထိုအခါ ရေတံခွန်ထိပ်တွင် ငြိတင်နေသည့်သစ်ကို ဆင်နှင့်အောင်း၍တွန်းချခြင်းဖြင့်သာ လုပ်ဆောင်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပီဟ...ဖေ့သား ဆင်ပြောင်ကြီး...နှာမောင်းလေးနဲ့ လိမ်ပြီး သစ်ကိုဆွဲထုတ်လိုက်...ဟုတ်ပြီ...ဟုတ်ပြီ...ကြွလာပြီ"

"သားဗလကြီး သိပ်အတင့်မရဲနဲ့...ရေတံခွန်ချောက်ထဲ ဆင်ရောလူပါ ကျသွားနိုင်တယ်"

"ရပါတယ်ဖေ့အယ်...ဒီဆင်ပြောင်ကြီး...ဒီလိုနေရာတွေကို ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်နေပြီဗျ"

"ငါ့ဆင်မလာပြီး အောက်ကလျှောမကျအောင် တောင်းခံပေးရမလား ခဏလေးစောင့်နေ"

"ဆင်ပြောင်ကြီး ဆွဲယူလိုက်လေ...ဘာလို့ပြန်ချလိုက်တာလဲကွ"

"ဗလကြီး...ဆင်ပြောင်ကြီးဆွဲခိုင်းလို့ရပြီ...ငါ့ဆင်မ...သစ်ကို အောက်ကပွေ့တင်ပေးနေတယ်"

ဆင်ဖြင့် သစ်ထုတ်လုပ်ရာတွင် ငုတ်ရင်းနေရာမှ တိုင်းဆိပ်သို့ စုပုံထားရသည်။ တိုင်းဆိပ်ဆိုသည်မှာ သစ်များကို ပေရှည်လုံးပတ်များ တိုင်းထွာရေတွက် လက်ခံရာဌာနဖြစ်သည်။ တိုင်းဆိပ်မှ အပ်ဆိပ်သို့ ဆင်ဖြင့်လည်းကောင်း၊ ကျွဲဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်း ပို့ထားရပါသည်။ အပ်ဆိပ်မှ ရေလမ်းဖြစ်သော မျှောဆိပ်သို့ ထပ်မံပို့ဆောင်ရသည်။ သစ်လုံးကို အိပ်ဆိပ်သို့မရောက်သရွေ့ လုပ်သားဆင်ကြီးများ၏ အလုပ်အခန်းကဏ္ဍတာဝန်တစ်ရပ်ပင် ဖြစ်ပါတော့၏။ သစ်ထုတ်လုပ်ငန်းဆောင် ရွက်ရမည့်နေရာသည် လွယ်ကူချောမွေ့သော ပန်းမွေ့ရာ ရွှေကော်ဇော ခင်းထားသည့်လမ်းမဟုတ်ပါ။ ဆူး၊ ခြောင့်၊ ခလုတ်ကန်သင်း၊ ချောက်ကမ်းပါးများအထိ ပြည့်နှက်နေသဖြင့် ဆင်တိုင်းလုပ်ဆောင်ရန် မဖြစ်



နိုင်ပေ။ လေ့ကျင့်ပြီး လက်ရွေးစင်ဆင်ကြီးများထဲမှ အသင့်တော်ဆုံး လုပ်သားဆင်နှင့် လုပ်ကိုင်ဆောင်ရွက်ရသည်။ ထိုသို့စွန့်စွန့်စားစား လုပ်ဆောင်ရမည့်အခါတိုင်း ဗလကြီးနှင့် ဆင်ပြောင်ကြီးတို့၏ လုပ်အားချွေးပွင့်တွေက နိုင်ငံအတွက် လူမျိုးအတွက် ပေးဆပ်ခဲ့သည်။ ဗလကြီးနှင့် ဆင်ပြောင်ကြီးတို့ ချွေးထွက်များခဲ့ကြသဖြင့် သွေးထွက်နည်းခဲ့ကြရသည်။

"ဟေ့...ဆင်ပြောင်ကြီး...ဆွဲထား...ဆွဲထား"

"ဝူး...ဝူး...ဝူး"

"ဟုတ်ပြီကွ...သစ်တုံးကြီးကြွလာပြီ...ကားလာပြီ"

"ဝူး...ဝူး...ဝူး"

ဗလကြီးသည် ဆင်သမားမျိုးရိုးဖြစ်သဖြင့် ဆင်စရိုက်ဆင်မလေ့ကို သိနေသည်။ ယခုလည်း ဆင်ပြောင်ကြီးအားဖြင့် သစ်လုံးကြီးသည် ရေတံခွန်ချောက်ကြီးထဲသို့ လျှောခနဲထိုးဆင်းသွားတော့သည်။ အောက်ဘက်မှ ဆင်ငယ်ဖြင့် အသာအယာဆွဲယူယုံသာရှိတော့သည်။

ဆင်ကျင့်စအရွယ် ၅ နှစ်မှ ၂၀ နှစ်အတွင်း အရွယ်မရောက်သေးဟု သတ်မှတ်၍ အသက် ၂၀ နှစ်မှစ၍ အသက် ၄၀ နှစ်အထိ၊ ဝန်တင်သစ်ဆွဲလုပ်ငန်းခွင်တွင် အသုံးပြုလာကြရသည်။ ဆင်တစ်ကောင်သည် အသွားနှုန်း တစ်နာရီလျှင် ၁၅ မိုင်မှ ၃၀ မိုင်အထိ သွားလာနိုင်သည်။ မြန်မာ့ဆင်သည် တစ်နာရီလျှင် ၁၅ မိုင် ၁၆ မိုင်ခန့် သွားနိုင်သည်။ ရေကူးလျှင် တစ် နာရီ ၄ မိုင်မှ ၆ မိုင်နှုန်း ကူးနိုင်သည်။ ရေထဲတွင် ခြေထောက်မြေမထိဘဲ ၆ နာရီကြာအောင်မျှ နေနိုင်စွမ်းရှိသည်။ ဆင်သည် မတ်စောက်သော ဆင်ခြေလျှောများ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် တောင်စောင်းတောင်ကုန်းများကို အလွယ်တကူပြုလုပ်နိုင်သည်။ တောင်စွယ်လမ်းကျဉ်းကလေးများကိုပင် သွားလာနိုင်သည်။ ဆင်ရိုင်းအုပ်မည်မျှပင်များပြားပါစေ ဆင်ခြေရာမှာ တစ်ကောင်နှင့် တစ်ကောင်ထပ်နင်း၍ တစ်ခုတည်းသာတွေ့နိုင်ပါသည်။ ဆင်ပြေးခြင်းမှာ အခြားတိရစ္ဆာန်များကဲ့သို့ ခြေလေးဘက်စုံကြွကဆုန်ချ၍ မပြေးပေ။ သာမန်ခြေလှမ်းကိုနှုန်းမြင့်၍ ပြေးခြင်းသာ လှမ်းခြင်းသာဖြစ်သည်။ ဆင်လိုက်ခံရသော လူတစ်ယောက်သည် ကိုက် ၁၀၀ ကို ၁၀ စက္ကန့်နှုန်းပြေးနိုင်သည်ထားဦး။ တစ်နာရီဆက်တိုက် ၂၂.၄ မိုင်နှုန်း ပြေးလွှားသွားရန် မလွယ်ကူပေ။ ကိုက် ၂၀၀ ခန့်သာ အရှိန်အဟုန်နှင့် ပြေးသွားပေမည်။ ဆင်မှာမူ ကိုက် ၅၀ မှ ကိုက်နှုန်း အရှိန်အဟုန်မမြင့်နိုင်သော်လည်း မှန်မှန်ခြေမကျဘဲ ၁၀ စက္ကန့်လျှင် ကိုက် ၅၀ နှုန်းလိုက်ခြင်းဖြင့် ရေရှည်တွင် ဆင်ဘေးမှ ပြေးလွတ်နိုင်ဖို့ရာ မလွယ်ကူပေ။

ဆင်အရပ် ၈ ပေ အထက်မြင့်သည့် ဆင်ကြီးတစ်ကောင်သည် တစ်နေ့လျှင်အစာစိမ်း ၆၅၀ ပေါင်၊ အစာခြောက် ၃၃၀ ပေါင် စားပါသည်၊ ဆင်လတ် တစ်နေ့အစာခြောက် ၃၀၀ ပေါင်၊ အစာစိမ်း ၅၇၅ ပေါင်နှင့် ၇ ပေအောက်နိမ့်သော ဆင်ငယ်သည် တစ်နေ့ အစာစိမ်း ၅၀၀ ပေါင်နှင့် အစာခြောက် ၂၅၀ ပေါင်စားပါသည်။ အစာခြောက်တွင် စပါးနှင့်သစ်သီးများထည့်၍ ကျွေးရသည်။ ဆင်သည် ငါးနှစ်ခန့်အထိ နို့စို့သည်။ ဆင်သည် ရေကိုတစ်နေ့ နှစ်ကြိမ် နံနက်နှင့် ညနေသောက်သည်။ တစ်ကြိမ်သောက်လျှင် ရေ ၁၅ ဂါလန်မှ ၂၀ ဂါလန်အထိသောက်သည်။ ဆင်မှာ နေ့တစ်ဝက် ကို အစားအစာ စားချိန်အဖြစ်ယူတတ်သည်။



သစ်လုပ်ငန်း ဆင် တစ်ကောင်သည် တစ်နေ့အလုပ်ချိန် ၈ နာရီ၊ အိပ်ချိန် ၄ နာရီ၊ အစာ စားချိန် ၁၂ နာရီ ဖြစ်သည်။

ဗလကြီးတို့ဆင်ဝိုင်းသည် သစ်ထုတ်လုပ်မှုတွင် ဆင်အတန်းအစားကို ခွဲခြားထားသည်။ ပထမတန်းစားဆင်သည် သစ်နှစ်တန်ကျော်ဆွဲနိုင်သည့်ဆင် ဖြစ်သည်။ ဒုတိယတန်းစားဆင်သည် သစ်တစ်တန်မှ နှစ်တန်အထိဆွဲနိုင်သော ဆင်ဖြစ်သည်။ တတိယတန်းစားဆင်သည် သစ်တစ်တန်အထိ ဆွဲနိုင်သောဆင်ဖြစ်၏။ စတုတ္ထတန်းစားဆင်သည် ဆင်သစ်ဆွဲရာတွင် ညံ့သောဆင်များဖြစ်၏။ ပဉ္စမတန်းစားဆင်မှာ အလုပ်သင်ဆင်ကျဗ်ပြီးစ ဆင်ဖြစ်သည်။ ဆင်ကို အတန်းအစားအပြင် ဆင်တစ်ကောင်၏ တိုးတက်မှုအခြေအနေဖြင့် ခွဲခြားသတ်မှတ်ထားပြန်၏။ တိုးတက်ရန် ရှိသောဆင်များမှာ အသက်အရွယ်ရသောဆင်ဖြစ်သည်။ အသက်ငယ်သေးသော်လည်းဆင်၏စွမ်းအင်သည် အသက်ကြီးလာလေလေ ထက်မြက်လာလေလေဖြစ်သည်။ နောက်ဆုံးတွင် ပထမတန်းစားဆင်မျိုးဖြစ်လာလေတော့၏။ တက်ခြင်းနှင့် ကျခြင်း၊ မြင့်ခြင်းနှင့် နိမ့်ခြင်း၊ ရှုံးခြင်းနှင့်နိုင်ခြင်းတို့မှာ ဘဝ၏လောကဓမ္မတာပင်ဖြစ်တော့၏။ သုခရှိလျှင် ဒုက္ခရှိမည်သာ။ နပျိုလျှင် အိုမင်းရင့်ရော်ရမည်။ မွေးဖွားလာလျှင် သေရမည်။ ဤကဲ့သို့ပင် တိုးတက်ရန်မရှိသောဆင်များကို အသက်အရွယ်အားဖြင့် မွန်းတိမ်းပြီးဖြစ်သောဆင်အိုများဖြစ်သည်။ ဆင်အိုကြီးတို့၏ စွမ်းရည်မှာ တိုးတက်မှုမရှိဘဲ တဖြည်းဖြည်းဆုတ်လျော့ရန်သာရှိတော့သည်။ အချို့ဆင်များမှာ အသက်ပင် ငယ်သော်လည်း ကျန်းမာရေးချို့တဲ့ခြင်း၊ သက်လုံတွဲ၍ အလုပ်လုပ်ရာတွင် အမောမခံနိုင်ခြင်း၊ ခရီးတာရှည်မသွားနိုင်ဘဲ ခြေလေး

www.burmeseclassic.com



လံလာသည်။ ခြေကျသောဆင်အလုပ်ကို စွန့်စွန့်စားစား မလုပ်လိုတဲ့ သတ္တိကြောင်ပျင်းရှိသောဆင်များ၊ အသားအရေခြောက်၍ မျက်စိ ခြေလက်အင်္ဂါချို့တဲ့သည့်ဆင်များမှာ တိုးတက်မှု မရှိတော့သော ဆင်နာဆင်အိုကြီးများပင်ဖြစ်တော့၏။

ဆင်အိုရုံစခန်းမှာ တောတွင်းပျော် သစ်ထုတ်လုပ်သားကြီး များ၏ အပန်းဖြေရပ်တနည်း နားနေရာစခန်းသာပင်ဖြစ်၏။ အသက် ငါးနှစ်သားအရွယ်မှစ၍ ကျူးသွင်းမှိန်းသင်၍ ဆင်ပေါက်ငယ် ကလေးများကို လေ့ကျင့်ခဲ့ရသည်။ ငယ်စဉ်အခါကျင့်စတွင် ဝန်တင် သည်။ ကြီးလာလျှင် သစ်ဆွဲရသည်။ တောကြီးမျက်မည်းမှာ မိုးထဲ ရေထဲ အားကြီးမာန်တက် သစ်ဆွဲရမည်။ နိုင်ငံအကျိုးကို သယ်ပိုး ခဲ့ကြရသည်။ အသက် ၆၀ ကျော်အရွယ်ရောက်လျှင် အနားပေးရ သည်။ ဆင်အိုရုံ ဆင်နာရုံစခန်းသို့ ပို့ကြရသည်။ ဗလကြီးတို့ ဆင်ရိုင်းစခန်းမှ အောင်မြ၏ ဆင်မကြီးမတိုးသည် အို၍နာ၍ နေပြီ။ ဆင်မကြီးမတိုးကို ဗလကြီး ဆင်ပြောင်ကြီးနှင့် မှီတွဲ၍ အောင်မြတို့ ဆင်အိုရုံစခန်းသို့ လှမ်းလာခဲ့သည်။ တစ်ညအိပ်၍ တစ်ရက်ခရီးဆက်ခဲ့ကြ သည်။

ဆင်အိုရုံစခန်းမှာ ဘဝနေဝင်ချိန် ဆင်အိုကြီးများရှိသည်။ အသက်ကြီး၍ သစ်မဆွဲရတော့။ ဆင်အိုရုံစခန်းဝန်းကျင် တောရိပ် တောင်ရိပ်မှာ တအိအိတရွေ့ရွေ့သွားလာရင်း ဝါးရွက်နုနုကိုစား နိုင်သည်။ စခန်းရောက်လျှင် စပါးကိုစားကြရသည်။ စမ်းရေချိုး လိုက် နေပူစာလှုံလိုက် လေညှင်းခံလိုက်နှင့် ငြိမ်းချမ်းလှသည်။ ဗလကြီးတို့ဆင်အဖွဲ့မှာ ဆင်မ မတိုးကို တောင်ပေါ်တောထဲမှ ဆင်အိုရုံစခန်းသို့ပို့ရန် တာဝန်ကျလာသည်။ သစ်ထုတ်လုပ်ရေးမှ



သစ်အုပ်ကြီးဦးကောင်းလှက ခရီးလမ်းပန်းလုံခြုံရေး အတွက် တာဝန်ယူလိုက်ပို့ပေးသည်။ ခင်သာရွာတွင် တစ်ညအိပ်ရပြန် သည်။ ခင်သာရွာမြောက်ဘက် ခြောက်မိုင်ကျော်ကျော်လောက် ဆင်နှင့် သွားရပေဦးမည်။ နေခြည်အကြွတွင် ဗလကြီးတို့အဖွဲ့သည် ဆင်ကိုယ်စီနှင့် ဆင်မကြီးမတိုးကို တွဲခေါ် ခဲ့ကြရ၏။ သဲဖြူချောင်း အတိုင်း ဆန်လာခဲ့ကြရသည်။ နွေရာသီရောက်ပြီဖြစ်၍ သဲဖြူ ချောင်းမှ စမ်းရေကြည်ကြည်များသာဖြာ၍ စီးဆင်းနေ၏။ ကျောက် တုံးကျောက်ခဲများကြားတွင် သွားကြရ၏။ အချို့နေရာမှာ သဲဖြူ လွှလွှပေါ် လျှောက်ရသည်။ အချို့နေရာများတွင် စမ်းရေကိုဖြတ် သွားကြရသည်။ ချောင်းဘေးဝဲယာမှာ သစ်ပင်မြင့်မြင့်မားမားကြီး များကို တွေ့ရသည်။ နွေဦးမို့ အင်ကြင်းပန်းများပွင့်စ ပြုနေပြီ။ အင်ကြင်းပန်းရနံ့ကြိုင်၍ လှိုင်နေ၏။ သင်းပျံ့ပျံ့ လှိုင်လှိုင်ကလေး လေပြည်ထဲတွင် လွင့်မျောနေသည်။ မကြာမီ ပိတောက်မွှေဝါတို့ ပင်လုံး ဝေဖြာတော့မည်။ ပွင့်ဖူးကြတော့မည်။ တပို့တွဲလက ပွင့်ခဲ့ သော ပေါက်ပွင့်ကျန်များလည်းရှိနေသေးသည်။ နွေဦးမို့ အချို့ အပင်များရော်ရွက်ကြွေ၍ ရွက်သစ်ဝေနေကြပြီ။ ၎တောတောင် ဝန်းကျင်တစ်ခုလုံး နုတ်ပန်းပန်းချီ ဆေးစုံခြယ်သလို ရှုမောဖွယ် လှပနေသည်။

"ဝုတ်...ဝုတ်...ဝုတ်...ဝုတ်"

ခွေးဟောင်သံကြားကတည်းက ဆင်အိုရုံနားရောက်ပြီဟု ဗလကြီး သိလိုက်သည်။ အမြီးတဖွားဖွား အရပ်အမောင်း ကောင်းကောင်း ခွေးတစ်ကောင်က ဆီးဟောင်လိုက်သည်။ သခင်က အသံပေးလိုက်မှ ငြိမ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဝေလကြီး...ညော်သည်တွေ...မဟောင်နဲ့ကွ"

ခွေးအမည်မှာ "ဝေလ" ဖြစ်သည်။ ဗလကြီး ဆင်မကြီး မတိုး ကို စခန်းရောက်လျှင် ရောက်ချင်း ဆင်ဆရာဝန်ဦးအောင်သန်းနှင့် ဘဝတူ ဆင်သမားကြီးများထံ အပ်နှံလိုက်သည်။ အောင်မြက မှတ်ပုံတင်စာရင်းတွင် ရေးသွင်းလက်မှတ်ထိုးရသည်။ ဗလကြီးကို ဆွေသဟာ မိတ်ဟောင်း ဆင်သမားများက နွေးထွေးစွာ ဆီးကြိုကြ သည်။ ဆင်အိုရုံစခန်းက အေးချမ်းသာယာလှသည်။ ပုံတောင်ပုံညာ တောင်တန်းကြီး မြောက်ဖျားဆီမှ ချောင်းဖျားခံကာ သဲဖြူချောင်း၏ ချောင်းညာဖျားတွင် တည်ရှိသည်။ သဲဖြူချောင်းသည် မြွေကြီး တစ်ကောင်လို တွန့်လိမ်စီးဆင်းနေသည်။ ရေနီးစခန်းသာ လမ်း သင့်သဖြင့် ဆင်အိုရုံစခန်းကို ၁၉၇၀ ပြည့်နှစ်က တည်ထောင်ခဲ့ သည်။ ဆင်အိုဆင်နာများကို ဆေးကုရာပြုစုရာဌာနကြီးဖြစ်သည်။ တစ်ချို့ကလည်း ဆင်သချိုင်းစခန်းဟု ခေါ်ကြသည်။ စခန်းအထက် နားတွင် ရေတံခွန်တွေက ဖွေးဖွေးလွလွ စီးကျနေပြန်သည်။ ပုံတောင်ပုံညာ ဆင်ရိုင်းစခန်းအားလုံးအတွက် ဆင်ဆေးရုံကြီးလည်း မည်ပါပေ၏။ စခန်းကို စနစ်တကျ ပြုပြင်ထားသည်။ ပတ်လည်မှာ ငှက်ပျောပင်များ အကွက်ချစိုက်ပျိုးထားသည်။ ပဲပင်များရှိသည်။ ပြောင်းဖူးပင်များရှိသည်။ ပန်းပင်များရှိသည်။ ကွင်းအလယ်တွင် ဆင်အိုရုံစခန်းကို ဆောက်လုပ်ထားသည်။ တောင်ပေါ်ဒေသ အိမ် ပုံစံမျိုးဖြစ်သည်။ ရှေ့ဝရန်တာ ဘေးဝရန်တာများ တည်ဆောက် ထား၏။ ဘုရားခန်းရှိသည်။ ဆင်ဆရာဝန် အိပ်ခန်းရှိသည်။ ညော်သည်များအိပ်ခန်းရှိသည်။ ရုံးလုပ်ငန်းနှင့် ညော်ခန်းကိုတွဲလျက် အလယ်မှာရှိသည်။ မီးဖိုချောင်နှင့် တစ်ဆက်တည်း ဖြစ်သည်။



အောက်ထပ်တွင် ကြက်များမွေးထားသည်။ ကြက်အကောင် ၅၀၀ ကျော်ခန့်ရှိသည်။ တောစပ်တစ်ခုမှာ လွှတ်လွှတ်လပ်လပ် လွှတ်မွေး ထားသည်။ မြန်မာတိုက်ကြက်မျိုးများဖြစ်သည်။ ညအိပ်တန်း ဝင်ချိန်ရောက်မှ ခြံတွင်းဝင်အိပ်တန်းတက်လေ့ရှိသည်။ ဗလကြီး နှင့် အောင်မြတို့သည် မိုးချုပ်နေပြီဖြစ်၍ ဆင်အိုရုံစခန်းတွင် တစ်ည တာ နားခဲ့ကြသည်။

ဗလကြီး ဆင်အိုရုံစခန်းရောက်တုန်းရောက်ခိုက် လေ့လာ မှတ်သားခဲ့ရသည်။ ဆင်အိုရုံစခန်းသို့ ဇီးရင့်သောဆင်မများလည်း ရောက်လာကြရသည်။ ဆင်ဆရာဝန်နှင့် အမှုထမ်းများက လိုအပ် သောဂရုစိုက်မှု ပြုလုပ်ပေးရသည်။ ဆင်အိုဆင်နာ မီးဖွားရာအရပ် ဖြစ်နေတော့၏။ လိုအပ်သော ဆေးများထိုးပေးရသည်။ ဆင်မများ မီးဖွားချိန်တွင် အနားပေးထားရသည်။ ဆင်မွေးချိန်၌ ကျား အန္တရာယ်လည်းရှိတတ်သေးသည်။ ဆင်မများမွေးပြီး အချင်းမကျ ၍ အခက်ကြုံရသည်များလည်းရှိသည်။ အချို့ဆင်များမှာ မီးနေစောင့်အတွဲ ဆင်မများပါလာတတ်သည်။ ဆင်သည် ဟိရိ ဩတပ္ပ တရားရှိသောသတ္တဝါဖြစ်၏။ မိမိနှစ်သက်မြတ်နိုးသော ဆင်ထီးနှင့်သာ တွဲသည်။ တောရိုင်းမြိုင်ခြေတွင် မောင်ကားလက် ယာ မယ်ကားလက်ဝဲ အမြဲမခွဲမခွာသွားလာနေထိုင်လေ့ရှိကြ သည်။ ဆင်တို့မှာ တစ်လင်တစ်မယားစနစ်ဖြစ်သည်။ ထိုဆင်ထီး နှင့် ဟွဲနေချိန်တွင် အခြားဆင်ထီးနှင့်တွဲရိုးထုံးစံမရှိပေ။ ဆင်ရိုင်း အပြောင်းအရွှေ့၊ တောတောင်အပြောင်းအရွှေ့ မလွှဲမရှောင်သာ ကြုံလာ၍ ပြောင်းရွှေ့ခွဲခွာရမှသာလျှင် နောက်ထပ်ဆင်ထီးနှင့် တွဲလေ့ရှိသည်။ ဆင်မတစ်ကောင်အဖို့ ကိုယ်ဝန်ဆောင်ရာ၌ ၁၈

www.burmeseclassic.com

www.burmeseclassic.com



လမှ ၂၂ လအထိ ရှိတတ်သည်။ ဆင်မများလောကတွင် လင်ယူ၍မှာ ကြောက်နေသော ဆင်မအပျိုကြီးများလည်းရှိသည်။ ကလေးမရသော ဆင်မအမြှုံများလည်းရှိသည်။ ဆင်ဆရာဝန်သည် ဆင်အိုရုံစခန်းတွင် နေ့ညမဟူ တာဝန်ယူကုသပေးရသည်။ အရေးပေါ်ကြုံလျှင် ဆင်ဝိုင်းစခန်းများသို့ လိုက်လံကုသမှုပြုရသည်။

ထိုဆင်အိုရုံစခန်း၌ ဆင်ဆေးရုံတက်မွေးဖွားပြီးသော ဆင်မအကောင် ၂၀ ကျော်သွားပြီဖြစ်သည်။ "ရှင်မွေးလွှန်း" ဆိုသော ဆင်မကြီး မှာ ထူးခြား၏။ သူ့အမည်ရင်းမှာ "ဖွားအောင်" ဖြစ်၏။ အသက် ၅၄ နှစ်တွင် သားလေးမွေးသည်။ ဆင်မကြီးများမှာ လူကဲ့သို့ ၄၅ နှစ်တွင် အမွေး ရပ်တတ်၏။ သို့သော် "ဖွားအောင်" ဆင်မကြီးကတော့ ၅၄ နှစ်ကျော်မှ ကံပေါ်နေပြန်တော့သည်။

ညအခါတွင် လရောင်အောက်တွင် ဆင်အိုရုံစခန်းက ကျက်သရေရှိလှ၏။ ဗလကြီးတို့ ဆင်သမားတစ်စု လသာကြမ်းပြင်၌ လက်ဖက်ရည် ကြမ်းသောက်ရင်း ဆွေးနွေးရသည်မှာ အရသာရှိလှသည်။ ကြက်ဥကြော်၊ ငါးခြောက်ကြော်၊ ဆတ်သားခြောက်ဖုတ်နှင့် အမြည်းစုံလင်လှသည်။ ဆင်သမားကြီးများနှင့် ဗလကြီးတို့အဖွဲ့ ကုန်ထုတ်လုပ်မှုတိုးတက်ရေးကို ဆွေး နွေးကြသည်။ ဆင်သမားများ သက်သာချောင်ချိရေး၊ ဆေးဝါးရရှိရေး၊ လူသုံး ပစ္စည်းများ ရရှိရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ပုံတောင်ပုံညာတစ် ကြောတွင် လူကို မြွေကိုက်လျှင် မသေဟုဆိုသည်။ ဆင်ကို မြွေကိုက်လျှင် သေတတ်သည်။ မြွေကိုက်လျှင် ပူလွန်း၍လားမသိ ရေစပ်၌ သေနေတတ်ကြသည်။

နောက်တစ်နေ့တွင် ဆင်အိုရုံစခန်းမှ ဗလကြီးတို့အဖွဲ့ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။ ဆင်များစီး၍ ခင်သာရွာ



ချောင်းကို ဖြတ်လာခဲ့ကြပြန်ပြီ။ ဗလကြီးအတွေးသည် ဆင်စီးရင်း အတွေးနယ်ချဲ့နေ၏။ နာမကျန်းဖြစ်သောဆင်များ ဤဆင်စခန်းသို့ လာကြရသည်။ ဆင်လာလျှင် သခင်ပါ ပါလာကြရတော့၏။ ဆရာဝန်ကလိုအပ်သလို ဆေးကုသည်။ ဆင်ကို ဆေးထိုးရသည်မှာ မလွယ်ကူချေ။ တစ်ခါဆေးထိုးလျှင် လူထိုးသော ပင်နယ်စလင်အလုံး ၅၀ လောက်ကို အရည်ဖျော်၍ တစ်ကြိမ်ထဲထိုးသွင်းရသည်။ အချို့ဆင်များက ဆေးထိုးခံ၏။ အချို့ဆင်များက ဆေးထိုးခံရမည်ကို အလွန်ကြောက်ကြသည်။ အချို့ဆင်များဆိုလျှင် ဆင်ပေါ် သို့ "က" ကိုတင်ကာ "က" ပေါ် သို့တက်၍ တစ်ဦးက ခြေထောက်ကို ဆွဲကာ ဆင်ဆရာဝန်က ဖောက်ထိုးလိုက်ပါ၍ ဆေးထိုးရသည်လည်းရှိ၏။ ခွဲစိတ်ဖို့လိုလာလျှင် အားကောင်းသော သစ်ပင်ကြီး အခြေသို့ ဦးတိုက်၍ သုံးထောင့် ချွန်ပုံရိုက်ထားသော သစ်တိုင်ကြီးများဖြင့် ဆောက်ထားသည့် ကျုံးမှာသွင်း၍ ဆင်ကိုခွဲစိတ်ကုသကြရသည်။ ဤစခန်းကို ဆင်တို့၏ နေဝင်ချိန်ခိုနားရာအရပ်ဖြစ်သည်။ ဆင်နာများသာမက ဆင်အိုရုံစခန်းသည် ပင်စင်အငြိမ်းစားဆင်အိုကြီးများ အပန်းဖြေရာစခန်းသာလည်းဖြစ်တော့သည်။

& & & & &

www.burmeseclassic.com

www.burmeseclassic.com

# ဆင်ဆိုသည်မှာ မဂ်လာ

ဆင်ကို မျက်မမြင်လူသား ခြောက်ဦးက အမျိုးမျိုးအနက် အဓိပ္ပာယ်ဖွင့် ဆိုခဲ့ကြပါသည်။ ဆင်၏နှာမောင်းကို စမ်းမိသူက ဆင်သည် မြွေနှင့်တူသည်။ ဆင်၏အစွယ်ကို စမ်းမိသူက ဆင်သည် လှံနှင့်တူသည်။ ဆင်၏နားရွက်ကို စမ်းမိသူက ဆင်သည် ယပ်တောင်နှင့်တူသည်။ ဆင်၏ခန္ဓာကိုယ်ကြီးကို စမ်းမိသူက ဆင်သည် နံရံကြီးတစ်ခုနှင့်တူသည်။ ဆင်၏ခြေနှင့်လက်ကို စမ်းမိသူက ဆင်သည်ကျွန်းတိုင်ကြီးနှင့်တူသည်။ ဆင်၏ အမြီးကို စမ်းမိသူက ဆင်သည်ကြိုးနှင့်တူသည်။ ဆင်၏ပုံသဏ္ဌာန်ကို မိမိတို့တွေ့ရှိသလို ပြောဆိုကြသည်။ သတ်မှတ်ပုံပြ မှတ်ချက်ချကြသည်။ အာဂမျက်မမြင် လူသားများဟူ၍ ဗလကြီးမြင်မိသည်။ ထင်မိသည်။ တွေးမိသည်။ ဗလကြီး၏ ဆင်ဆိုသည်မှာကား...။

ဗလကြီးသည် သစ်တောကြီးထဲတွင် မွေးဖွားခဲ့ရသည်။ တောတောင်တို့သည် သူ၏ကစားဖော်ဖြစ်သည်။ စမ်းချောင်းရေတွင် ဗလကြီးအပန်းဖြေစခန်းအဖြစ်အသုံးချခဲ့ရသည်။ သူ့ဘဝတွင် အမေခေါ်စရာမရှိခဲ့ပေ။ သူ့ကိုမွေးပြီးချင်းတွင် အမေလူလောကကြီးထဲက ပျောက်ဆုံးသွားခဲ့သည်။ ဗလကြီးကို လူလောကကြီးထဲတွင် တစ်ယောက်ထဲထား၍ ဗလကြီးအမေ မရဏသေမင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်။ ကံကောင်းသဖြင့် ဖခင်ဦးဉာဏကြီးနှင့် ဗလကြီးလူလောကဝဲထဲတွင် နှစ်ယောက်ထဲကျန်ရစ်ခဲ့သည်။ ဗလကြီးသည် ဖခင်ဦးဉာဏကြီးကို



အဖေလည်းအဖေ အမေလည်းအမေဖြစ်၍ နေခဲ့ရသည်။ ဦးဉာဏကြီးမှာ ငယ်ရွယ်စဉ်ကလေးဘဝမှအစပြု၍ ကျွေးမွေးလာခဲ့ရာ ဗလကြီးသည် ဆင်ပြောင်ကြီးကိုပင် စီးနင်းနိုင်ခဲ့ပြီဖြစ်၏။

"ဟေ့...ဗလကြီး...ဗလကြီး...ထတော့လေကွာ...ဒီနေ့ တောတက်သွားရမယ် မဟုတ်လား"

"အေး...အေး...ထပါပြီကွယ်...ညက ခေါင်းမီးဖိုဝိုင်းမှာ စကား ကောင်းသွားလို့ညနက်သွားတာနဲ့ အိပ်ပျော်သွားတာပဲကွာ"

"ဒီကနေ့...အေးမြ ခင်တန်းကိုသစ်သွားချရမယ်မဟုတ်လား... တို့လိုက်ခဲ့မယ်"

ဗလကြီးအိပ်ရာမှထသည်၊ မျက်နှာသစ်သည်။ မနက်ခင်း အလှသည် တောရိပ်တောင်ရိပ်တို့ကြောင့် သဘာဝအလှကို မတွေ့မမြင်ရသေးချေ။ မှောင်ရီမည်းလျက်အရုပ်တိုင်းခွင်ကို ဖုံးလွှမ်းထား နေဆဲဖြစ်သည်။ ခုံးမျက်စသုံးရက်လလေးမှာ ပုံတောင်ပုံညာ တောင်ထိပ်ဖျားတွင် ချမ်းလွန်း၍ကွေးနေရှာတော့၏။

"ဖေ့အယ်...ဖေ့အယ်...ချွန်းနဲ့ ဓားဘယ်နားထားလိုက်လဲဗျ"

"သားဗလကြီး...တဲခေါင်မိုးမှာ ထိုးချိတ်ထားလိုက်တယ်ကွ...သားဗလကြီး တောတက်ရင်းနဲ့ ဆင်ပြောင်ကြီးကိုပါ ကောက်လာခဲ့နော်... ဖေ့အယ်ဒီနေ့မအားဘူးဟေ့"

"ဟုတ်ကဲ့...ဖေ့အယ်...ကျုပ်သွားမယ်"

"အေး...အေး...ကောင်းကောင်းသွားဟေ့...သားဗလကြီး"

ဗလကြီး ဆင်ဝိုင်းတဲတန်းဆီက ဖယ်ခွာလာခဲ့သည်။ ဆင်တွေအကြောင်း ဗလကြီးတွေးကြည့်မိသည်။ ဆင်သည် ဗလကြီးနှင့် ငယ်ပေါင်းကြီးဖက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလန်း

www.burmeseclassic.com

www.burmeseclassic.com



သစ်တော၊ အထက်ရွက်ပြတ်ရောနှောသော သစ်တော၊ အင်တိုင်းတောညီ့၊ အင်တိုင်းတော စသည်ဖြင့်ရှိကြသည်။ ကြီးဝိုင်း၊ ကြီးပြင်ပေါက်ရောက်သည့် သစ်မျိုးများမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သကန်း၊ သက်တူ၊ ထောက်ကြံ့၊ သစ်ရာ၊ အင်ကြင်း၊ ကညင်၊ ယင်းမား၊ ရင်းတိုက်၊ ဒီဒူး၊ လက်ပံ၊ နှော၊ ဘင်္ဂ၊ ယမနေ၊ လယ်ဇေ၊ ဓောင်း၊ ပင်လွှေး၊ ရုံး သစ်ကတိုး၊ သဒီ၊ သစ်ဆိမ့်၊ ပျဉ်းကတိုးတို့ကို တွေ့ရပေမည်။ ပေါက်ရောက်သော ဝါးမျိုးများမှာ ဝါးဘိုးကြီးဝါး၊ ဝါးဘိုး ဖြက်ကျယ်ဝါး၊ ကြသောင်းဝါး၊ တင်းဝါး၊ မျှင်ဝါး၊ သိုက်ဝါး၊ ဝါးနွယ်၊ ဝါးယားတို့ကို တွေ့ရသည်။

မြန်မာ့သစ်တောများ အစဉ်စိမ်းလန်းစိုပြည်နေစေရန် သစ်တော ရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက စနစ်တကျ ထိန်းသိမ်းလျက်ရှိသည်။ သစ်တောများမှ သစ်ထုတ်လုပ်ခြင်း လုပ်ငန်းကိုလည်း မြန်မာ့ရွေးချယ်ခုတ်လှဲရေးစနစ်ဖြင့် ကျင့်သုံးလျက်ရှိသည်။ မြန်မာ့ရွေးချယ်ခုတ်လှဲရေးစနစ်မှာ ခုတ်လှဲထုတ်ယူရန် အချိန်သင့်အရွယ်ရောက်သော အပင်များကို ရွေးချယ်စိစစ် ခုတ်လှဲထုတ်ယူပြီး နောင်အနာဂတ် တောထွက်အတွက် ကျန်ရှိနေသော အပင်များကို တိုင်းတာစာရင်းကောက်ယူပါသည်။ နှစ်စဉ် ပျမ်းမျှထုတ်ယူရမည်ကို တွက်ချက်စိစစ်ပြဋ္ဌာန်းပြီး ဆောင်ရွက်သည်။ ခုတ်ပတ်အနှစ် ၃၀ သတ်မှတ်ပြီး၊ အလှည့်ကျခုတ်လှဲ ထုတ်ယူခြင်းဖြစ်သည်။ အပြောင်ရှင်းစနစ်ကို လုံးဝမကျင့်သုံးတော့ပေ။ မြန်မာ့ခုတ်လှဲထုတ်ယူမှုစနစ်ကိုလည်း၊ ကမ္ဘာ့သစ်တော ပညာရှင်များက အသိအမှတ်ပြုထားသည်။



ကျွန်းပင်သည် မြန်မာတို့၏ ရတနာတစ်ပါးဖြစ်သည်။ ကျွန်းသစ်တော်ဝင်ကို နိုင်ငံခြားပို့ကုန်အဖြစ် တင်သွင်းရသည်။ ကျွန်းသစ်ကို ဆင်နှင့်ဆွဲယူရသည်။ တောတောင်လျှိုမြောင်အကြားမှ ကျွန်းသစ်ကိုထုတ်ယူရာတွင် ဆင်လုပ်သားကို အသုံးပြု ကြရသည်။ ဆင်တစ်ကောင်ကို ထိန်းသိမ်းစောင့်ရှောက်အလုပ်စေခိုင်းရန် အတွက် ဆင်ဦးစီး၊ ဆင်သမားတစ်ယောက်နှင့် လုံလောက်သည် ဟု ယေဘုယျအားဖြင့် လက်ခံထားကြသည်။ ဆင်ဆိုးဖြစ်ပါက လုံကိုင်ပဲ့ချိတ်တစ်ယောက် အပိုထားရသည်။ အလွန် ဆိုးသော ဆင်ဖြစ်၍လူသတ်လျှင် လုံကိုင်ပဲ့ချိတ်နှစ်ယောက် ထားရှိရပေသည်။ သစ်ထုတ်ရေးနယ်တွင် လုပ်ငန်းလုပ်ကွက်ကို တွက်ချင့်၍ ဆင်ဦးရေ ၁၀၀ ကောင်အထိ အနည်းအများထားရှိရသည်။ သစ်ထုတ်လုပ်ရေး နယ်တစ်နယ်သတ်မှတ်ရခြင်းမှာ တစ်ဆက်တစ်စပ်တည်း သစ်ထုတ်လုပ်မှုသစ်ကွင်းပင်ဖြစ်သည်။ ဆင်များကို ဆင်ခုနစ်ကောင်လျှင် ဆင်ဝိုင်းတစ်ဝိုင်းကျဖွဲ့စည်း၍ ထားရှိသည်။ ဆင်ခုနစ်ကောင်တစ်ဝိုင်းလျှင် ဆင်ခေါင်းတစ်ဦး၊ ဆင်ခေါင်းအား ကူညီရန် ခေါင်းခွဲတစ်ဦး၊ ဆင်ဦးစီးခုနစ်ဦး ပဲ့ချိတ်ဆင်ဦးရေ ထက်ဝက်သုံးဦး ဆင်စခန်းတွင်အထွေထွေလုပ်ရန် စာပို့ပဲ့ချိတ် နှစ်ဦး၊ ထမင်းအိုးသူကြီးတစ်ဦး စသည်ဖြင့်ခန့်ထားရပေရာ ပုံမှန်အားဖြင့် ဆင်ဝိုင်းတစ်ဝိုင်းတွင် ဆင်လုပ်သား ၁၆ ယောက်မှ ၁၈ ယောက်ခန့် ထားရသည်။ ဆင်အကောင် ၅၀ ဆင်ဝိုင်းငါးဝိုင်းလျှင် ဆင်အုပ် တစ်ယောက် ခန့်အပ်သည်။ ဆင်အုပ်များအထက်တွင် သစ်ထုတ်လုပ်ရေး လက်ထောက်မန်နေဂျာတစ်ဦးဖြင့် အုပ်ချုပ်သည်။ ဆင်အုပ်၊ ဆင်အုပ်ကြီးတို့မှာ ယခုအခါတွင် တိရစ္ဆာန်ဆေးကု လက်ထောက်ဆရာဝန်ကို တွဲဖက်ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗလကြီး...မင့်ဆင်ပြောင်ကြီး နေကောင်းရဲ့လားကွ"

"ဆင်ပြောင်ကြီးက နေကောင်းတယ်...မုန်ကျနေတာက ဆိုးတယ်... ဘမောင်ရဲ့ဆင်မကတော့ အစာမစားပဲငိုင်နေတယ်တဲ့"

"ဟုတ်လား...ဆင်ဆရာဝန်ပါလာတယ်ဟေ့"

ဆင်အုပ်၏တာဝန်မှာ ဆင်ဝိုင်းများကိုလှည့်လည်၍ စစ်ဆေးရသည်။ ဆင်ကျန်းမာရေးအတွက် ဆင်ခေါင်း၊ ဆင်ဦးစီးများကို ဆင်ကျွေးရန်အစာနှင့် ဆေးဝါးများညွှန်ကြားရသည်။ ဆင်ဦးစီးမှ တက်လာသော ဆင်ခေါင်း၊ ဆင်အုပ်မဟုတ်ဘဲ တိရစ္ဆာန်ဆေးကု ဆရာဝန်မှဖြစ်သော ဆင်အုပ်ဆိုပါက မိမိကိုယ်တိုင်ဆင်ကို ဆေးကုပေးရသည်။ သစ်ဆွဲရာတွင်လည်း စီမံခန့်ခွဲမှုတာဝန်ကို ဆင်အုပ်ကရုံဖန်ရံခါ တွဲဖက်တာဝန်ယူရသည်။ ဆင်ခေါင်း၏ တာဝန်မှာ မိမိကအပ်နှင်းထားသော အကွက်မှရည်မှန်းထားသည့် သစ်ထုတ်နိုင်ရေးအတွက် ဆင်နှင့် ဆင်သမားများကို ကြီးကြပ်ကွပ်ကဲခိုင်းစေရသည်။ ထို့ပြင် ဆင်နှင့်ဆင်လုပ်သားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝကို မိမိအထက်လူကြီးများထံ တင်ပြဖြေရှင်းရသည်။

ဆင်ခေါင်းခွဲ၏တာဝန်မှာ ဆင်ခေါင်းကဲ့သို့ပင်ဖြစ်သည်။ ဆင်ခေါင်း ၏ လက်ထောက်ပင်ဖြစ်ရာ ဆင်ခေါင်းမရှိလျှင် ဆင်ခေါင်း၏တာဝန်ကို ယူရသည်။ ဆင်ဦးစီးမှာ ဆင်ဝိုင်းတွင် အလွန်အရေးပါသော ဆင်လုပ်သားပင်ဖြစ်သည်။ ကျွန်းသစ်များ ထုတ်လုပ်နိုင်ရေးအတွက် ၎င်းတို့အပေါ် မူတည်သကဲ့သို့ ဆင်၏ ကျန်းမာရေး အစားအသောက် အခြေအနေများ ကောင်းမွန်အောင် ဆောင်ရွက်ရာမှာလည်း ၎င်း၏တာဝန်ပင်ဖြစ်သည်။ ဆင်အတွက်



လိုအပ်သည့် ကကြိုးတန်ဆာပလာ၊ သစ်ဆွဲကရိယာများ ပြည့်စုံစွာ ရရှိရေး၊ ထိန်းသိမ်းရေးကိုလည်း လုံးလုံးတာဝန်ယူသည်။ ဆင်ဦးစီးသည် ဆင်ဝိုင်းတွင် အရေးပါလှသူဖြစ်၍ ၎င်း၏အကျင့်စရိုက် နေထိုင်သွားလာမှုကိုလည်း စည်းကမ်းသတ်မှတ်ထားရှိရသည်။

"သားဗလကြီး...အိပ်ရာဝင်ခါနီး ဘုရားတရားသံဃာကို ရှိခိုးပြီး...မေတ္တာပို့အမျှဝေပြီးအိပ်ရတယ်ကွ... အဖေငယ်ငယ်လေးထဲက...သင်ပြလာခဲ့တာမေ့ပြီလား"

"ဖေ့အယ်ရေ...ဒီနေ့ သစ်စခန်းသစ်ချရတာ...ခြေကုန်လက်ပန်းကျလာလို့...အိပ်ရာထဲဝင်အိပ်လိုက်တာပါ...အခုထပြီးတော့ ရှိခိုးလိုက်ပါမယ်"

"အေးကွယ်..သာဓု...သာဓု...သာဓု...ငါ့သားဗလကြီး ဘုန်းကြီးပါစေ...သက်ရှည်ပါစေကွယ်"

ဆင်စခန်း၌ နေစဉ်သူများသားမယားကို မကျူးလွန်ရ။ သူများပစ္စည်းကို မခိုးယူရ။ ဆင်ဦးစီးတစ်ယောက် မိန်းမယူပြီဆိုလျှင် အားလုံးကိုသတိပေး၍ ဥတိန္နနတ်ကိုပြရသည်။ ဆင်ဦးစီးသည် ဆင်နှင့်ပတ်သက်၍ စွယ်စုံပညာရှင်ဖြစ်သည်။ ဆင်ကို ကျွမ်းကျင်နိုင်နင်းအောင် ထိန်းချုပ်နိုင်သော ပညာပြည့်ဝရသည့်အပြင် ဆင်၏ အထာကိုလည်း ကျေညက်ရသည်။ မိမိဆင်၏ စိတ်နေစိတ်ထား၊ အချော့ကြိုက်၊အမြှောက်ကြိုက်၊အငေါက်ကြိုက်၊ နှစ်သက်သည့်အစာ၊ ရေချိုးသောအလေ့အကျင့်၊ ထူးခြားချက်ရာတွင် ဘယ်ဝင်ညာဝင်၊ မိမိစကားလုံးအဓိပ္ပာယ်ကို ဘယ်လောက်အထိနားလည်နေသည်။

"မြမောင်... မနေ့က ... ဟိုနေ့တုန်းကပေါ့ ထူးခြားကြီး ဖြတ်ထားတာ... တွေ့ရတာယ်နော်...သတိထားအုံးဟေ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ…ဟဲ…ငါ့ဆင်မကောင်းကြောင်းပဲ ပြောနေ…ကိုယ်လူ ရော့… ရော့…ဟိုနေက ဆင်ပြောင်ကြီးရဲ့ ဆင်ခလောက်ဖြုတ်ချ ရစ်ထားတာတွေ့လို့ …တို့ယူလာတယ်"

"အေး…ဒီလိုလဲ အတုံ့အလှည့်ရှိအုံးမှပေါ့"

မိမိဆင်၏ ခြေရာနောက်ခွာသီး၊ ရှေ့ခွာသီးကို မှတ်မိရသည်။ ဆင်သည်အစာကို ချိုးစားရာ၌ မစားလိုသောအပိုင်းကို ထူးလမ်း၏ အယ်ဘက်သို့ ပစ်တတ်သလား ညာဘက်သို့ ပစ်တတ်သလား ဆိုသည့် အမူအကျင့်ကို သိရမည်။ ဆင်ချေးတုံးကိုကြည့်၍ ညက စားသွားသော ဆင်စာသည် မည်သည့်အစာဖြစ်၍ မိုးလင်းပိုင်းတွင် ဆင်မည်သည့်အစာ တောတွင်ရှိမည်ကို ခန့်မှန်းတတ်ရသည်။ တောတောင်အတွင်း ကျူတော၊ ဝါးတော၊ စိမ့်စမ်းနေရာကိုလည်း သိရသည်။ မိမိဆင်၏ ခလောက်သံကိုလည်း မှတ်မိအောင် နားထောင်တတ်ရသည်။ ဆင်ကောက်ရာတွင် သားရဲတိရစ္ဆာန်များ နှင့် ရင်ဆိုင်ကာကွယ်ခုခံနိုင်ရသည်။ ဆင်ကောက်ရာတွင်လည်း မိမိဆင်ဟူ၍ အရမ်းမဝင်ရ။ ဆင်၏ ပြောင်းလဲနေသော တောစိတ်ဝင်မှု၊ မုန်ကျမှု၊ ရိုင်းပျမှုတို့ကို လေ့လာစူးစမ်းပြီးမှ အသံပေး၍ ဆင်ထံပါးသို့ သွားတတ်သော အကျင့်မျိုးရှိရသည်။

"ဟိုက်…ဆင်ပြောင်ကြီး…ဆင်ပြောင်ကြီး…စုတ် စုတ်"

"ဝူး…ဝူး…ဝူး…ဝူး"

"အေး…ဆင်ပြောင်ကြီး…ငါဟာ မင့်သခင်ဗလကြီးနော်"

"ဝူး…ဝူး…ဝူး…ဝူး"

"ငြိမ်ငြိမ်နေကွ…ထူးကွင်းချထားပါ"



ဗလကြီး ဆင်ပြောင်ကြီးသွားကောက်တိုင်း အသံပေးရသည်။ အရှင်နှင့်သခင်သိအောင် လုပ်ပေးရသည်။ သို့မှသာ ဆင်နှင့်သခင်မျက်မှန်းတန်းမိမည်။ ဆင်ဦးစီးကောင်း တစ်ယောက်သည် ကျောင်းတော်ကြီးမှ နှုတ်တက်အာဂုံပို့ချလိုက်သည့် ပညာရပ်ကို သင်ကြားခဲ့ရသည်မဟုတ်ပေ။ ဘဝတက္ကသိုလ်တွင် သင်ဆရာ၊ မြင်ဆရာတို့၏ ပညာပေးမှုကိုဆည်းပူးကာ မိမိ၏ထိုးထွင်းဉာဏ် ပညာဝီရိယ၊ ဇွဲလုံ့လတို့ဖြင့် ဆင်ဦးစီးကောင်းတစ်ယောက် ဖြစ်ရတော့၏။

ဆင်တစ်ကောင်ကို လုပ်ငန်းခွင်တွင် အသက်နှင့်ရင်း၍ ခိုင်းစေရသလို လုပ်ငန်းခွင်မှအနားပေး၍ စားကျက်သို့စေလွှတ်လိုက်သောဆင်ကို ကောက်ရန်အတွက်လည်း ဆင်ဦးစီးသည် တောကြီးမျက်မည်းထဲသို့ လေးမိုင်၊ ငါးမိုင်ခန့်လိုက်သွားရသည်။ ထိုအခါ ကျားရဲသစ်ရဲ တောဆင်ရိုင်းတို့၏ အန္တရာယ်အသွယ်သွယ်နှင့် ကြုံတွေ့ရင်ဆိုင်ရတတ်ပါသည်။ ဆင်ဦးစီးဘဝ ဆင်သမားတို့သည် အသက်နှင့်ရင်း၍ လုပ်ငန်းခွင်သို့ဝင်နေရသည်။ ခက်ထန်ကြမ်းတမ်းသော အသက်မွေးမှုဘဝတစ်ခုဖြစ်သည်။ ယောကျ်ားဖောင်စီး မိန်းမမီးနေဟူသော စကားကဲ့သို့ ဆင်နှင့်ပတ်သက် သော ဆင်ဦးစီး၊ ပဲ့ချိတ်၊ လှံကိုင်၊ ဆင်လုပ်သားတို့သည် အမြဲလိုလိုသချိုင်းကို မျက်စောင်းထိုးလျှက်ရှိသည်။ ရှေးပညာရှင်များက သမုဒ္ဒရာ မြစ်ပြင်ကျယ်တွင် လှေငယ်တစ်စင်းဖြင့် သွားလာကူးခတ်သူ၊ မြေကြီးထဲ၌ဆင်း၍ နက်စွာသော တွင်းတူးသူ၊ သစ်ပင်ခေါင်ဖျား ထန်းတက်သူ၊ မင်း၏အပါးခစားနေသည့် မင်းမှုထမ်း၊ ကိုယ်ဝန်ဆောင်နေသူမိန်းမနှင့် ဆင်လုပ်သားတို့သည် သေမင်းနှင့်စစ်ခင်း

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်၍ မိမိကိုယ်မိမိမပိုင်သောဘဝသခ်ါရကို ပြဆိုကြပါသည်။

ယနေ့သစ်လုပ်ငန်းဌာနတွင် ဆင်ဦးစီးအားပေးထားသော လစာမှာ အနိမ့်ဆုံးဝန်ထမ်းလစာဖြစ်သည်။ ဆောင်ရွက်ရသည်က တောကြီးမျက်မည်း သစ်ထုတ်လုပ်ရေးစခန်းတွင် ဆင်နှင့်အတူ နှစ်ပတ်လည်နေရသည်။ မြို့ပြ၏အငွေ့အသက်ကို မခံစားနိုင်။ တောနက်၍ တောသဘာဝအန္တရာယ် ငှက်ဖျားရောဂါကို ကာကွယ်ရန်အတွက် အရက်ဘိန်းကို မကင်းနိုင်ကြပေ။ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ဖြစ်ပေါ်နေကြသည်။ သို့ဖြစ်ရာ လူမှုရေးနိမ့်ကျသော ဆင်သမားဗလကြီးတို့၏ အခြေအနေကို ဘဝမြှင့်တင်ပေးရန် စဉ်းစားဆောင်ရွက်သင့်ပါသည်။

ခေတ်အဆက်ဆက် အစိုးရများကလည်း ဆင်ဦးစီးများကို မမြှောက်စားခဲ့ပေ။ ဝန်ထမ်းချင်းချင်းအတူတူ ဆင်သမားဘဝသည် သေရည်သေရက်နှင့် မကင်းနိုင်သော ဘဝဖြစ်ခဲ့ရသည်။ ဘဝနွံနစ်ခဲ့မှုကြောင့် စံပြလုပ်သား ဝန်ထမ်းကောင်းဆုတို့ကိုလည်း ဆင်သမားလောကတွင် တစ်ခါတစ်သက် တစ်ကိုယ်ရွေးချယ်ခြင်း လုံးဝမခံခဲ့ကြရပေ။ နိုင်ငံပိုင် သစ်ထုတ်လုပ်ရေးဌာနတွင် ဆင်ဦးစီး ဆင်သမားဘဝ အလုပ်ထက်သာ၍ ကောင်းသောအခြားလုပ်ငန်းခွင်သို့ ပြောင်းရွှေ့လုပ်ကိုင်နေကြခြင်းကြောင့်ဖြစ်သည်။ ဆင်သမား ဘဝတွင် ခွင့်ရက်၊ နားရက်မရှိ လစာကနည်းသည်။ ဆင်ဝန်ထမ်းချင်း အတူတူ သစ်ထုတ်လုပ်ငန်းဌာနချင်းအတူတူ လစာကောင်း



ခွင့်ရက်နားရက်ရှိသော ယန္တရားဘက်သို့ဆင်သမားများ ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြတော့သည်။

ပဲ့ချိတ်လုံ့ကိုင်တို့မှာလည်း ဆင်သမားဦးစီးနီးပါးမျှ ပညာကျွမ်းကျင်ရသည်။ ပဲ့ချိတ်မှာ ဆင်ဦးစီးလက်ထောက် ဖြစ်သည်။ တစ်နေ့နေ့တစ်ချိန်ချိန် လုံ့ကိုင်နှင့်ပဲ့ချိတ်တို့သည် ဆင်သမားဦးစီးကောင်းများ ဖြစ်လာကြရပေမည်။ ဆင်လုပ်သား ဆင်သမားတို့၏ဘဝမှာ လွမ်းမောဖွယ်ရာများဖြစ်သည်။ ပဲ့ချိတ်နှင့် လုံ့ကိုင်တို့မှာ ဆင်ဦးစီး ဆင်သမားတို့ကဲ့သို့ပင် ဆင်အန္တရာယ်ရှိ၍ အသက်အန္တရာယ်နီးလှပါပေသည်။ ဗလကြီးသည် ဆင်ပြောင်ကြီးကို တောစပ်တွင်ထူးခတ်ကာ ဆင်ရိုင်းစခန်းသို့ပြန်လာခဲ့သည်။ သဲဖြူချောင်းတွင် ရေချိုးကာ ဗလကြီးနှင့်သူ့ဖခင်ဦးညာဏတို့ နတ်နိမ္မာန်တဲကလေးသို့ ရောက်လာသည်။ ဖခင်ဦးညာဏကြီး ချက်ထားသော ထမင်းနှင့်ဟင်းကိုခူးခပ်ကာ သားအဖနှစ်ဦးစားလိုက်ကြသည်။ လုပ်ငန်းခွင်တွင် မောကလည်းမော၊ ဆာကလည်းဆာနှင့် ထမင်းစားကောင်းလှ၏။ ဆူးပုပ်ရွက်ဟင်းချိုကလည်း ပူပူလောင်လောင်နှင့် ချိုလှသည်။ ကင်ပွန်းရွက်စပ်စပ်က ခံတွင်း မြိန်လှ၏။ လယ်ဟင်းခါးကန့်တရာအတို့အမြှုပ်ကလည်း ကောင်း၏။ ရှမ်းငရုတ်သီးခြောက်ထပ်ကာဝါးလိုက်ပြန်တော့ ထမင်းအိုးတစ်လုံး ပြောင်တလင်းခါသွားတော့၏။ နေဝင်လာသဖြင့် မီးခွက်ကလေးကို ထွန်းလိုက်သည်။ ဗလကြီးတို့ ဆင်ရိုင်းစခန်းလေးသည် မီးကလေးမှိတ်တုတ်နှင့် လှသထက်လှနေ၏။ သားအဖနှစ်ယောက် ထမင်းစားပြီးရေချမ်းအိုးထဲက ရေအေးအေးလေး သောက်လိုက်ကြသည်။ ဗလကြီးက တဲပေါ်က အိပ်ရာထဲပစ်လှဲချလိုက်သည်။ ဦးညာဏကြီးကတော့

www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆေးပေါ့လိပ်ကြီးကိုဖွာ၍ဖွာ၍ မီးခိုးများအကြားဝယ် အတွေး ကြွယ်နေသည်။

"ဖေ့အယ်...ဟိုနေ့ညက ဆောင်းမီးဖိုဝိုင်းမှာ...ဘကြီး သောင်းက ဆင်ဖြူတော်အကြောင်းပြောပြတယ်ဗျ... ဆင်ဖြူ တော်ဆိုတာ...တကယ်ရှိသလား"

"သားဗလကြီးရဲ့ ဒုက္ခရှိရင်...သုခရှိမယ်...ဆင်မည်းရှိရင်လဲ ဆင်ဖြူဆိုတာလဲ ရှိမှာပေါ့ကွာ...ဆင်ဖြူတော်...ဆင်ဖြူတော်"

ဦးဉာဏကြီး ခေါင်းထဲက အတွေးစများတွင် ဆင်ဖြူတော် အကြောင်း ရစ်ပတ်ဖွဲ့နှောင်လာတော့သည်။ ဆင်ဖြူတော်ဆိုင်ရာ ယုံကြည်မှုသည် ဗုဒ္ဓပုံရိပ်နှင့်အတူ မြန်မာတို့၏ မိရိုးဖလာ ယဉ်ကျေးမှုဖြစ်လာသည်။ ဗုဒ္ဓမြတ်စွာအလောင်းတော် သိဒ္ဓတ္ထ မင်းသားသည် မယ်တော်မာယာဝမ်း၌ ဆင်ဖြူတော်ဝင်သည်ဟူ သော အိမ်မက်ဖြင့် ပဋိသန္ဓေယူခဲ့သည်ကို အကြောင်းပြု၍ ဆင် ဖြူတော်ကို ဗောဓိသတ္တဘုရားလောင်းအဖြစ် လက်ခံယုံကြည်ခဲ့ ကြသည်။ ဗုဒ္ဓ၏ဘဝဖြစ်စဉ်ပါရမီဖြည့်ရာဘဝများစွာတွင် ဆင်ဖြူ တော်ဘဝကို တွေ့ရှိရ၍ ဆင်ဖြူတော်နှင့် ဗုဒ္ဓကိုယှဉ်၍ ယုံကြည် သက်ဝင်ခဲ့ကြသည်။ ဓာတ်ဟော်ကြီးဆယ်ဘွဲ့တွင် ဝေသန္တရာ မင်းကြီးသည် ဆင်ဖြူတော်ကိုလှူမိသောကြောင့် တိုင်းပြည်က နှင်ထုတ်ခံခဲ့ရသည်။ ဆင်ဖြူရတနာသည် အမြင့်ဆုံးအမြတ်ဆုံး အဖြစ် ယူဆခဲ့ကြသည်။

"ဗျို့...ဘဉာဏ အိပ်ပြီလား။ ဗလကြီးရော ရှိသလား"

"မအိပ်သေးပါဘူး။ ဗလကြီးလဲ ရှိပါတယ်။ အခုပဲ ဆင်ဖြူတော်အကြောင်း ပြောမိသေးတယ်။ မင့်အဖေ ဦးသောင်း



ဘာလုပ်နေသလဲ။ ဟေ့...မောင်ထွေး မင့်တစ်ယောက်ထဲလား ဘယ်သူပါသေးလဲ"

"မောင်ထွေးနဲ့ သောင်းဝေလာဟေ့ ဖေ့အယ်ပြောပြတဲ့ ဆင်ဖြူတော်အကြောင်း နားထောင်ကြရအောင်"

"ဘဉာဏ ပြောပြလေဗျာ ဆင်ဖြူတော်အကြောင်း"

"အေး...အေးပါကွ"

ပုဂံခေတ် အေဒီ ၁၀၄၄–၁၂၇၈ တွင် ဗုဒ္ဓသာသနာနှင့်အတူ ဆင်ဖြူတော်ယုံကြည်မှုကို လက်ခံခဲ့ကြသည်။ ဗုဒ္ဓဝင်တွင် ဗုဒ္ဓ သည် ဆင်မင်းဘဝဖြစ်ခဲ့ဖူးသကဲ့သို့ ပုဂံပြည်မှ ရှင်မဟာ ကဿပ မထေရ်သည် လည်း ဆင်မင်းဘဝ ဖြစ်ခဲ့ရဖူးကြောင်း ရေးထိုးသော ကျောက်စာချပ်ရှိခဲ့ဖူးပါသည်။ ဆင်ဖြူတော်ကို ကိုးစားယုံကြည်မှု သည် ရှေးလက်မှန်မဆွမြန်မာတို့၏ အစွဲအလမ်းဖြစ်သည်။ ဆင်ဖြူတော်ကို ပိုင်သောမင်းသည် ဘုန်းသမ္ဘာကြောင့် လည်း ကောင်း၊ နတ်သိကြားတို့ ဆက်သလေဟန်ဖြင့်လည်းကောင်း မင်း၏တန်ခိုးကြီးမားပုံကို ချဲ့ထွင်ကြသည်။ စကြာဝတေးမင်းသည် ဆင်ဖြူတော်ကို ပိုင်ဆိုင်ခဲ့သည်။ မြန်မာမင်းများသည်ဆင်ဖြူတော် ပိုင်ဆိုင်ရခြင်းကို စကြာဝတေးမင်းနှင့် နှိုင်းယှဉ်ကာဂုဏ်ယူခဲ့ ကြသည်။

"ရှေးတုန်းက မြန်မာမင်းတွေဟာ ဘုန်းသဘာကြီးမားခဲ့ကြ တာ ဆင်ဖြူတော်ကြောင့်လား ဖေ့အယ်"

ပုဂံခေတ်မှစ၍ မြန်မာမင်းကောင်း မင်းမြတ်တို့သည် ဆင်ဖြူတော် ရတနာကို ပိုင်ဆိုင်ခဲ့ကြသည်။ ပုပြည်ရှင် အနော်ရထာမင်းစောသည် သန်မြန်စွာအမည်ရှိ ဆင်ဖြူတော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူတော်(၃၈)စီး ပိုင်ဆိုင်ခဲ့သည်။ သထုံမင်း မနုဟာမင်းသည် ဆင်ဖြူတော် (၃၁) စီးပိုင်ဆိုင်ခဲ့သည်။ အလောင်းစည်သူမင်းကြီးသည် ဆင်ဖြူတော် (၃၉) စီးပိုင်သည်။ တစ်စီးရှင်သီဟသူသည် (အေဒီ ၁၂၁၂ က စမှန်ဖြစ်၍ မျှောပါလာသော ဆင်ဖြူရှင်အသေကောင်ကို ဆင်းယူလျက် တစ်စီးရှင်ဘွဲ့ ခံယူခဲ့သည်။) ငါးစီးရှင်ကျော်စွာ (အေဒီ ၁၃၄၄–၁၃၅၀) သည် ဆင်ဖြူတော်ငါးစီးပိုင်သည်။ ဟံသာဝတီဆင်ဖြူများရှင် အေဒီ ၁၅၅၀–၁၅၈၁ သည် ဆင်ဖြူများကို ပိုင်ဆိုင်သည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားသည် ဆင်ဖြူများကို ပိုင်ဆိုင်သော်လည်း ဆင်ဖြူရှင်ဘွဲ့ကို မခံယူခဲ့ပေ။ မြေဒူးမင်း အေဒီ ၁၇၇၀ တွင် မကွေးမြို့က ဆက်သသောဆင်ဖြူတော်ကို ဆဒ္ဒန်ပြောင်ကျော်ဘွဲ့ တပ်၍ ဆင်ဖြူရှင်ဘွဲ့ခံသည်။ စဉ့်ကူးမင်း အေဒီ ၁၇၇၆–၁၇၈၁ တွင် ရွှေမင်းဘုန်းရဆင်ဖြူတော်ကို ဆဒ္ဒန်မင်္ဂလာဘွဲ့တပ်၍ ဆင်ဖြူရှင်ဘွဲ့ကို ခံယူသည်။ ကုန်းဘောင်ခေတ်တွင် ဆင်ဖြူအများဆုံးပိုင်ဆိုင်သောမင်းမှာ ဘိုးတော်မင်းတရားဖြစ်သည်။ စစ်ကိုင်းမင်း အေဒီ ၁၈၁၉–၁၈၂၉ သည်လည်း ဆင်ဖြူတော်များပိုင်ဆိုင်ခဲ့၍ ရတနာပြောင်မွန် ဆင်ဖြူတော်မှာ ကျော်ကြားသည်။ မင်းတုန်းမင်းလက်ထက်တွင် သောင်သွပ်စော်ဘွားက ဆက်သသော ဆင်ဖြူတော်ကို မောရိယပစ္စယ နာဂရာဇာဘွဲ့တပ်၍ ဆင်ဖြူဘွဲ့ခံယူသည်။ သီပေါမင်းလက်ထက်တွင် ရန်အောင်မြင်တောရဆင်ဖြူတော်နှင့် ဆင်ဖြူရှင်ဘွဲ့ခံသည်။ ကုန်းဘောင်ဆက်နောက်ဆုံးမင်းသီပေါဘုရင်၏ ဆင်ဖြူတော်မှာ ဇာတ်သိမ်းမကောင်းချေ။ ရန်ကုန် တိရစ္ဆာန်ရုံ၌ထားရှိရာ ၁၉၀၈ ခုနှစ်တွင်



မုန်ယို၍ထိန်းသိမ်းမရ ဖြစ်လာသောကြောင့် သေနတ်ဖြင့် ပစ်သတ်ခဲ့ရသည်။

“မောင်တွေး...သောင်းဝေ...သားဖလကြီး မှတ်ထားကြကွဲ... နယ်ချဲ့အင်္ဂလိပ်တွေဟာ တို့မြေကို ကျူးကျော်...တို့မြေကရှင်ဘုရင်နဲ့ မိဖုရားကို ကြက်ကလေး...ငှက်ကလေးလို ဖမ်းသွားခဲ့ကြတယ်...ပြီးတော့ တို့နိုင်ငံ...တို့လူမျိုး...တို့ဘာသာ ... တို့သာသနာ...တို့စကား...တို့စာပေတွေကို ဖျက်ဆီးပစ်ပြီး... ရာသက်ပန်ကျွန်ဘဝထဲ ရောက်အောင်လုပ်ခဲ့ကြတယ်”

“သိပ်ရက်စက်တာပဲနော်...ဘကြီးဉာဏ”

“ရက်စက်ယုံတင်ဘယ်ကမလဲ...တို့တစ်တွေ အမြတ်တနိုးထားခဲ့တဲ့ ဆင်ဖြူတော်ကို သတ်ပစ်တယ်...အဆိုကို စားလို့ အသားကိုမျိုခဲ့ကြတာ ကျွန်ဘဝဆိုတာ...တကယ်ကြောက်စရာကောင်းတာ...ကိုယ့်ကို မပိုင်တဲ့ ဘဝ...လူ့ခွန်တော်ပေးနေခဲ့ရတယ်ကွ”

မြန်မာလူမျိုးတို့ ကျွန်ဖြစ်၍ နွံနစ်နေချိန်တွင်လည်း ဆင်ဖြူတော် မျိုးဆက်ပျောက်မသွားခဲ့ပေ။ ဆင်ဖြူတော်သည် အဖိုးထိုက်တန်သော ရတနာတစ်ပါးဖြစ်ခဲ့၏။ နဂါးဗိုလ် ထိပ်တင်တွေးရေးသားသော ရန်ကုန်ရာဇဝင်စာအုပ်တွင် “ကသာမြို့ အစိုးရဆင်ဖမ်းဌာနမှ ဆင်ဖြူတော်မလေးမိရာ ထိုဌာနအုပ်ချုပ်သော မျက်နှာဖြူအရာရှိက ရွှေတိဂုံကုန်းတော်ပို့ရန် အိပ်မက်မြင်၍ ကုန်းတော်သို့ ယူဆောင်လာပြီး မြောက်ဘက်၌ တဲကြီးလုပ်၍ ထားသည်။ ကသာမှဆင်ထိန်းကို ချစ်၍အပြတ်မခံ၊ မမြင်လျှင်အော်သည်။ ဆင်မှာ ရိုးရိုးဆင်နှင့်မတူ။ အာနီသည်။ လျှာနီသည်။ အမွေးမှာ နီကြန့်ကြန့်ဖြစ်သည်။ အမြီးလည်းအခြားဆင်နှင့်မတူ။

www.burmeseclassic.com



အရပ်မှာ ငါးပေခွဲလောက်ရှိသည်။ ရှေးမှီသောပုဂ္ဂိုလ်များက ကုန်းတော်၌ ကင်းမလက်မည်းကြီးရှိသည်။ ဆင်များကြာကြာ မနေနိုင်ဟု ပြောကြသည်။ ထိုဆင်ဖြူမလေးလည်း မကြာမီအနီးသို့ ရောက်လေသည်” ဟု ဖော်ပြထားသည်။

“ကျွန်ဘဝမှာ ဆင်ဖြူတော်လိုရတနာကို မပြောနဲ့... ဒီဆင်သမားသစ်သမားတွေဘဝလဲ... မွဲတေငတ်ပြတ် လူလုံးမလှခဲ့ပါဘူး...ဆင်သမားတွေကို ဘိန်းကျွေးဘိန်းစွဲစေပြီး... သစ်တောရတနာတွေကို...နယ်ချဲ့ခေတ်က ထုတ်လုပ်ပေးခဲ့ရတယ်... ဒါကြောင့် နယ်ချဲ့လက်အောက်ကျွန်ဘဝက သခင်ဘဝရောက်အောင်...တွန်းလှန်ခဲ့ကြတယ်”

“ဒါမှ ... ဒို့မြန်မာကွ”

လွတ်လပ်ရေးရရှိပြီး ၁၉၅၈ ခုနှစ်၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင် တာမိုင်းတောင်တန်းဒေသ ဟိုပင်မြို့အနီး မိုင်းနောင်သစ်တောအတွင်း ဆင်ဖြူမလေးတစ်ကောင်ကို ရရှိခဲ့သည်။ နိုင်ငံပိုင်သစ်ထုတ်လုပ်ရေး ဆင်မကြီးမှ ၁၃၁၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့ နံနက်တွင် ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ ဆင်ဖြူတော်မလေး အရပ်အမောင်းမှာ အမြင့် ၃ ပေ၊ ကိုယ်လုံး ၄ ပေ၊ အမြီးမှာ တခါးပိတ်ဖြစ်ပြီး အရှည်မှာ ၁ ပေ ၉ လက်မဖြစ်သည်။ ကျောင့်ကျပ်ပျောကိုင်းလည်ပင်း ၃ ပေ ၁ လက်မနှင့် ကိုယ်ဖရေ အဖြူ၊ မျက်စိအပြာဖြူ၊ သူငယ်အိမ်သလဲရောင်ဖြစ်သည်။ ထိုအချိန်က ဆင်ဖြူတော်သတင်းကို မြန်မာတစ်နိုင်ငံလုံး စိတ်ဝင် စားနေကြ၏။ ဆင်ဖြူတော်မလေးကို ရန်ကုန်သို့ ပို့စေချင်ကြ၏။ ဗေဒင်အာယုခန်းတွင် တိုင် ၁၀ ပါရှိရာ “ဆင်ဖြူတိုင်”



ဟူ၍ပါ၏။ ဇာတာထန်းဖူး၏ အထက်ပိုင်းတွင် ဝဲမှယာသို့ ပုညၾကာသာရိယာ၊ ပဋိသန္ဓေ၊ ပဝတ္တိ၊ ထီး၊ သီရိ၊ ဆင်ဖြူတိုင်ဟု အဆိုအတိုင်းရှိ၏။ ဆင်ဖြူတော်နက္ခတ်နှင့် အာယုဆန်း တွေ့သောအခါ (သို့မဟုတ်) ကောဇာကြာသပတေး တွေ့သောအခါ ဆင်ဖြူ ရကိန်းရှိသည်ဟု ဟောဆိုကြ၏။ ဆင်ဖြူတော်ရတနာသည် မြန်မာလူမျိုးတို့ အသည်းစွဲပစ္စည်းတစ်မျိုးဖြစ်သည်။ ရန်ကုန် သို့ပို့ရန် စီစဉ်နေသော ထိုဆင်ဖြူမလေးသတင်းမှာ ထိုအချိန် ကာလက အုန်းအုန်းခြိမ့်ခြိမ့် ဖြစ်နေခဲ့ကြသည် ဟုဆို၏။ နက္ခတ် ဗေဒင်ဆရာ ဦးသန်းမောင်ကလည်း ၃၁၊ ၈၊ ၁၉၅၉ နေ့ထုတ် မြန်မာ့အလင်းသတင်းစာကြီးတွင် ဆင်ဖြူမလေး၏ ဇာတာကိုဖွဲ့၍ ထည့်သွင်းခဲ့ဖူးပါသည်။

“ဗလကြီး...သောင်းဝေက အိပ်ချင်ပြီတဲ့...ပြန်တော့မယ်”

“ဖေ့အယ်ပြောတဲ့...ဆင်ဖြူတော်အကြောင်းမပြီးသေးဘူး... ပြန်တော့မလို့လား”

“မနက်ဖြန်တောတက်ပြီး...သစ်ချုံ့ရှိသေးတယ်... တွေးမောင်”

“ကဲ...တားမရလဲ...ပြန်ကြတော့ကွာ”

ဗလကြီးနှင့် ဖခင်ဦးညာဏကြီးတို့မှာ ဆင်ဖြူအကြောင်းဆက်ပြော၍ ကျန်ရစ်ခဲ့ကြသည်။

၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ မြစ်ကြီးနားအရှေ့ပိုင်း ကချင်အမတ် ဦးဇန်ထားဆင်က ထိုဆင်ဖြူတော်မလေး၏ အကြောင်းနှင့်ပတ်သက်၍ အစိုးရထံ မေးမြန်းခဲ့ဖူးသည်။ မေးမြန်းဖြေကြားပုံမှာ...

www.burmeseclassic.com

www.burmeseclassic.com



ကချင်အမတ် ။ ။ ဆင်ဖြူတော်သည် ကချင်ပြည် အင်းတော်ကြီးနယ် ဟိုပင်အနီး မိုင်းနောင်ရွာမှ ဖွားခဲ့သည်ကို အသိရှိပါသလား။

အစိုးရ ။ ။ သိပါသည်။

ကချင်အမတ် ။ ။ ဆင်ဖြူတော်ကို လူအများအား ပြသပြီးလျှင် ဇာတိကချင်ပြည်နယ်သို့ ပြန်ပို့ပါမည်လား။

အစိုးရ ။ ။ အချိန်တန်လျှင်အခြေအနေအရ စဉ်းစားပေးပါမည်။

ကချင်အမတ် ။ ။ ဆင်ဖြူတော်သည် ကချင်ပြည်နယ်ပိုင် ရတနာဖြစ်ကြောင်း အသိအမှတ်ပြုပါသလား။

အစိုးရ ။ ။ ပြည်ထောင်စုတစ်ခုလုံး၏ ရတနာဖြစ်ပါသည်။

ဟူ၍ တွေ့ရှိရသည်။ မြန်မာရာဇဝင်သမိုင်းတစ်လျှောက်လုံးတွင် ဆင်ဖြူတော်များပေါ်ပေါက်ခဲ့သည်မှာ အမှန်ဖြစ်ပါ၏။ ကမ္ဘာပေါ်တွင် ဆင်ဖြူတော်အများဆုံး ပေါ်ထွက်ခဲ့သည်မှာ မြန်မာနိုင်ငံသားဖြစ်၏။ ကချင်ပြည်နယ် ဟိုပင်အနီး မိုင်းနောင်ဇာတိ ဆင်ဖြူတော်မလေးမှ ရန်ကုန် မြို့ တိရစ္ဆာန်ဥယျာဉ်တွင် ထားရှိခဲ့ပြီး ၁၉၆၃ ခုနှစ်တွင် သေဆုံးသွားခဲ့သည်။ ဦးဘဏကြီးလည်း ပြောရင်းနှင့် အိပ်ပျော်သွား၏။ ဗလကြီးမှာ ဘယ်အချိန်ကအိပ်ပျော်သည် မသိ၊ ဟောက်သံပင် တစ်ခါတစ်ရံထွက်ပေါ်လာတတ်သည်။

နေ့သစ် ရက်သစ် မနက်ခင်းနေရောင်ပြည်သစ်သည် ပုံတောင်ပုံညာတော၏တံတိုင်း မည်းမည်းမှောင်မှောင်ပေါ်သို့



အလင်းရောင်ဖြာကြနေသည်။ ဗလကြီးတို့ ဆင်ဝိုင်းစခန်းကလေးသည် အိပ်မောကျနေဆဲဖြစ်သည်။ တောစပ်ဆီမှ ကြက်ဖတစ်ကောင်၏တွန်သံသည် နံနက်မိုးသောက် အလင်းရောက်ချိန်ကို ပြသနေပါသည်။

"ဖေ့အယ်...အမလေး ဆင်ဖြူတော်ပျောက်သွားပြီ"

"ဟဲ့...ဟဲ့...သားဗလကြီး...ဘာဖြစ်တာလဲ"

ဗလကြီးအိပ်ရာမှ လူးလဲထလိုက်သည်။ တဲဆင်ဝိုင်းအတွင်းမှာ အလင်းရောင်မရရှိသေးပေ။ မှုန်မှုန်ဝါးဝါး မိုးသားဘိမ်လိပ်တွေက အုပ်ဆိုင်းနေသဖြင့် မဟူရာရောင်လွှမ်းနေ၏။ ဗလကြီးမျက်လုံး တွေကို ပွတ်သပ်လိုက်မိသည်။ မိမိကိုယ်မိမိကြည့်၍ ပြုံးလိုက် သည်။

"သားဗလကြီး...အိပ်နေရင်း...ဘာတွေထယောင်အော်နေတာလဲ"

"ဖေ့အယ်ရေ...ညက ဆင်ဖြူတော်အကြောင်းတွေးရင်း...နား ထောင်ရင်း...အိပ်ပျော်သွားတာ...ဟဲ...ဟဲ...ဆင်ဖြူတော် အိပ်မက် ကယောက်ကယက်တွေ...မက်နေလိုက်တာဗျာ"

"ကဲ...ဒီနေ့သစ်တစ်ပင်တောမှာ...ကျွန်းငုတ်ထုတ်ဖို့ ရှိတယ်မဟုတ်လား...ထထ...ဘုရားရှိခိုး... ထမင်းစားပြီး တောတက်ပေတော့"

"ဟုတ်ကဲ့...ဖေ့အယ်"

ဗလကြီးသည် ဆင်ပြောင်ကြီးကိုစီး၍ သစ်တစ်ပင်တောကို ထွက်ခဲ့သည်။ ဆင်နှင့် သစ်ဆွဲရမည်။ သစ်ချရမည်။ သစ်သယ်ရမည်။ မြန်မာ့ကျွန်းသစ်သည် ကမ္ဘာ့ဈေးကွက်ဝင်ဖြစ်သည်။ မြန်မာ့ဝင်ငွေတိုးတက်မှ မြန်မာ့ဘဝလှပေမည်။ ဗလကြီး၏

www.burmeseclassic.com

www.burmeseclassic.com



"ဆင်ဆိုသည်မှာ မင်္ဂလာ" ဟူသော အယူအဆသည် မှန်ကန်လှသည်။ ဆင်ရတနာတွေနှင့် မြန်မာ့လူ့ဘုံခမ်းဝါ အလှဝေဖြာအောင် ယနေ့ မနက်ဖြန်တာဝန်များကို ထမ်းဆောင်နေကြရပေဦးမည်။ သို့မှသာ အမိမြန်မာပြည်ကြီး လှပဝေဆာ ပြည်ချမ်းသာဖြစ်ပေလိမ့်မည်။

📖 📖 📖 📖 📖

BURMESE CLASSIC

စ၊ လ/၁၁၆/၂၀၀၁/ စာပေ (စာတည်း) / ၂၀၀၀ +၁၅ အုပ်/ စာပေ

www.burmeseclassic.com